မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၅၈)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်

၂၀၁၃ ခုနှစ်၊ ဇွန် ၂၀ ရက်၊ ကြာသပတေးနေ့။

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

မြန်မာနိုင်ငံ၌ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေး ဆွေးနွေး

နေပြည်တော် ဇွန် ၁၉

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းပါလီမန်ဥက္ကဋ္ဌနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Somsak Kiat-suranont ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံခေါင်းဆောင်များ အချင်းချင်းအပြင် တပ်မတော်နှစ်ရပ်အကြား အပြန်အလှန် လည်ပတ်မှုများဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်နိုင်မှု၊ နှစ်နိုင်ငံအကျိုးစီးပွားကို လက်တွေ့ကျကျ ဖော်ဆောင်ပေးနိုင်မည့် ထားဝယ်အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်နေမှု၊ မြန်မာနိုင်ငံ၌ လက်နက်ကိုင်ပဋိပက္ခများအား ချုပ်ငြိမ်းအောင် ကြိုးပမ်းဆောင်ရွက်နေမှု၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းလာသဖြင့် ကုန်သွယ်မှု၊ ကူးလူးဆက်ဆံမှုများ ပိုမိုကောင်းမွန်လာမှု၊ ထို့ကြောင့် ရေရှည်ငြိမ်းချမ်းမှုများရရှိရန် နိုင်ငံရေးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်သွားရန် စီစဉ်ထားမှု၊ နှစ်နိုင်ငံနယ်နိမိတ် ပိုင်းခြားသတ်မှတ်ရေး၊ မြန်မာနိုင်ငံ၌ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရာတွင် ကူညီပံ့ပိုးပေးရေး စသည်တို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်ကြည်၊ ဦးစိုးမောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ထိုင်းပါလီမန်ဥက္ကဋ္ဌနှင့်အတူ ထိုင်းပါလီမန်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး ယာယီတာဝန်ခံတို့ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းပါလီမန်ဥက္ကဋ္ဌနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Somsak Kiatsuranont အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

အီးယူ-မြန်မာ အစွန့်ရှည်ကြာမည့် မိတ်ဖက်ဆက်ဆံမှုတည်ဆောက်ရေး အလေးထား

သတင်း စာမျက်နှာ ➤ ၈

မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် အေဒီဘီကူညီမည်

သတင်းမှတ်စု ➤ မောင်သစ္စာ

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ရင်းနှီးပွင့်လင်းစွာ ဆက်ဆံလာမှု၊ ထင်သာမြင်သာရှိသော ပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများနှင့် အကူအညီပေးမှုများ တိုးတက်မြင့်မားလာလျက်ရှိရာမြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းတိုးတက်ဖွံ့ဖြိုးလာစေရန် အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)မှ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကူညီ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း အေဒီဘီမှ ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။

ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ မြန်မာ့အနုပညာလက်ရာများကို လှော်လာကြည့်ရှုစဉ်။

အဆိုပါငွေကြေးများကို ခရီးသွားလုပ်ငန်းအပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် အခြားစီမံကိန်း အချို့တွင်လည်း အသုံးပြုသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် အခြားကိစ္စများနှင့် လာရောက်သူ နိုင်ငံခြားသားဦးရေမှာ တဖြည်းဖြည်း တိုးတက်များလာလျက်ရှိသည်။

လက်ရှိ အနေအထားအတိုင်း ပြည်ပဧည့်သည်များ တဖြည်းဖြည်းလာရောက်ပါက လာမည့် ၂၀၂၀ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြင်ပခရီးသွား ဧည့်သည် ၇ ဒသမ ၅ သန်းခန့်အထိရောက်ရှိလာနိုင်ကြောင်း အေဒီဘီမှ ထိပ်တန်းအရာရှိများက ပြောကြားသည်။

မြန်မာနိုင်ငံ တစ်နှစ်ထက်တစ်နှစ် ခရီးသွားဧည့်သည် လာရောက်မှုများပြားလာခြင်းကြောင့် ၂၀၂၀ခုနှစ်တွင် ခရီးသွားလုပ်ငန်းမှ ငွေကြေး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁ ဘီလီယံအထိ ရရှိနိုင်ကြောင်း၊ ထို့အပြင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ကာ အလုပ်အကိုင်အခွင့်အလမ်း ၁ ဒသမ ၄ သန်းခန့်ရရှိနိုင်ကြောင်း အေဒီဘီမှ တာဝန်ရှိသူများက သုံးသပ်ထားသည်။

မြန်မာနိုင်ငံသို့ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်က ခရီးသွားဧည့်သည် တစ်သန်း

စာမျက်နှာ ၉ ကော်လံ ၄ ◆

သ တင်း မာ တိ ကာ

ဂျပန်အနောက်ပိုင်း၌ အပူလှိုင်းဖြတ်မှုကြောင့် လူပေါင်း ၁၀၀၀ ကျော် ဆေးရုံပို့လိုက်ရ

စာမျက်နှာ - ၄

ကိုရီးယားနိုင်ငံသည် နိုင်ငံခြားအကူအညီ စီမံခန့်ခွဲမှုနှင့် အသုံးပြုမှုတို့တွင် ထိရောက်အောင်မြင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်

စာမျက်နှာ - ၅

မူဆယ်ခရိုင်တရားရုံး အချုပ်ခန်းမှ ထွက်ပြေးသူအား ပြန်လည်ဖမ်းဆီးရမိ

စာမျက်နှာ - ၇

လူငယ်နှင့် အင်တာနက်

စာမျက်နှာ - ၁၆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အသက်ရှည် ဉာဏ်ရည်ပြည့်ဝရေး

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရာတွင် အရေးကြီးသည်မှာ လူသားစွမ်းရည်ဖြစ်သည်။ လူသားစွမ်းရည်ပြည့်ဝသည့် လူမျိုးဖြစ်ရန် လူငယ်လူရွယ်များအား လေ့ကျင့်ပျိုးထောင်တည်ဆောက်ပေးကြရမည်ဖြစ်သည်။ ယနေ့လူငယ်လေးများသည် အနာဂတ်၏ မျိုးဆက်သစ်လေးများဖြစ်ရာ ကလေးလူငယ်လေးများ ကျန်းမာသန်စွမ်းရန်၊ ကိုယ်ခန္ဓာဖွံ့ဖြိုးရန်နှင့် ဉာဏ်ပညာထက်မြက်စေရန် ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်သည်။

ကျောင်းနေရွယ်ကလေးများသည် အနာဂတ်၏ မျိုးဆက်သစ်လေးများဖြစ်၍ ကျန်းမာကြံ့ခိုင်ရန်၊ ဉာဏ်ရည်ဖွံ့ဖြိုးရန်အတွက် ယခုပညာသင်နှစ်မှစပြီး သုံးနှစ်ဆက်တိုက် နို့တိုက်ကျွေးသွားမည်ဖြစ်သည်။ နွားနို့သည် ကလေးတိုင်းအတွက် အရေးကြီးသောအာဟာရဓာတ်ဖြစ်သည်။ နွားနို့သည် အရိုးအဆစ်များ သန်မာစေသည့် ကယ်လ်စီယမ်ဓာတ်နှင့် ကျန်းမာရေးနှင့်ဉာဏ်ရည်ဖွံ့ဖြိုးမှုအတွက် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်များ၊ အသားဓာတ်များ၊ သတ္တုဓာတ်များ ပါဝင်သည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ လေ့လာဆန်းစစ်ချက်အရ အရှေ့တောင်အာရှဒေသတွင် နွားနို့သောက်သုံးမှုနည်းသည့်အတွက် ငါးနှစ်အောက်ကလေးငယ် ၄၆ ရာခိုင်နှုန်း၏ ခန္ဓာကိုယ်အလေးချိန်သည် သတ်မှတ်ချက်အောက်ထက် နိမ့်ကျနေပြီး ကျန်းမာရေးချို့ယွင်းမှုနှင့် ဉာဏ်ရည်နိမ့်ကျမှုများရှိနေကြောင်း ဆိုထားသည်။

၂၀၁၂-၂၀၁၃ ခုနှစ်စာရင်းအရ မြန်မာနိုင်ငံတွင် လူတစ်ဦးတစ်နှစ်သောက်သုံးသည့် နို့နှင့် နို့ထွက်ပစ္စည်းပမာဏသည် ၂၈ ဒသမ ၂ ကီလိုဂရမ်သာရှိသည့်အတွက် နောက်ထပ်သုံးဆကျော်ပိုမို သောက်သုံးရမည်ဖြစ်သည်။ ထို့ကြောင့် မူလတန်းကျောင်းသား ကျောင်းသူလေးများကို ယခုထက် နွားနို့ပိုမိုသောက်သုံးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာမှ ပြုစုထားသော သုတေသနမှတ်တမ်းများအရ ကျောင်းနို့တိုက်ကျွေးရေးအစီအစဉ်ဖြင့် နို့သောက်ခဲ့ရသော ကလေးများသည် ပျမ်းမျှအရပ် လေးလက်မကျော်ပိုရှည်လာသည့်အပြင် ပညာဉာဏ်ရည်လည်း ပိုမိုမြင့်တက်လာကြောင်း ဖော်ပြထားသည်။

ယခုအခါ အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေးအစီအစဉ်များ ပြုလုပ်လျက်ရှိရာ ကျောင်းသား ကျောင်းသူလေးများ နို့သောက်ရခြင်း၏ အကျိုးကျေးဇူးများကို ပိုမိုသိရှိရန် ရှင်းလင်းပြောပြရမည်ဖြစ်ပြီး နွားနို့ပိုမိုသောက်သုံးရန်အတွက် စည်းရုံးဆောင်ရွက်သွားကြရမည် ဖြစ်သည်။ အခြေခံပညာကျောင်းများ နို့တိုက်ကျွေးရေးစီမံကိန်းအတွက် ကျောင်းသား ကျောင်းသူလေးများ၏ ကျန်းမာရေးနှင့် ပညာရေးကို အထောက်အကူပြုရန် ပြည်ပကုမ္ပဏီများကလည်း လှူဒါန်းမှုများပြုခဲ့ကြသည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် နို့စားနွားမွေးမြူခြင်းလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လျက်ရှိပြီး မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ ဝင်ငွေတိုးတက်စေရေးနှင့် ဒေသခံပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရပြည့်ဝသော နို့နှင့်နို့ထွက်ပစ္စည်း သောက်သုံးနိုင်ရေးအတွက် အသေးစားနို့ချက်စက်ရုံများ တိုးချဲ့တည်ဆောက်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုးရန် နေ့စဉ် နွားနို့တိုက်ကျွေးခြင်းသည် လက်ရှိအခြေအနေအတွက်သာမက နောင်အနာဂတ်အတွက်ပါ ရည်ရွယ်၍ဆောင်ရွက်ခြင်းဖြစ်သဖြင့် အသက်အရှည်ဆုံးနှင့် ဉာဏ်ရည်မြင့်မားသော လူမျိုးဖြစ်ရန် ကျောင်းသားအရွယ်ကလေးငယ်များကို ယခုအချိန်မှ အစပြုပြီး အထူးဂရုပြု ပြုစုပျိုးထောင်ပေးသွားကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁၉

နိုင်ငံတော်အနေဖြင့် အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ရရှိစေရန်အတွက် ပညာရေးကဏ္ဍတွင် နိုင်ငံတကာအဆင့်မီ မြင့်မားတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် " မိဘဆရာပူးပေါင်း ကလေးပညာကောင်း" ဆိုသည့် စကားအတိုင်း မိဘဆရာများနှင့် ဝန်ကြီးဌာန၏ ကူညီပံ့ပိုးမှု၊ ကိုယ်တိုင်ကြိုးစားမှု၊ ယုံကြည်မှုတို့ဖြင့် ကြိုးစားဆောင်ရွက်ခဲ့သည့် အတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုသည့် အခမ်းအနားဖြစ်ပါကြောင်း၊ ထို့အပြင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအသီးသီး၌ ပညာဆည်းပူးသင်ယူကြမည့် ကျောင်းသား ကျောင်းသူများအား မိမိတို့ဝန်ကြီးဌာနမှ ပညာသင်ထောက်ပံ့ကြေးပေးအပ်သည့် အခမ်းအနားဖြစ်ပါကြောင်း ဖြင့် ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသော ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာသင် ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာ၌ ပညာရေးကဏ္ဍ အဓိကကျသည်နှင့်အညီ နိုင်ငံတော်အစိုးရမှ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေကြောင်း၊ နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေးနှင့် တက္ကသိုလ်ပညာများကို ဆက်လက်သင်ယူနိုင်သည့် အရည်အသွေး ရရှိရန်တို့အတွက် မိဘများက မိမိကလေးများ၏ ပညာရေးကို ဂရုတစိုက်ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနရှိ ဝန်ထမ်းမိသားစုများမှ ကျောင်းသား ကျောင်းသူ ၁၁၆ ဦး အောင်မြင်ခဲ့ကြပြီး ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ရှစ် ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၄ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၈ ဦး စုစုပေါင်း ၅၇ ဦး ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရည်ချွန်ဆု ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၅၇ ဦး၊ ဂုဏ်ထူးရဘာသာ ၁၄၇ ခုအတွက် ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ်တစ်သိန်းဖြင့် စုစုပေါင်းငွေကျပ် ၁၄၇ သိန်းကို ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ထောက်ပံ့ပေးအပ်

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၈၃ ဦးကို ပညာသင်ထောက်ပံ့ကြေးတစ်ဦးလျှင် ငွေကျပ် ၅၅၀၀ ဖြင့် စုစုပေါင်းငွေကျပ် ၁၆၉၅၆၅၀၀ နှင့် ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ ထီးနှင့် ကျောင်းဝတ်စုံတန်ဖိုးငွေကျပ် ၁၁၈၈၇၆၀၀ စုစုပေါင်းငွေကျပ် ၂၈၈၄၄၁၀၀ ကို ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဓာတုပစ္စည်းဘေးအန္တရာယ်ကင်းရှင်းရေးစည်းဝေး

ရန်ကုန် ဇွန် ၁၉

စက်မှုဝန်ကြီးဌာနနှင့် ဓာတုစက်မှုကုန်ထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းဆောင်ရွက်သော အာဆီယံ၊ ဂျပန်၊ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် စက်မှုလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၊ ဓာတုစက်မှုလုပ်ငန်းရှင်များအဖွဲ့ (AMEICC) (WG-CI) ၏ ၁၈ ကြိမ်မြောက် ဓာတုပစ္စည်း ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု အစည်းအဝေးကို ဇွန် ၁၇ ရက်နှင့် ၁၈ ရက်က ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံနှင့် အာဆီယံနိုင်ငံတို့မှ ကိုယ်စားလှယ်များက နိုင်ငံအလိုက် လက်ရှိဓာတုကုန်ထုတ်လုပ်မှု အခြေအနေများ၊ ဓာတုပစ္စည်းဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေများ၊ ဂျပန်နိုင်ငံ၏ ရေနံဓာတုထုတ်ကုန်များ၏ လက်ရှိအခြေအနေနှင့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး နည်းလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

(၁၉)ကြိမ်မြောက် (AMEICC) (WG-CI) အစည်းအဝေးကို ဗီယက်နမ်၌ပြုလုပ်မည်ဖြစ်ကြောင်း သိရပြီး အာဆီယံနိုင်ငံများတွင် လှည့်လည်ကျင်းပခဲ့ရာ ယခုနှစ်တွင် မြန်မာနိုင်ငံတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ခင်ဇော်မိုး

ထင်သာမြင်သာ ပြုပြင်စရာ

ကျောက်တန်းမြို့မဈေးရှေ့ ယာဉ်သွားလမ်းမှာ ပြုပြင်စရာ

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့မဈေးကြီးသည် ကျေးရွာအသီးသီးမှ ကုန်ပစ္စည်းရောင်းဝယ်သူများ၊ ခရီးသွားများဖြင့် နေ့စဉ် စည်ကားလျက်ရှိသည်။

ကျေးလက်ဒေသထွက် သားငါးဟင်းလျာအသီးအနှံများကို ကျောက်တန်းမြို့မဈေးသို့ လာရောက်ရောင်းချပြီး အပြန်တွင် လူသုံးအိမ်သုံးပစ္စည်းများ ပြန်လည်ဝယ်ယူခြင်းဖြင့် ကူးသန်းသွားလာလှုပ်ရှားနေကြသည်။

လူစည်ကားရာ မြို့မဈေးရှေ့ ကမ်းနားလမ်းမကြီးသည် ကျောက်တန်း-ရန်ကုန် ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်များ ဖြတ်သန်းသွားရာ ဂိတ်ဝင်လမ်းမဖြစ်သည်။ အဆိုပါလမ်းမရှိမြို့မဈေးဆိုင်ခန်းများ ရှေ့လူသွားလမ်း(ပလက်ဖောင်း)ပေါ်တွင် ကုန်ပစ္စည်းများ ချခင်းထားသကဲ့သို့ ဈေးရှေ့တစ်ဖက်အိမ်ဆိုင်များကလည်း မိမိတို့အိမ်ဆိုင်ရှေ့တွင် ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ မရောင်းနိုင်ရန် မိမိတို့၏ရောင်းကုန်ပစ္စည်းကြီးများကို လူသွားလမ်း (ပလက်ဖောင်း)တွင်သာမက လမ်းမကြီးဘေးတွင် ထုတ်ပြစုပုံချထားကြသည်။ လမ်းဘေးလူသွားလမ်းပေါ်တွင် ရောင်းကုန်များချထားခြင်းကြောင့် ဈေးဝယ်သူများ၊ ခရီးသွားများက ယာဉ်သွားလမ်းအလယ်တွင် လမ်းလျှောက်သွားလာနေကြရသည်။

(အောက်ပုံ)

ယာဉ်သွားလမ်းပေါ်တွင် ခရီးသည်တင်ယာဉ်များ အငှားယာဉ်များ၊ လက်တွန်းလှည်းဖြင့် ပစ္စည်းသယ်ယူသူများ၊ ယာဉ်ကြောပြောင်းပြန်လာသည့် ဆိုင်ကယ်များကြောင့် လမ်းပိတ်ဆို့သည့်အခက်အခဲကို နေ့စဉ် ကြုံတွေ့နေကြရသည်။

အထူးသဖြင့် ရန်ကုန်မြို့မှလာသည့် ကုန်တင်ယာဉ်များ ကုန်ပစ္စည်းချရန် လမ်းမပေါ်တွင် ရပ်နားခြင်း၊ ဆီပီပါများလမ်းပေါ်ချပြီး ဆီထုတ်ခြင်းများကလည်း လမ်းပိတ်ဆို့မှုဖြစ်စေသည်။

အဆိုပါလမ်းပိတ်ဆို့မှုများကို ကမ္ဘာလှည့်ခရီးသွားများက မှတ်တမ်းဓာတ်ပုံရိုက်ယူသွားကြသည်ကိုလည်း မကြာခဏတွေ့မြင်နေရပါ၍ ကျောက်တန်းမြို့ဂုဏ်သိက္ခာ မညှိုးမှိန်စေရန် သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံး ထိန်းသိမ်းကြပ်မတ်ပေးသင့်ပြီဖြစ်သည်ဟု မြို့နေပြည်သူများက ဆန္ဒရှိနေကြပါကြောင်း ထင်သာမြင်သာပြုပြင်စရာကဏ္ဍမှ ရေးသားတင်ပြအပ်ပါသည်။ **(၀၁၉)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်းမပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူး သတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

ပြည်တွင်းသတင်း

မြန်မာနိုင်ငံလွှတ်တော်သည် အာဆီယံပါလီမန်တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်

မြန်မာ-ထိုင်းနှစ်နိုင်ငံလက်တွဲ၍ ဒေသတစ်ခုလုံးအောင်မြင်အောင် ပူးပေါင်းဖော်ဆောင်နိုင်မည်ယုံကြည်

နေပြည်တော် ဇွန် ၁၉

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ထိုင်းပါလီမန်ဥက္ကဋ္ဌနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr.Somsak Kiatsuranont ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော် နာယက က ထိုင်းပါလီမန်ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့အား အမျိုးသားလွှတ်တော်က ကြိုဆိုပါကြောင်း၊ အဆွေတော်၏ခရီးစဉ်သည် လွှတ်တော်အချင်းချင်း ချစ်ကြည်ရေးအတွက် အောင်မြင်သည့် ခရီးစဉ်ဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာ-ထိုင်းနှစ်နိုင်ငံသည် နယ်နိမိတ်ချင်း မိုင်ပေါင်း ၁၃၀၀ ကျော် ထိစပ်နေပြီး မဲခေါင်မြစ်ရေကို အတူတကွ သောက်သုံးကြသည့် နိုင်ငံများဖြစ်ပါကြောင်း၊ ထို့ပြင် အာဆီယံနှင့် ဂျီအမ်အက်စ် အဖွဲ့ဝင်နိုင်ငံများလည်း ဖြစ်ပါကြောင်း၊ အိမ်နီးချင်းနှစ်နိုင်ငံ ချစ်ခင်ရင်းနှီးမှုသည် အရေးကြီးပါကြောင်း၊ မများမကြာမီကာလအတွင်း မိမိတို့ လွှတ်တော်အစည်းအဝေးများလည်း ပြန်လည်ကျင်းပတော့မည် ဖြစ်ပါကြောင်းဖြင့် ဦးစွာ နှုတ်ခွန်းဆက်ပြောကြားသည်။

ထို့နောက် ထိုင်းပါလီမန်ဥက္ကဋ္ဌက မိမိတို့အဖွဲ့အား လှိုက်လှိုက်လှဲလှဲ ကြိုဆိုသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ထိုင်း-မြန်မာနှစ်နိုင်ငံသည် ရှေးယခင်ကပင် ချစ်ခင်ရင်းနှီးပြီးသား ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှုနှင့် လွှတ်တော်များ၏ ကြိုးပမ်းမှုကို ထိုင်းနိုင်ငံအနေဖြင့် ဂုဏ်ယူဝမ်းမြောက်သကဲ့သို့ ကမ္ဘာ့နိုင်ငံများကလည်း ထောက်ခံသည်ကိုလည်း တွေ့ရပါကြောင်း၊ အိမ်နီးချင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြောင်းလဲမှုကို ဝမ်းမြောက်ကြိုဆိုပါကြောင်း၊ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းနိုင်ခြင်း အတွက်လည်း ဝမ်းမြောက်ပါကြောင်း၊ ထိုင်း-မြန်မာနှစ်နိုင်ငံသည် အာဆီယံတွင် အဓိကကျသည့် နိုင်ငံများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံတွင်း နိုင်ငံများထက် အနာဂတ်တွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ကို မိမိတို့ ယုံကြည်ပါကြောင်း၊ မြန်မာ-ထိုင်းနှစ်နိုင်ငံသည် အားသာချက်၊ အားနည်းချက်များ ရှိသော်လည်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ပါက တစ်ပြိုင်တည်း တိုးတက်လာနိုင်ပါကြောင်း၊ ကမ္ဘာ့စီးပွားရေးသည် ယခုအခါ အာရှသို့ ရောက်ရှိလာသည့်အတွက် အနာဂတ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးသည် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ မိမိနှင့်လည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါလာပါကြောင်း၊ နှစ်နိုင်ငံကဏ္ဍပေါင်းစုံတွင် လက်တွဲပူးပေါင်းသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ချစ်ကြည်ရင်းနှီးရန်လိုအပ်

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ထိုင်းနိုင်ငံ၏ နိုင်ငံရေးလောကတွင် အဆွေတော်၏အောင်မြင်စွာ တာဝန်ထမ်းဆောင်နိုင်မှုကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဒီမိုကရေစီစနစ် ပြောင်းလဲကျင့်သုံးရာတွင် လွှတ်တော်၏တာဝန်သည် ဥပဒေပြုရေးတာဝန်ပင်ဖြစ်ပါကြောင်း၊ လွှတ်တော်အနေဖြင့် စနစ်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းချိန်တွင် အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို အပြန်အလှန်ထိန်းကျောင်းရပြီး ပြည်သူတို့ကိုလည်း ဒီမိုကရေစီ ယဉ်ကျေးမှုထွန်းကားအောင် ကြိုးစားရပါကြောင်း၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံရေးတည်ငြိမ်မှုအပေါ် များစွာမူတည်နေပါကြောင်း၊ ဒီမိုကရေစီစနစ်ကောင်းမွန်ရန်အတွက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံလွှတ်တော်သည် အာဆီယံပါလီမန်တွင်လည်း အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပါကြောင်း၊ အာဆီယံ ပါလီမန်အချင်းချင်း အတွေ့အကြုံများကို မျှဝေရန် လိုအပ်ပါကြောင်း၊ အာဆီယံနိုင်ငံတစ်နိုင်ငံ၏ လွှတ်တော်တစ်ခုတွင် ပြဿနာတစ်ခု ပေါ်ပေါက်ပါက ကျန်နိုင်ငံများက ဝိုင်းဝန်းဖြေရှင်းမည်ဆိုလျှင် အဖြေကောင်းများ ထွက်ပေါ်လာနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံလက်တွဲ၍ဒေသတစ်ခုလုံး အောင်မြင်အောင် ပူးပေါင်းဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံသည်၁၉၄၈ခုနှစ်ကပင် သံတမန်ဆက်ဆံခဲ့သည်မှာ (၆၅)နှစ် ရှိပြီဖြစ်သကဲ့သို့ အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အတွက် ချစ်ကြည်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံသွားရန်လိုအပ်ပါကြောင်း၊ ၂၀၁၂ ခုနှစ်အတွင်း၌ မိမိတို့နိုင်ငံမှ နိုင်ငံတော်သမ္မတ ထိုင်းနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သကဲ့သို့ ထိုင်းဝန်ကြီးချုပ်အနေဖြင့်လည်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ခြင်းဖြင့် အစိုးရချင်းချစ်ကြည်ရင်းနှီးမှုကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအစိုးရချင်းသာမက ပြည်သူချင်းပါ ချစ်ကြည်ရင်းနှီးရန် လိုအပ်သကဲ့သို့ ပြည်သူများကို ကိုယ်စားပြုသည့် လွှတ်တော်အချင်းချင်း ရင်းနှီးမှုသည်လည်း အရေးကြီးပါကြောင်း။

လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရာရောက်ပါကြောင်း၊ နှစ်နိုင်ငံလုံးသည် စိုက်ပျိုးရေးအခြေခံသည့် နိုင်ငံများဖြစ်ပါကြောင်း၊ စားနပ်ရိက္ခာဖူလုံရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် ပထဝီနိုင်ငံရေးအကျိုးသက်ရောက်မှု ပြောင်းလဲခဲ့ပါကြောင်း၊ ထို့ကြောင့် ထိုင်း-မြန်မာနှစ်နိုင်ငံ ပိုမိုစည်းလုံးသွားနိုင်ပါကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း အကျိုးအမြတ်ကို နှစ်နိုင်ငံ ညီတူမျှတူ ခံစားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကို တရားဝင်ဖြစ်အောင် ဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံတွင်း တံခါးဖွင့်စီးပွားရေးစနစ်ကျင့်သုံးမည်ဖြစ်သောကြောင့် ကျွမ်းကျင်လုပ်သားများ စီးဝင်လာမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ကျွမ်းကျင်လုပ်သားများ ထွက်ပေါ်လာစေရန် ဝန်ကြီးဌာနများမှ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအား ထိုင်းနိုင်ငံအလုပ်သမားများကဲ့သို့ အခွင့်အရေးရရှိရန် ထိုင်းလွှတ်တော်က ကူညီနိုင်မည်ဟု ယုံကြည်ပါကြောင်း။

နှစ်နိုင်ငံစီးပွားရေးကို သုံးသပ်သည့်အခါ အာရှ- ပစိဖိတ်ဒေသအတွင်း မြန်မာ-ထိုင်း ပူးပေါင်းဆောင်ရွက်မှုဖြင့် ကြီးမားသည့်အကျိုးရလဒ်များရလာမည်ဟု ယုံကြည်ပါကြောင်းဖြင့်ပြောကြားပြီး ထိုင်းနိုင်ငံပြည်သူများ ကြီးပွားတိုးတက်ပါစေကြောင်း၊ အဆွေတော်၏ ယခုခရီးစဉ် အောင်မြင်ပါစေကြောင်း ဆုတောင်းပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ ထိုင်းပါလီမန်ဥက္ကဋ္ဌက အဆွေတော် ပြည်ထောင်စုလွှတ်တော်နာယက၏ ပြောကြားချက်များကို အားလုံးလက်ခံပါကြောင်း၊ မိမိတို့လွှတ်တော်အချင်းချင်း မိမိရရ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ အကျိုးစီးပွားအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး၊ အရှည်တည်တံ့ခိုင်မြဲရေးတို့အတွက်လည်း ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်များသည် ပြည်သူကိုကိုယ်စားပြုသည့်အတွက် လွှတ်တော်အချင်းချင်း ရင်းနှီးချစ်ခင်ရန်လိုအပ်ပါကြောင်း၊ ထိုင်းနိုင်ငံလွှတ်တော်ကိုလည်း လာရောက်လည်ပတ်စေလိုပါကြောင်း၊ မိမိလွှတ်တော်ဥက္ကဋ္ဌအနေဖြင့် နှစ်နိုင်ငံပြည်သူများ ပိုမိုချစ်ကြည်ရင်းနှီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ထိုင်းပါလီမန်ဥက္ကဋ္ဌအား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ယင်းနောက် ထိုင်းပါလီမန်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဧည့်သည်တော် ထိုင်းပါလီမန်ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့အား ဇမ္ဗူသီရိထမင်းစားဆောင်ခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး ပြည်ထောင်စုလွှတ်တော်နာယကနှင့် ထိုင်းပါလီမန်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားခဲ့သည်။

တွေ့ဆုံပွဲနှင့် နေ့လယ်စာစားပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မြင့်ဖေ၊ ဦးအောင်ထွန်း၊ ဦးသိန်းဝင်း၊ ဒေါက်တာအေးမောင်၊ ပါမောက္ခဒေါက်တာမြဦး၊ ဒေါက်တာခင်ရွှေ၊ ဗိုလ်မှူးကြီးမောင်မောင်ထူး၊ ဒေါက်တာမြင့်ကြည်၊ ဦးဆိုင်ပေါင်းနပ်၊ ဦးဝင်းမောင်၊ ဦးနေဝင်းထွန်း၊ ဦးဝင်းနောင်၊ ဒေါ်နန်းနီနီအေးနှင့် ဒေါ်ခင်ဝိုင်းကြည်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ထိုင်းပါလီမန်ဥက္ကဋ္ဌနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ **H.E. Mr.Somsak Kiatsuranont** အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စီးပွားရေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးအမှတ် ၂၂၈/၂၄၀ ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ်၌ ဖွင့်လှစ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု သင်တန်းကျောင်း၌ ဒေါက်တာအောင်ထွန်းသက်က “ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး” ခေါင်းစဉ်ဖြင့် စီးပွားရေးဆိုင်ရာ ဟောပြောပွဲကို ၂၀၁၃ ခုနှစ် ဇွန် ၂၁ရက်(သောကြာနေ့) နံနက် ၁၀ နာရီတွင် ပဉ္စမထပ် ညီလာခံခန်းမ၌ ဟောပြောမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် ဖုန်း ၀၁-၂၅၀၈၇၁ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဖခင်အမည်မှန်

ကျောက်တန်း အထက(၁) X(C)မှ မမိုးဇာဖြူ၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်းနိုင်ဖြစ်ပါကြောင်း။

ဦးတင်ဝင်းနိုင်

ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ကျော်စွာဝင်း ၉/မထလ(နိုင်)၁၁၆၇၆၀ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၂၅၅၈၅၅၄

ကားရောင်းမည်

- Suzuki Swift(2008) အနက်ရောင် ကျပ် ၁၀၇ သိန်း
- Honda Fit GE6(2008) ငွေမင် ကျပ် ၁၁၇ သိန်း

ဆက်သွယ်ရန်- ဖုန်း-၀၉-၇၃၂၃၅၇၀၊ ၀၉-၇၃၂၂၅၃၇၄

သွေးသည် အသက်

SHWE LWIN LWIN TRADING CO.,LTD

Registration No.574/2005-2006

Licence No.62/2013

သင် JAPAN နိုင်ငံမှာအလုပ်လုပ်လိုလျှင်

ဂျပန်နိုင်ငံရှိ CHIBA KEN, MIYAGI KEN, IBARAKI KEN မြို့များရှိ ...

ဆက်သွယ်ရန် - No.C/101, Delta Plaza, Shwegonedaing Road, Bahan Township, Yangon

Tel. (Fax): 01-557570, 09-8303939

Email: shwelwinlwin.co@gmail.com

SUCCESS LANGUAGE ACADEMY

Y.W.C.A ... 202046, 256954, 0949249463

Basic English Speaking: 7:30 - 9 Mon-Thurs 25 Jun; 7:30-10:30 Sat+Sun 29 Jun; 7:30 - 9 Mon-Thurs 1,15 July; 3:30 - 5 Mon-Thurs 1 July

Four Skills English (Basic): 6 - 7:30 Mon-Thurs 24 Jun; 1:30-4:30 Sat+Sun 29 Jun; 7:30 - 9 Mon-Thurs 1 July; 1 - 2:30 Mon-Thurs 1 July

Pre-Intermediate (4-Skill English): 3:30 - 5 Mon-Thurs 25 Jun; 7:30 - 9 Mon-Thurs 1 July; 2 - 5 Sat+Sun 6 July

Intermediate (Academic English): 1 - 2:30 Mon-Thurs 18 Jun; 7:30 - 9 Mon-Thurs 1 July

Vocab Enrichment: 7:30 - 9 Mon-Thurs 8 July; 10-11:30 Mon-Thurs 15 July

Basic Grammar: 12 - 2:00 Sat+Sun 29 Jun; 7:30 - 9 Mon-Thurs 1 July; 10-12:00 Sat+Sun 13 July

Basic Writing: 10-11:30 Mon-Thurs 8 July; 3:30 - 5 Mon-Thurs 23 July

Intermediate Writing: 12:30-2:30 Sat+Sun 15 Jun

IELTS Four Skills: 1 - 3:30 Mon-Thurs 3 Jun; 2 - 5:30 Sat+Sun 13 July

IELTS Exam Practice: 3:30 - 5 Mon-Thurs 24 Jun

IELTS Speaking: 1 - 2:30 Mon-Thurs 29 July

IELTS Reading: 7:30-9:30 Mon-Thurs 15 July

IELTS Writing: 7:30-9:30 Sat+Sun 29 Jun

SUCCESS MARITIME ACADEMY

No.(131), Bogalayzay Street

Ph: 392048, 202046, 256954

O.O.W နှင့် Chief Mate

Captain ... O.O.W နှင့် Chief Mate သင်တန်းများ

July 15 မှစ၍

Marlins English

4:30-7:30 (Sat+Sun) July 6

နိုင်ငံတကာသတင်း

တာလီဘန်များနှင့် အမေရိကန်တို့ တရားဝင် ပထမဆုံးတွေ့ဆုံမည်

ဝါရှင်တန် ဇွန် ၁၉

အာဖဂန်နစ္စတန်နိုင်ငံငြိမ်းချမ်းရေး တည်တံ့စေရန် အလို့ငှာ အမေရိကန်က တာလီဘန်များနှင့် ကာတာနိုင်ငံ ဒိုဟာမြို့တော်တွင် တွေ့ဆုံမည်ဖြစ်ကြောင်း အမေရိကန် အရာရှိများက ဇွန် ၁၈ရက်တွင် ပြောကြားသည်။

“ဒိုဟာမြို့မှာ တာလီဘန်တွေနဲ့ ထပ်မံတွေ့ဆုံဆွေးနွေးဖို့ ရှိပါတယ်။ အမေရိကန်အနေနဲ့ တာလီဘန်ရဲ့ တရားဝင် တွေ့ဆုံမှု ပထမဆုံးဖြစ်လာမှာပါ” ဟု စီမံရေးရာအထက် တန်းအရာရှိတစ်ဦးက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်အစိုးရက နိုင်ငံအနှံ့ စစ်ရေးတာဝန်ကို ဇွန် ၁၈ ရက်က စတင်ဦးဆောင်ယူလိုက်ချိန်တွင် ဒိုဟာမြို့ တာလီဘန်များ နိုင်ငံရေးရုံးဌာနစိုက်ထူဖွင့်လှစ်ပြီးချိန်နှင့် တစ်ပြေးညီ ယခုတွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရေး ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ (ဆင်ဟွာ)

မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုအဆုံးသတ်ရန် ပါကစ္စတန်အစိုးရသစ် ကြိုးပမ်းဆောင်ရွက်

အစ္စလာမ္မာဘတ် ဇွန် ၁၉

အစိုးရသစ်တစ်ရပ်သည် နိုင်ငံအတွင်း လူမျိုးစုများ နေထိုင်ရာဒေသများ၌ အမေရိကန်မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုများကိုရပ်ဆိုင်းရန် အဆင့်ဆင့်ပြောင်းလဲ ဆောင်ရွက်လျက်ရှိကြောင်း ပါကစ္စတန်ပါလီမန်က ဇွန် ၁၈ ရက်တွင် ပြောကြားခဲ့သည်။

အမျိုးသားလွှတ်တော်အစိုးရသစ်အနေဖြင့် မောင်းသူမဲ့ လေယာဉ်တိုက်ခိုက်မှုများ အဆုံးသတ်ရန် ပြင်းပြင်းထန် ထန်လုပ်ဆောင်လျက်ရှိကြောင်း ပြည်ပရေးရာနှင့် အမျိုး သားလုံခြုံရေးကိစ္စရပ်တို့တွင် ဝန်ကြီးချုပ်၏ အကြံပေး အရာရှိ ဆာတတ်အဇစ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

အတိုက်အခံလွှတ်တော် အမတ်တစ်ဦးဖြစ်သည့် ဒေါက်တာရှရီရန်းနှင့် အခြားလွှတ်တော်အမတ်အချို့ တို့ကလည်း မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကိစ္စများကို တင်ပြခဲ့ကြပြီး အစိုးရသစ်အနေဖြင့်လည်း သူလျှိုလေယာဉ် များကိစ္စ အမေရိကန်နှင့် သဘောတူစာချုပ်ရန် အသေး စိတ်ကြိုးပမ်းလုပ်ဆောင်ခဲ့သည်ဟုဆိုသည်။ (ဆင်ဟွာ)

ဂါဇာဒေသမှ အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်များဖြင့်ပစ်ခတ်

ဂျေရုဆလင် ဇွန် ၁၉

ဂါဇာကမ်းမြောင်ဒေသဘက်မှ လက်နက်ကိုင်များသည် အစ္စရေးတောင်ပိုင်းကို ဇွန် ၁၉ ရက် အစောပိုင်းက ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း စစ်သတင်းအရင်းအမြစ်တစ်ရပ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြား သည်။

ဒုံးကျည်သုံးစင်းပါဝင်သည့် ယင်းပစ်ခတ်မှုသည် အက်ရှကီလွန်တိုတာသို့ ချိန်ရွယ်ပစ်လွှတ်ခြင်းဖြစ်ကြောင်း သိရသည်။ အစ္စရေးစစ်တပ်၏ ကွန်ပျူတာများအရ အစ္စရေးပိုင်နက်အတွင်း ကျရောက်ပေါက်ကွဲသော ဒုံးကျည်တစ်စင်း တလေမျှမရှိခဲ့ဘဲ ဂါဇာကမ်းမြောင်နယ်နိမိတ်အတွင်း၌သာ ကျရောက်ပေါက်ကွဲခဲ့သည်ဟု ဆိုသည်။

ယခုပစ်ခတ်မှုကြောင့် သေကျေပျက်စီးမှုသတင်းမရှိသေးကြောင်း၊ ဂျေရုဆလင်မြို့အတွင်း အစ္စရေးသမ္မတ ရှီမွန် ပီရက်စ်၏ နှစ် (၉၀) ပြည့်မွေးနေ့ပွဲကျင်းပချိန်နှင့် အချိန်ကိုက်ပစ်ခတ်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြ သည်။

ဂါဇာနယ်မြေအတွင်း ကြီးစိုးထားသည့် ဟားမားစ်စစ်သွေးကြွများက ပစ်ခတ်ခြင်းဖြစ်သည်ဟု အစ္စရေးစစ်တပ် အရင်းအမြစ်ကမြင်ကြောင်း ချန်နယ်-၁၀ သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ (ဆင်ဟွာ)

အိန္ဒိယမြောက်ပိုင်း ရေကြီးမှုအတွင်း နေအိမ် ၆၀၀ ကျော်ရေထဲမျောပါ

နယူးဒေလီ ဇွန် ၁၉

အိန္ဒိယနိုင်ငံမြောက်ပိုင်း ပြည်နယ်များတွင် မုတ်သုံမိုး အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် လူထောင်ပေါင်း များစွာတို့ ရေဘေးဒုက္ခကြုံတွေ့လျက်ရှိရာ အစိုးရက စစ်ဘက်ရဟတ်ယာဉ်များဖြင့် ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများပြုလုပ်လျက်ရှိကြောင်း ဇွန် ၁၉ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါမုတ်သုံမိုး အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် သေဆုံး သူ ၁၃၀ ကျော်ရှိသွားပြီဖြစ်ကြောင်း တာဝန်ရှိ သူများက ပြောကြားသည်။ စစ်ဘက်ရဟတ်ယာဉ် တစ်ဒါဇင်ကျော်ဖြင့် ဥတ္တာရာခန်းနှင့်ဟီမာချယ်ပရာဒေ့ရှ် ပြည်နယ်တို့တွင် ရေဘေးဒုက္ခရောက်နေသော ပြည်သူ များကို ကယ်ဆယ်ပြီးပြန်လည်နေရာချထားပေးခဲ့ရသည်။

ဥတ္တာခန်းတွင် ထောင်ပေါင်းများစွာသော ခရီးသွား ဘုရားဖူးပြည်သူများသည်သောင်တင်လျက်ရှိပြီးယင်းပြည် နယ်၌ အဆိုးရွားဆုံး ရေဘေးကြုံတွေ့ကာ လူပေါင်း ၁၀၀ ကျော်သေဆုံးခဲ့ရသည်။ ယင်းဒေသတွင် အဆောက် အအုံများ ရေစီးတွင်မျောပါသွားပြီး အချို့သောနေရာ များ၌ မြေပြိုမှုများဖြစ်ကာ လမ်းများပိတ်ဆို့လျက် ရှိသည်။

အဆိုပါရေကြီးမှုများကြောင့် နေအိမ်အလုံးပေါင်း ၆၀၀ ခန့် ပျက်စီးမျောပါသွားပြီး လူပေါင်း ၇၅၀၀၀ ခန့် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရသည်ဟုဆိုသည်။ (ဘီဘီစီ)

အိုင်ယာလန်အမျိုးသမီးအား သတ်ဖြတ်သူ ထောင်တစ်သက်တစ်ကျွန်းချမှတ်ခံရ

မဲလ်ဘုန်း ဇွန် ၁၉

ဩစတြေးလျနိုင်ငံရောက် အိုင်ယာလန်အမျိုး သမီးတစ်ဦးအား ရိုင်းစိုင်းကြမ်းကြုတ်စွာပြုမူပြီး သတ်ဖြတ် ခဲ့သော ဩစတြေးလျနိုင်ငံသား အက်ဒရေယန်ဘေလေး ဆိုသူအား ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်လိုက် ပြီဖြစ်ကြောင်း ဇွန် ၁၉ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြ သည်။

အဆိုပါအမှုနှင့်ပတ်သက်ပြီး အပြစ်ရှိကြောင်း တရားရုံး၌ထွက်ဆိုခဲ့သည့် ဘေလေးအား အနည်းဆုံး ထောင်ဒဏ် ၃၅ နှစ်နှင့်အတူ ထောင်ဒဏ်တစ်သက် တစ်ကျွန်းကျခံစေရန် ဩစတြေးလျတရားရုံးက အမိန့်ချ မှတ်လိုက်ခြင်းဖြစ်သည်။

မစ္စစ်မက်ဂါအမည်ရှိ အဆိုပါ အိုင်ယာလန်နိုင်ငံသူ သည် ကန်ထရီးလောက်မြို့သူဖြစ်ပြီး လွန်ခဲ့သည့် စက် တင်ဘာလက မဲလ်ဘုန်းမြို့နေအိမ်၌ လမ်းလျှောက်နေစဉ် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

မစ္စစ်မက်ဂါအား မုဒိမ်းပြုကျင့်ပြီး သတ်ဖြတ်ခဲ့သည့် လေဘေး၏လုပ်ရပ်သည် ရိုင်းစိုင်းကြမ်းကြုတ်လှပြီး အရှက်ရစေသည့်လုပ်ရပ်ဖြစ်ကြောင်း တရားသူကြီး ဂျော့ဖရေးနက်တယ်က ပြောကြားသည်။

မစ္စစ်မက်ဂါသည် ၂၀၀၉ ခုနှစ်က အိုင်ယာလန်မှ ဩစတြေးလျနိုင်ငံသို့ ခင်ပွန်းဖြစ်သူနှင့်အတူ ပြောင်း ရွှေ့ခဲ့သည်။ သူမသည် အေဘီစီရေဒီယိုတွင် အလုပ်လုပ် နေသူဖြစ်သည်။ သို့သော်လည်း အဖော်များနှင့်အတူ တစ်ညတွင်အပြင်သို့ထွက်သွားစဉ် ပျောက်ဆုံးသွားခဲ့ သည်။ ၎င်း၏အလောင်းကို မြို့ဆင်ခြေဖုံးရပ်ကွက်၌ မြှုပ်နှံပြီး ခြောက်ရက်အကြာတွင် ရဲတပ်ဖွဲ့က စုံစမ်းဖော် ထုတ်ခဲ့သည်။ သူမသေဆုံးကြောင်း သတင်းများအရ အမျိုးသမီးအကြမ်းဖက်တိုက်ဖျက်ရေးအဖွဲ့က လူပေါင်း ထောင်နှင့်ချီ၍ ကွင်းဆင်းရှာဖွေခဲ့သဖြင့် အလောင်းကို တွေ့ခဲ့သည်ဟု ဆိုသည်။ (ဘီဘီစီ)

ဂျပန်အနောက်ပိုင်း၌ အပူလှိုင်းဖြတ်မှုကြောင့် လူပေါင်း ၁၀၀၀ ကျော် ဆေးရုံပို့လိုက်ရ

တိုကျို ဇွန် ၁၉

ဂျပန်နိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက အပူလှိုင်းဖြတ်သွားမှုကြောင့် လူပေါင်း ၁၅၀၀ နီးပါးဆေးရုံသို့ တင်ပို့လိုက်ရကြောင်း မီးသတ်နှင့်သဘာဝဘေးအန္တရာယ်စီမံကွပ်ကဲရေးဌာနက ဇွန် ၁၉ ရက်တွင် ပြောကြားသည်။

မောင်မွေး ရေးသားသည်

ဂျပန်နိုင်ငံအနောက်ပိုင်း၌ အဆိုပါအပူလှိုင်းကျ ရောက်မှုသည် ဇွန် ၁၆ ရက်အထိ ခုနစ်ရက်ကြာဖြစ်ပွား ခဲ့ကြောင်း၊ တိုယိုနာကာနှင့် အိုဆာကာစီရင်စုတို့တွင် ပြီးခဲ့သည့် သီတင်းပတ် ဇွန် ၁၃ ရက်က အပူချိန် ၃၇ ဒသမ ၉ ဒီဂရီအထိ မြင့်တက်ခဲ့ပြီး ယခုနှစ်အတွင်း ဂျပန် နိုင်ငံ၌ အပူချိန်အမြင့်ဆုံးဖြစ်ခဲ့ကြောင်း ယင်းဌာန၏ ပြောကြားချက်အရ သိရသည်။

ပြည်ထဲရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအပါအဝင် မိုးလေဝသဌာနတို့ကလည်း ယခုနှစ်နွေရာသီမရောက် မီကတည်းက အပူချိန်မြင့်တက်နိုင်မှုကြောင့် အပူလှိုင်း ဖြတ်မှုအတွက် လေ့လာစောင့်ကြည့်ကြရန် ပြည်သူများကို သတိပေးထားခဲ့သည်ဟု ဆိုသည်။

အိုဆာကာတွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်း လူပေါင်း ၁၉၄ ဦးကို လူနာတင်ယာဉ်ဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း၊ ယင်းနောက် Hyogo နှင့် Aichi စီရင်စုတို့တွင် လူပေါင်း ၁၂၀ စီ ဆေးရုံသို့ ပို့ဆောင်ခဲ့ရ ကြောင်း သိရသည်။ ဂျပန်နိုင်ငံတစ်ဝန်း အဆိုပါအပူ လှိုင်းဖြတ်ပြီး အပူလျှပ်မှုကြောင့် စုစုပေါင်း လူ ၁၄၈၈ ဦး ဆေးရုံတင်ပို့ရကာ လေးဦးသေဆုံးခဲ့သည်ဟု ဆိုသည်။ (ဂျပန်တိုင်းမ်)

ကိုရီးယားနိုင်ငံသည် နိုင်ငံခြားအကူအညီ စီမံခန့်ခွဲမှုနှင့်အသုံးပြုမှုတို့တွင် ထိရောက်အောင်မြင်ခဲ့သည့်နိုင်ငံတစ်နိုင်ငံဖြစ် ယင်းအတွေ့အကြုံများသည် မြန်မာနိုင်ငံဖွံ့ဖြိုးမှုလုပ်ငန်းအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်မည်ဟု ယုံကြည်

နေပြည်တော် ဇွန် ၁၉

မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ (ပထမအကြိမ်) အစည်းအဝေးကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါအစည်းအဝေးတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ကိုရီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် မဟာဗျူဟာနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Hyun Oh-Seok တို့က ဦးဆောင်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယခုအစည်းအဝေးသည် ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် နေပြည်တော်၌ ကျင်းပခဲ့သည့် မြန်မာ-ကိုရီးယား စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မတီဖွဲ့စည်းရေး သဘောတူညီချက်၏ ရလဒ်ဖြစ်ပါကြောင်း၊ မြန်မာ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နယ်ပယ်(၈)ရပ်တွင် ကိုရီးယားဘက်မှ အဆိုပြုတင်ပြထားသော လုပ်ငန်းစီမံကိန်းများကို နှစ်ဦးနှစ်ဖက်အကျိုးရှိနိုင်သည့် နယ်ပယ်များတွင် ရလဒ်ကောင်းများရရှိရန် ဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေးမူဘောင် (Framework for Economic and Social Reform FESR) နှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရသစ် တာဝန်ယူပြီးသည့်အချိန်မှစ၍ ပြုပြင်ပြောင်းလဲမှု (၄)ခုဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်လျက်ရှိကြောင်း၊ နိုင်ငံရေးနှင့် စီးပွားရေးတိုးတက်မှုမှ ရရှိလာသည့်အခွင့်အလမ်းများမှသည် နိုင်ငံတကာအသိုက်အဝန်း မျက်နှာစာတွင် မြန်မာနိုင်ငံအနေဖြင့် နေရာမှန်ပြန်လည်ရောက်ရှိရန် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ပြိုင်နက်ဆောင်ရွက်လျက်ရှိပြီး ယခင်ကာလများက စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် ပြည်တွင်းဘဏ္ဍာရေး အင်အားကိုသာ အခြေခံခဲ့ရာမှ ယနေ့အချိန်အခါတွင် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ရာ၌ ပြည်ပဘဏ္ဍာရေး အရင်းအမြစ်များပါ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယုံကြည်

ကိုရီးယားနိုင်ငံသည် နိုင်ငံခြားအကူအညီ စီမံခန့်ခွဲမှုနှင့် အသုံးပြုမှုတို့တွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် ယင်းအတွေ့အကြုံများသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့အစိုးရသစ် တာဝန်ယူသည့်ကာလတွင် ပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားဘက်စုံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (NCDP) ရေးဆွဲခြင်းနှင့်အတူ FESR ကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတက ယခုနှစ်ကို Year of Action အဖြစ် သတ်မှတ်ထားပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်ရလဒ်ကောင်းများရရှိရန်နှင့် ပြည်သူလူထု၏လိုအပ်ချက်များကို လက်တွေ့ဖြည့်ဆည်းသွားနိုင်ရန်အတွက် ယခုအစည်းအဝေးကိုကျင်းပရခြင်း ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် မဟာဗျူဟာနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Hyun Oh-Seok က မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဆောက်အအုံများ ပူးပေါင်းဆောင်ရွက်ရေးကို ၁၉၇၅ ခုနှစ်ကတည်းကပင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုရှိခဲ့ကြောင်း၊ ယခု အစိုးရသစ်လက်ထက်တွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုများရှိလာသဖြင့် ယခုကဲ့သို့ ဘက်စုံပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ဆောင်ခဲ့ပါကြောင်း၊ ဤကဲ့သို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နှစ်ဖက်ပြည်သူများ၏အကျိုးစီးပွားဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်းနှင့်ရှေ့ဆက်လက် လုပ်ဆောင်မည့်လုပ်ငန်းတိုင်းတွင် နှစ်ဦးနှစ်ဖက်ရင်းနှီးပွင့်လင်းစွာဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု နယ်ပယ်(၈)ရပ်ဖြစ်သည့် (၁)ယေဘုယျစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ (၂)ဆောက်လုပ်မှုနှင့် အခြေခံအဆောက်အအုံ၊ (၃) စွမ်းအင်နှင့် အရင်းအမြစ်များ (၄) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ (၅) စိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ (၆) ကျန်းမာရေး၊ ဆေးပညာသိပ္ပံ၊ ရုပ်သံထုတ်လွှင့်ခြင်း၊ ဆက်သွယ်ရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် အားကစား၊ (၇) ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် (၈) ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးတို့တွင် ဖွံ့ဖြိုးမှုစီမံချက် ၃၉ ခုအား ပူးပေါင်းဆောင်ရွက်ရန်နှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်တို့အတွက် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု နယ်ပယ်(၈)ရပ် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်ဖက်ပူးတွဲကော်မတီဝင်များမှ ဆွေးနွေးပြီးနောက် ဆွေးနွေးမှုမှတ်တမ်း (Agreed Minutes) ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ကိုရီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် မဟာဗျူဟာနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး H.E Mr. Hyun Oh-Seok တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ငါးနှစ်ကာလအတွင်း ကိုရီးယားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ (အီးဒီစီအက်ဖ်) မှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၅၀၀ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်း ပြည်ပသတင်း

အမေရိကန်နှင့်တာလီဘန် တိုက်ရိုက်ဆွေးနွေးမည်

အမေရိကန်က တာလီဘန်နှင့် တိုက်ရိုက်ဆွေးနွေးမည်ဟု ကြေညာလိုက်ပြီးနောက် နာရီပိုင်းအကြာ အမေရိကန်တပ်ဖွဲ့ဝင်လေးဦး အာဖဂန်နစ္စတန်တွင် တိုက်ခိုက်ခံရပြီး သေဆုံးသွားကြောင်း ဇွန် ၁၉ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ယင်း အမေရိကန်တပ်ဖွဲ့ဝင်များသည် ဘာဂရမ်လေတပ်အခြေစိုက်စခန်း၌ အကြမ်းဖက်သမားများ၏ တိုက်ခိုက်ခံရပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။ ဘာဂရမ်သည် အာဖဂန်မြို့တော် ကဘူးလ်လေဆိပ်အနီး၌ တည်ရှိပြီး အာဖဂန်၌ အကြီးဆုံးသော အမေရိကန်စစ်အခြေစိုက်စခန်းဖြစ်သည်။ အမေရိကန်နှင့် တာလီဘန်တို့ တိုက်ရိုက်ဆွေးနွေးရေးသည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အရေးကြီးဆုံးသော ခြေလှမ်းဖြစ်သည်။ သမ္မတ အိုဘားမားက မပြောမီ အထက်ပါတိုက်ခိုက်ခံရမှုသတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။ တာလီဘန်တို့နှင့် အဓိက ဆွေးနွေးသည့်အကြောင်းအရာသည် အကျဉ်းသမားများ ဖလှယ်ရေးသည် အဓိကဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောသည်။

• •

ကမ္ဘာတစ်ဝန်းစစ်ဘေးဒုက္ခသည် ခုနစ်သန်းခွဲကျော်ရှိ

၂၀၁၂ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းစစ်ဘေးဒုက္ခသည် စုစုပေါင်း ၇ ဒသမ ၆ သန်းအထိ ရှိလာကြောင်း၊ ယင်းမှာ ၁၉၉၄ ခုနှစ်နောက်ပိုင်း သိသိသာသာ တိုးလာခြင်းဖြစ်ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ ဒုက္ခသည်များ တိုးလာခြင်းသည် ဆီးရီးယားပြည်တွင်းစစ်၏ အဓိကဖြစ်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(ယူအင်န်အိတ်ချ်စီအာရ်)၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။ ဒုက္ခသည် ၅၅ရာခိုင်နှုန်းသည် အာဖဂန်၊ ဆိုမာလီ၊ အီရတ်၊ ဆူဒန်နှင့် ဆီးရီးယားစသော ငါးနိုင်ငံမှဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အဆိုပါဒုက္ခသည်များကို လက်ခံထားရှိမှုမှာ ၈၁ ရာခိုင်နှုန်းရှိပြီး လွန်ခဲ့သော ဆယ်စုနှစ်ကျော်ကထက် ၁၁ရာခိုင်နှုန်းပို၍ လက်ခံလာနိုင်သည်ဟုဆိုသည်။ ယင်းတို့တွင် အာဖဂန်နစ္စတန်နိုင်ငံသည် ဒုက္ခသည်အများဆုံးနိုင်ငံဖြစ်ပြီး ဆိုမာလီက ဒုတိယလိုက်သည်။ ဆီးရီးယားနှင့် အီရတ်တို့က တတိယနှင့် စတုတ္ထအများဆုံးဖြစ်သည်။

• •

မာလီအစိုးရနှင့် သူပုန်တို့အပစ်အခတ်ရပ်စဲ

မာလီနိုင်ငံတွင် ကြီးစိုးနေသော တူယာရက်အမည်ရှိ သူပုန်အဖွဲ့နှင့် ဗဟိုအစိုးရတို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ဇွန် ၁၉ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ယင်းကဲ့သို့ သဘောတူလိုက်သဖြင့် အစိုးရတပ်များအနေဖြင့် မြောက်ပိုင်းကစ်ဒဲမြို့သို့ ပြန်လာပြီး တာဝန်ထမ်းဆောင်ရတော့မည်ဖြစ်သည်။ အဆိုပါငြိမ်းချမ်းရေးသဘောတူစာချုပ်ကို အာဖရိကတာဝန်ရှိသူများ၊ ကုသလမဂ္ဂနှင့် အီးယူတို့မှတာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မာလီအိမ်နီးချင်းနိုင်ငံ ဘာကီနာဖာဆိုမြို့တော် အိုဂါနီးဂူး၌ ဇွန် ၁၈ ရက်က စာချုပ်လက်မှတ်ရေးထိုးခဲ့ကြသည်။

မြင့်မောင်စိုး-စုစည်းသည်

စကြဝဠာ အပူချိန်ကို တိုင်းတာလေ့လာမည်

စကြဝဠာ၏ အပူချိန်ကို တိုင်းတာသိရှိရန် ဩစတြေးလျနိုင်ငံတွင် နိုင်ငံတကာအာကာသ သုတေသနပညာရှင်များက ရေဒီယိုတယ်လီစကုပ်များ အသုံးပြုကာ လေ့လာသွားမည်ဖြစ်သည်။

အာကာသသုတေသနပညာရှင်များသည် စီဆီရိုရေဒီယိုတယ်လီစကုပ်ကို အသုံးပြုပြီး စကြဝဠာ၏ ပူခြင်း၊ အေးခြင်းများကို ဘစ်ဘန်းသီအိုရီနည်းလမ်းဖြင့် အသုံးပြုလေ့လာသွားမည်ဖြစ်သည်။ စကြဝဠာ၏ လက်ရှိသက်တမ်းတစ်ဝက်အချိန်တွင် မည်မျှအထိ ပူနွေးလာသည်ကို တိုင်းတာသွားမည်ဖြစ်သည်။

အဆိုပါလေ့လာမှုကို ဆွီဒင်၊ ပြင်သစ်၊ ဂျာမနီနှင့် ဩစတြေးလျနိုင်ငံများမှ သုတေသနပညာရှင်များက ဩစတြေးလျနိုင်ငံ နာရက်ဘရီအရပ်အနီးတွင် ရေဒီယိုတယ်လီစကုပ်များ ထားရှိကာ လေ့လာသွားမည်ဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်း ၁၃ ဒသမ ၇၇ ဘီလီယံကာလအတွင်း စကြဝဠာ၏ အပူချိန်သည်မည်မျှအထိ ကျဆင်းခဲ့သည်။ မည်သည့်အတွက်ကြောင့်ဖြစ်ပွားခဲ့သည်ကို လေ့လာသွားမည်ဟု စီဆီရိုအာကာသသိပ္ပံမှ သိပ္ပံပညာရှင်အဖွဲ့ခေါင်းဆောင် ဒေါက်တာ ရောဘတ်ဘရမ်က ပြောကြားသည်။

စကြဝဠာအတွင်း အလင်းနှင့် အမှောင်များဖြစ်ပေါ်မှု၊ ကြယ်တာရာအစုအဝေးများမှ အလင်းရောင် ထွက်ပေါ်မှုနှင့် လွန်ခဲ့သော နှစ်ပေါင်းများစွာအတွင်း အလင်းနှစ် ၇ ဒသမ ၂ ဘီလီယံခန့်က အမျိုးအမည်မသိ ကြယ်တာရာအစုအဝေးတစ်ခုမှ ဓာတ်ငွေ့များထွက်ရှိမှု၊ ပူနွေးမှုများ ဖြစ်ပေါ်လာမှုများကို သုတေသနပညာရှင်များက လေ့လာသွားမည်ဖြစ်သည်။

အာကာဟိန်း-ရေးသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖြစ်ပေါ်လာရေး ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပေး

ဦးကျော်ညွန့်(ပညာရေးသုတေသန)

အစိုးရအဖွဲ့သစ် စတင်တာဝန်ယူသည့်နေ့မှာပင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကပညာရေးဆိုင်ရာလုပ်ငန်းလမ်းစဉ်(၁၀)ရပ်ကို လမ်းညွှန်မှာကြားခဲ့ပါသည်။ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ပညာရေး ဝန်ကြီးဌာနအနေဖြင့် ပညာရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအနက် နိုင်ငံတော်သမ္မတကြီး၏ လုပ်ငန်းလမ်းညွှန် (၁၀) ချက်ထဲမှ အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ဖြစ်ပေါ်လာအောင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို လေ့လာတင်ပြမည်ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်မှန်းပြီး ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ဦးဆောင်၍ ဒုတိယဝန်ကြီးများက အနီးကပ်ကြီးကြပ်လျက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစတင်၍ တစ်နိုင်ငံလုံးရှိ မူလတန်းကျောင်းသား ကျောင်းသူအားလုံးအတွက် ကျောင်းသုံးစာအုပ် အပြည့်အစုံကိုလည်းကောင်း၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဘုန်းတော်ကြီးသင် မူလတန်းကျောင်းသား ကျောင်းသူအားလုံးအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာရှိ မူလတန်းကျောင်းသား ကျောင်းသူအားလုံးအတွက် ငွေကျပ် ၇၄၅၇ ဒသမ ၄၄သန်းတန်ဖိုးရှိ ကျောင်းသုံးစာအုပ် အပြည့်အစုံနှင့် လေ့ကျင့်ခန်းစာအုပ်များကိုလည်းကောင်း အခမဲ့ထောက်ပံ့ပေးခဲ့ပါသည်။ ယခု ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် မူလတန်းကျောင်းသား ကျောင်းသူအားလုံးအတွက် ကျောင်းသုံးစာအုပ်အပြည့်အစုံနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ဖြန့်ဝေပေးခဲ့သည့်အပြင် စာရေးကိရိယာ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် ငွေကျပ်တစ်ထောင်စီကိုလည်းကောင်း ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါသည်။

ယခင်က ကျောင်းအသုံးအဆောင်ပစ္စည်းများနှင့် စာရေးကိရိယာများ ဝယ်ယူနိုင်ရန်အတွက် ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများအား ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့ပါသည်။ ထိုဝန်ထုပ်ဝန်ပိုးအတွက် ကျောင်းသားမိဘများထံမှ ငွေကြေးလုံးဝ(လုံးဝ)ကောက်ခံမှု မရှိစေရအောင် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ မူလတန်းကျောင်းသားဦးရေ ၁၀၀ အထိရှိသော ကျောင်းများအတွက် တစ်ကျောင်းလျှင် ငွေကျပ်ငါးသောင်းနှုန်း၊ ၁၀၁ဦးမှ ၂၀၀ အထိ ကျောင်းများအတွက် ငွေကျပ် ရှစ်သောင်းနှုန်း၊ မူလတန်းသင်ကျောင်းသားဦးရေ ၂၀၀ အထက်ရှိသော ကျောင်းများအတွက် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ထောက်ပံ့ပေးခဲ့ပါသည်။

ယခု ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်၍ မူလတန်း ကျောင်းသားဦးရေ ၁၀၀ အထိရှိသော ကျောင်းများအတွက် တစ်ကျောင်းလျှင် ငွေကျပ် နှစ်သိန်းနှုန်း၊ ၁၀၁ဦးမှ ၃၀၀အထိ ကျောင်းများအတွက် ငွေကျပ် နှစ်သိန်းခွဲနှုန်း၊ မူလတန်းသင်ကျောင်းသားဦးရေ ၃၀၁ဦးအထက်ရှိ ကျောင်းများအတွက် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ထောက်ပံ့ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ ကျောင်းသားမိဘတို့၏ ဝန်ထုပ်ဝန်ပိုးကို နိုင်ငံတော်မှ ပခုံးပြောင်း တာဝန်ယူဆောင်ရွက်ပေးနေခြင်းဖြစ်ပါသည်။

ပညာရည်ထူးချွန်သော ကျောင်းသားကျောင်းသူများနှင့် ဉာဏ်ရည်ထက်မြက်ပြီး ဆက်လက်ပညာသင်ယူရန်အခက်အခဲရှိသည့် ကျောင်းသားကျောင်းသူများအား စိစစ်ရွေးချယ်ပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများကို ချီးမြှင့်ထောက်ပံ့ပေးနေပြီဖြစ်ပါသည်။ အလယ်တန်းပညာသင်ဆုရ ကျောင်းသား ကျောင်းသူများအား အလယ်တန်းအဆင့် ပညာသင်ယူမှုပြီးမြောက်သည်အထိ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၌ တစ်လလျှင်ကျပ်တစ်သောင်းနှုန်းဖြင့်လည်းကောင်း၊ အထက်တန်း ပညာသင်ဆုရ ကျောင်းသား ကျောင်းသူများအား အထက်တန်းအဆင့် ပညာသင်ယူမှုပြီးမြောက်သည်အထိ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၌ တစ်လလျှင် ငွေကျပ်တစ်သောင်းခွဲနှုန်းဖြင့်လည်းကောင်း ဂုဏ်ပြုချီးမြှင့်ခဲ့သည့်အပြင် ပညာသင်ထောက်ပံ့ကြေးရရှိသူ မူလတန်းကျောင်းသား ကျောင်းသူများအတွက် မူလတန်းပညာသင်ယူပြီးမြောက်သည်အထိတစ်လလျှင် ကျပ်ငါးထောင်နှုန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူများအတွက် အလယ်တန်းပညာသင်ယူပြီးမြောက်သည်အထိ တစ်လလျှင် ကျပ် ခြောက်ထောင်နှုန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအတွက် အထက်တန်းပညာသင်ယူပြီးမြောက်သည်အထိ တစ်လလျှင် ကျပ်ရှစ်ထောင်နှုန်းဖြင့် ထောက်ပံ့ပေးခဲ့ပါသည်။

ယခု ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင်လည်း ပညာရည်ထူးချွန်သော ကျောင်းသားကျောင်းသူများနှင့်ဉာဏ်ရည်ထက်မြက်ပြီး ဆက်လက်ပညာသင်ယူရန်အခက်ခဲရှိသည့် ကျောင်းသား ကျောင်းသူများအား စိစစ်ရွေးချယ်ကာ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများကို ချီးမြှင့်ထောက်ပံ့ပေးနေပြီဖြစ်ပါသည်။ အလယ်တန်းပညာသင်ဆုရ ကျောင်းသား ကျောင်းသူများအား အလယ်တန်းအဆင့်ပညာသင်ယူမှုပြီးမြောက်သည်အထိ တစ်လလျှင် ကျပ် နှစ်သောင်းနှုန်း၊ အထက်တန်းပညာသင်ဆုရ ကျောင်းသား ကျောင်းသူများအား အထက်တန်းဆင့်ပညာသင်ယူမှုပြီးမြောက်သည်အထိ တစ်လလျှင် ကျပ်သုံးသောင်းနှုန်းဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့သည့်အပြင် ပညာသင်ထောက်ပံ့ကြေးရရှိသူ မူလတန်းကျောင်းသား ကျောင်းသူများအတွက် မူလတန်းပညာသင်ယူပြီးမြောက်သည်အထိ တစ်လလျှင် ကျပ်ငါးထောင်နှုန်း၊ အလယ်တန်းကျောင်းသား ကျောင်းသူများအတွက် အလယ်တန်းပညာသင်ယူပြီးမြောက်သည်အထိ တစ်လလျှင် ကျပ်ခြောက်ထောင်နှုန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအတွက် အထက်တန်းပညာသင်ယူပြီးမြောက်သည်အထိ တစ်လလျှင် ကျပ်ရှစ်ထောင်နှုန်းဖြင့် ထောက်ပံ့ပေးခဲ့ပါသည်။

ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများကို ယခင်ပညာသင်နှစ်ထက် ယခုပညာသင်နှစ်တွင် ဦးရေရော၊ ငွေပမာဏကိုပါ တိုးမြှင့်ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ပေးထားပါသည်။ ယခင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် အလယ်တန်းပညာသင်ဆု ၄၁၄ ဦးကိုသာရွေးချယ်ပြီး ချီးမြှင့်ပေးခဲ့သည့် ငွေပမာဏမှာလည်း တစ်ဦးလျှင် တစ်လကျပ်တစ်သောင်းနှုန်းကိုသာလည်းကောင်း၊ အထက်တန်းပညာသင်ဆု ၄၁၂ဦးကိုသာ ရွေးချယ်ပြီး ချီးမြှင့်သည့်ငွေပမာဏမှာလည်း တစ်ဦးလျှင် တစ်လကျပ်တစ်သောင်းခွဲနှုန်းကိုသာလည်းကောင်း ချီးမြှင့်ပေးနိုင်ခဲ့ရာမှ ယခု ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အလယ်တန်းပညာသင်ဆုဦးရေ ၁၄၁၆ ဦးအထိ တိုးမြှင့်ရွေးချယ်ပြီး ချီးမြှင့်သည့်ငွေပမာဏကိုလည်း တစ်ဦးလျှင် တစ်လငွေကျပ်နှစ်သောင်းနှုန်းအထိကို လည်းကောင်း၊ အထက်တန်းပညာသင်ဆုဦးရေ ၈၂၆ ဦးအထိ တိုးမြှင့်ရွေးချယ်ပြီး ချီးမြှင့်သည့် ငွေပမာဏကိုလည်း တစ်ဦးလျှင် တစ်လငွေကျပ်သုံးသောင်းနှုန်းအထိလည်းကောင်း တိုးမြှင့်ရွေးချယ် ချီးမြှင့်ပေးလျက်ရှိပါသည်။ အလားတူ ပညာသင်ထောက်ပံ့ကြေးများကိုလည်း ၁၁၀၂၂ဦးအထိ တိုးမြှင့်ရွေးချယ်ပြီး ထောက်ပံ့ပေးလျက်ရှိပါသည်။

ပညာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော လူတိုင်း အခြေခံပညာကိုသင်ယူခွင့်ရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းစဉ်သည် ပဓာနကျသော အခြေခံအကြောင်းအရင်းဖြစ်ပါသည်။ ထို့ကြောင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းမဖွင့်မီ မေလ၏ နောက်ဆုံးသီတင်းပတ်ကို ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်အဖြစ်သတ်မှတ်ပြီး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးအတွက် **ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး မိဘပြည်သူများဝိုင်းကူဆောင်ရွက်ပေး** ဆောင်ပုဒ်ဖြင့် လှုံ့ဆော်လျက်ရှိပြီး ပညာရေးဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ စေတနာရှင်မိဘပြည်သူများ၊ ပညာရေးကို စိတ်ဝင်စားသူ မိဘပြည်သူများ ပူးပေါင်းဆောင်ရွက်မှုကြောင့် သူငယ်တန်းကျောင်းဝင်နှုန်းသည် နှစ်စဉ်တိုးတက်လျက်ရှိပါသည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် သူငယ်တန်းကျောင်းဝင်နှုန်းသည် ၉၈ ဒသမ ၅၅ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာပြီဖြစ်ပါသည်။ သူငယ်တန်းသို့ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများ ကျောင်းနေမြဲရေး၊ အတန်းလိုက်သင်ယူနေသူ ကျောင်းသား ကျောင်းသူများ ကျောင်းနေမြဲရေးနှင့် အတန်းကူးပြောင်းသင်ယူမှုနှုန်းတိုးတက်မြင့်မားရေးအတွက်ကိုလည်း ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့သောကြောင့် အတန်းကူးပြောင်းသင်ယူမှုနှုန်းမြင့်မားပြီး အတန်းလိုက်သင်ယူပြီးမြောက်မှုနှုန်းသည် တိုးတက်မြင့်မားနေပြီဖြစ်ပါသည်။

အတန်းလိုက် အတန်းကူးပြောင်းသင်ယူမှုနှုန်း မြင့်မားလာပြီး အတန်းလိုက် သင်ယူပြီးမြောက်မှုနှုန်း တိုးတက်လာသည်နှင့်အမျှ အခြေခံပညာကျောင်းများတိုးချဲ့ဖွင့်လှစ်ပြီး အခြေခံပညာသင်ဆရာ ဆရာမများကိုလည်း တိုးမြှင့်ခန့်ထားပေးလျက်ရှိပါသည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အထိ အခြေခံပညာကျောင်းပေါင်း ၄၂၃၈၅ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး အခြေခံပညာ ဆရာဆရာမပေါင်း ၂၇၉၁၃၉ ဦးရေကို တိုးမြှင့်ခန့်ထားပေးပြီး ဖြစ်ပါသည်။ ယခု ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၌ ဝေးလံခက်ခဲသော ဒေသများ၊ ဖွံ့ဖြိုးမှုအားနည်းသည့် ဒေသများရှိ အခြေခံပညာကျောင်းများတွင် သင်ကြားရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နေ့စားလပေး မူလတန်းပြ ဆရာဆရာမများအဖြစ် ခန့်ထားပေးနိုင်ခဲ့သည့်နည်းတူ အဆိုပါဒေသများရှိ အခြေခံပညာကျောင်းများတွင် ကျောင်း၊ ရုံး၊ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်စေရန်နှင့် ဝေးလံခက်ခဲဒေသများမှ လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် ဒေသခံလူငယ်များကို နေ့စားလပေး အောက်ခြေဝန်ထမ်းများအဖြစ် ဦးစားပေးခန့်အပ်ခဲ့ပြီး ဖြစ်ပါသည်။ ယခုကဲ့သို့ ပညာသင်ယူမှု အခွင့်အလမ်းမြင့်မားလာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ဆောင်ရွက်ပေးနေခြင်းသည် အခြေခံပညာကို လွယ်လင့်တကူဖြင့် လူတိုင်းသင်ယူမှုရရှိစေရန်နှင့် တစ်မျိုးသားလုံးပညာရည်မြင့်မားရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်ပေးနေခြင်းဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် မသင်မနေရ မူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်ပြီး ရေတာရှည်မြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ မဟာအောင်မြေမြို့နယ်တို့တွင် မြို့နယ်လုံးကျွတ် မသင်မနေရမူလတန်းပညာရေးအတွက် စမ်းသပ်လုပ်ငန်းဆောင်ရွက်ရန်အတွက် နိုင်ငံတကာပညာရေးမိတ်ဖက်များ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေပြီဖြစ်ပါသည်။ မသင်မနေရမူလတန်းပညာရေးစနစ် အကောင်အထည်ပေါ်လာရန်အတွက်မှုကား ပညာရေးဝန်ကြီးဌာနနှင့် အတူ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ မိဘပြည်သူများ၊ စေတနာရှင်များကလည်း ဝိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ သို့မှသာ အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ကို လျင်မြန်စွာ အကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

EU-မြန်မာ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇွန် ၁၉

EU-မြန်မာကုန်သွယ်မှုဆိုင်ရာကိစ္စများ၊ GSP ဆိုင်ရာများ၊ အကောက်ခွန်ကင်းလွတ်ခွင့်နှင့် အရေအတွက်ကန့်သတ်ချက် ကင်းလွတ်ခွင့်ရရှိရေးဆိုင်ရာများ၊ အပင်/ တိရစ္ဆာန် ပိုးမွှားကင်းစင်စေရေးဆောင်ရွက်မှု(Sanitary and Phytosanitary Measures- SPS) ဆိုင်ရာများ၊ မြန်မာပို့ကုန်များ ဥရောပသမဂ္ဂသို့တင်ပို့ရာတွင် အရည်အသွေး၊ စံချိန်စံညွှန်း၊ နည်းပညာအတားအဆီးဆိုင်ရာများ၊ ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက်လိုအပ်ချက်များ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့် ယှဉ်ပြိုင်မှု မူဝါဒဥပဒေများအတွက် လိုအပ်သောနည်းပညာနှင့် အကြံဉာဏ်များရရှိရေးဆိုင်ရာများ၊ EUမှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဘဏ် (Investment Bank)တည်ထောင်ရေးဆိုင်ရာများနှင့် မြန်မာနိုင်ငံနှင့် EUကုန်သည်ကြီးများအသင်း ထူထောင်ရေးဆိုင်ရာများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဥရောပကော်မရှင်၏ Director For Asia, Central Asia and the Pacific, Directorate General for Development and Cooperation (DEVCO), Mr. Dirk Meganck တို့သည် ဇွန် ၁၇ ရက် ညနေ ၅ နာရီက အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ဆိုင်ရာ စာပေဟောပြော

ရန်ကုန် ဇွန် ၁၉

ဇူလိုင် ၃ ရက်နေ့ “မြန်မာအမျိုးသမီးများနေ့”ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ကြီးမှူးကျင်းပသည့် စာပေဟောပြောပွဲ အခမ်းအနားကို အထက(၄) အလုံရှိ သီရိရတနာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ဇနီးများ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စာပေပညာရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဆရာမများ၊ ကျောင်းသူများ စုစုပေါင်း ၄၉၅ ဦး တက်ရောက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ငွေက အမှာစကားပြောကြားပြီး စာပေဟောပြောပွဲ၌ စာပေပညာရှင် ချစ်နိုင်(စိတ်ပညာ)က “ပုခက်လွှဲသောလက်များ” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆရာမ မစန္ဒာက “အမျိုးသမီးတို့၏ အားမာန်” ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

မီးမီး(လှိုင်)

စက်မှုသီးနှံဆိုင်ရာ လုပ်ငန်းခွင်သင်တန်းဖွင့်

နေပြည်တော် ဇွန် ၁၉

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနက ဖွင့်လှစ်သည့် စက်မှုသီးနှံဆိုင်ရာလုပ်ငန်းခွင်သင်တန်းအမှတ်စဉ် (၁/၂၀၁၃) သင်တန်းဖွင့်ပွဲကို ဇွန် ၁၀ ရက် နံနက် ၉နာရီက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ၁၀မိုင် ဘက်စုံစခန်း လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပရာ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ဇွန် ၁၀ ရက်မှ ၂၈ ရက်အထိ ရက်သတ္တ သုံးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ကြံ၊ ဝါ၊ ဂုန်လျှော်၊ ရော်ဘာ၊ ဆီအုန်း၊ ကော်ဖီ၊ မှိုနှင့် ပိုးစာပင်စိုက်ပျိုးနည်း နည်းစနစ်များ၊ ပိုးမွေးမြူခြင်းနှင့် ပိုးချည်ထုတ်လုပ်ခြင်းနည်းပညာရပ်များကို စာတွေ့လက်တွေ့သင်ကြားပို့ချမည်ဖြစ်သည်။ အဆိုပါသင်တန်းသို့ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနရှိ မြို့နယ်ဦးစီးမှူးများ၊ ဒုတိယမြို့နယ်ဦးစီးမှူးများ၊ ခြံစိုက်ကွင်းတာဝန်ခံများ စုစုပေါင်း ၄၀ တက်ရောက်ကြသည်။ **(စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန)**

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး အသိပညာပေးဟောပြော

သထုံ ဇွန် ၁၉

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် သထုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီက သထုံမြို့ သုဝဏ္ဏအားကစားခန်းမ၌ ကျင်းပသည်။

ဆောင်ရွက်

အခမ်းအနားတွင် သထုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးနွယ်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်ဝင်းတင့်က အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ရဲအုပ်မောင်မောင်ဟန်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်ခင်သီတာလှိုင်က မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဝတ်စားဆင်ယင်ထုံးဖွဲ့မှုအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြပြီး စာဖတ်ဝိုင်းဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

❖ ကျောဖုံးမှ

ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့မှ တာဝန်ရှိသူများသည် တပ်ပိုင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သီးခြားဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ညနေပိုင်းတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာနှစ်ဖက်ပူးပေါင်း စောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် တိုးတက်ရေးအတွက် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ စေလွှတ်ရေး၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရွှေ့ပြောင်းနေထိုင်ကြသည့် ဒေသခံပြည်သူများအား ပြန်လည်နေရာချထားပေးရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို ပွင့်လင်းစွာ ပြောဆိုဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ညပိုင်းတွင် ကယားပြည်နယ် အစိုးရအဖွဲ့က ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဦးသန်းဌေးနှင့် ဦးဝင်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယရှေ့နေချုပ်နှင့် Myanmar Peace Centerမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)မှ ဒုတိယဥက္ကဋ္ဌ ခူဦးရယ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယနေ့ ဆွေးနွေးပွဲနှင့် ပတ်သက်၍ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)မှ အတွင်းရေးမှူး(၂) ဦးရွှေမျိုးသန့်က "တပ်ပိုင်းဆိုင်ရာ အဆင့်မြင့်အရာရှိတွေပါတဲ့အတွက် ကျွန်တော်တို့ဘက်ကလည်း တပ်ကိစ္စတော်တော်များကို ဆွေးနွေးခွင့်ရခဲ့ပါတယ်။ တပ်ကိစ္စကို အပြင်မှာပွင့်ပွင့်လင်းလင်း ဆွေးနွေးရတဲ့အတွက် ပိုကြိုက်တယ်။ ကောင်းမွန်တဲ့ရလဒ်တွေရမယ်လို့ မျှော်လင့်ရပါတယ်။ ဒီနေ့မှာ ဆွေးနွေးရတာတွေ အပေါ်မှာ ကျေနပ်အားရမှုရှိပါတယ်"ဟု ပြောပြခဲ့သည်။

ထို့ပြင် Myanmar Peace Centerမှ ဆလိုင်းမွန်တူးရယ်က "ဒီဟာကလွန်ခဲ့တဲ့နှစ် ဇွန်လက ဆွေးနွေးတဲ့ သဘောတူညီချက်တွေအပေါ် အသေးစိတ် ပြန်လည်ဆွေးနွေးတာပါ။ အဲဒီတုန်းက မူအားဖြင့် သဘောတူညီချက်တွေကို တကယ့်လက်တွေ့ အကောင်အထည်ဖော်တဲ့ နေရာမှာ ဘယ်လိုလုပ်မလဲဆိုပြီးတော့ ဆွေးနွေးတာပါ။ အခုလက်ရှိ နှစ်ဦးနှစ်ဖက်နားလည်မှုရလဒ်တွေက အတော်ကောင်းပါတယ်။ နှစ်ဦးနှစ်ဖက်ကလည်း ရင်းနှီးမှုပိုရလာတယ်၊ ဆွေးနွေးရ ပိုကောင်းလာတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်တဲ့ လုပ်ငန်းတွေ သွက်လက်လာတယ်ဆိုတာ ပိုကောင်းတာပေါ့။ ဘယ်သူမဆို တိုင်းပြည်မှာ ပိုအေးချမ်းတာကို လိုချင်တာပေါ့ဗျာ။ လွတ်လပ်ရေးရပြီး ကတည်းက တိုင်းပြည်မှာ ပထမဦးဆုံး သေနတ်သံတွေ ချုပ်ငြိမ်းသွားတယ်ဆိုတာအထိ လုပ်ချင်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းဟာ အမှန်တကယ်တော့ လွယ်ကူတဲ့ အလုပ်တော့ မဟုတ်ပါဘူး။ တစ်ယောက်နဲ့ တစ်ယောက် ပစ်ခတ်နေတာကနေ စားပွဲပေါ်မှာဆွေးနွေးတယ်ဆိုတာက မလွယ်ကူဘူးဗျ။ တစ်ခါတလေမှာတစ်ဖက်နဲ့ တစ်ဖက်မှာ သံသယတွေ ရှိတာကိုလည်း တဖြည်းဖြည်း ပျောက်အောင် လုပ်ရတာ စဉ်းစားကြည့်ပေါ့ဗျာ။ နှစ်ဦးနှစ်ဖက်နည်းပညာဆိုင်ရာအားနည်းချက်တွေရှိပါတယ်။ ဒါတွေကို ဖြေရှင်းရတာအတော်ကြာပါတယ်။ သမ္မတရဲ့ လမ်းညွှန်ချက် (၈)ချက်ရှိတယ်။ အဲဒီအချက်တွေအနက် (၄)ချက်ကို အားလုံးက သဘောတူညီတယ်။ ကျန်တဲ့အချက်တွေကို တွေ့ဆုံတဲ့ အကြိမ်တိုင်းမှာ တစ်ချက်ချင်းညှိရပါတယ်။ ညှိလို့ရမှ နောက်တစ်ဆင့် ထပ်တက်ရတော့ အချိန်ယူရပါတယ်" ဟု ၎င်း၏အတွေ့အကြုံကို ပြောပြခဲ့သည်။

(သတင်းစဉ်)

လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌများအား The Asia Foundation, Myanmar မှ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၉

The Asia Foundation, Myanmar မှ Lawyer and Country Representative ဖြစ်သူ Mr. Kim McQuay နှင့် Law and Justice Program မှ Ms. Kirsten Bishop တို့သည် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်မြင့်ဖေတို့အား ယနေ့နံနက် ၁၀ နာရီတွင် ကော်မတီရေးရာဆောင် အမှတ် (I-1) ၌ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဥပဒေမူကြမ်းရေးဆွဲရေး၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များကို လွှတ်တော် အသီးသီးက အဆင့်ဆင့် တာဝန်ယူဆောင်ရွက်ရပုံများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ရွာမအရှေ့မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

ရန်ကုန် ဇွန် ၁၉

ဇွန် ၁၅ ရက် ညနေ ၅ နာရီခန့်က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် ဓမ္မာရုံလမ်းသွယ်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်ခြေလေးလုံး အိမ်ထောင်စု ၁၆ စု လူဦးရေ ၅၄ ဦးမှာ အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့သည်။ ယင်းမီးလောင်ကျွမ်းခံရသော မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ပွဲကို ဇွန် ၁၈ ရက် ညနေ ၃ နာရီခွဲက ရွာမအရှေ့ရပ်ကွက် ဓမ္မာရုံလမ်းရှိ သီရိစန္ဒာဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ ဒုတိယဦးစီးမှူး ဦးမျိုးသန့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မိုး၊ ရပ်မိရပ်ဖများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် မီးဘေးသင့်ပြည်သူများအား နိုင်ငံတော်နှင့် လူမှုရေးအဖွဲ့အစည်းများ က လှူဒါန်းငွေကျပ် ၂၂ သိန်းနှင့် စောင်၊ ခြင်ထောင်များ၊ ဒန်အိုး၊ ဒန်ခွက်၊ ဓာတ်ဘူးများနှင့် အဝတ်အထည်များကို အိမ်ထောင်စု တစ်ဦးချင်း ပေးအပ်လှူဒါန်းလိုက်သည်။

(အပေါ်ပုံ) (မြင့်ဦး-အင်းစိန်)

အကောက်ခွန်မဲ့ သိမ်းဆည်းရမိပစ္စည်းများ ရန်ကုန်မြို့သို့ ပို့ဆောင်

ပဲခူး ဇွန် ၁၉

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးထားသော စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး မိုဘိုင်းတင်းမ်အဖွဲ့သည် ဝေါမြို့နယ် စစ်တောင်းတံတားအဟောင်းနှင့် တံတားအသစ်ဆုံရာလမ်းဆုံတွင် မော်တော်ယာဉ်များကို ရပ်တန့်ရှာဖွေစစ်ဆေးလျက်ရှိသည်။

ပို့ဆောင်

တစ်ဖက်နိုင်ငံမှ အကောက်ခွန်မဲ့ တရားမဝင်တင်သွင်းလာသော ဘီယာ၊ စည်သွတ်ဘူး၊ ဆပ်ပြာမှုန့်နှင့် မုန့်မျိုးစုံ ငွေကျပ် သိန်း ၂၀၀ ဖိုးကို ဇွန် ၁၆ ရက်က ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အကောက်ခွန်ဦးစီးဌာန ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲသို့ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

(အောက်ပုံ) သန့်စင်

မုတ်သုံဖလားဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဇွန် ၁၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုနေပြည်တော် မုတ်သုံဖလား ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲ (Monsoon Cup Championship)ကို ဇူလိုင် ၄ ရက်မှ ၇ ရက်အထိ နေပြည်တော် ရှိုင်ရယ်မြန်မာ ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အမျိုးသား အမျိုးသမီး (Amateur)ပြိုင်ပွဲများအတွက် ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲဝင် အားကစားသမားများ အကျောပေးသတ်မှတ်ချက် (Handicap 0-12) ဖြင့် ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းမှာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က သတ်မှတ်ထားသော စည်းကမ်းများနှင့် ရှိုင်ရယ်ဂေါက်ကွင်းမှ သတ်မှတ်ထားသော ဒေသန္တရစည်းမျဉ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင် အားကစားသမားများ၏ တည်းခိုနေထိုင် စားသောက်ရေးအတွက် အထူးသက်သာသောနှုန်းထားဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ပြိုင်ပွဲဝင်ကြေးငွေကျပ် ၂၀၀၀၀ နှင့်အတူ ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီ နောက်ဆုံးထား၍ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ဖုန်း ၀၆၇-၄၂၂၁၃၆၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဖုန်း ၀၁-၆၅၅၈၃၃နှင့် ရှိုင်ရယ် မြန်မာဂေါက်ကွင်း ဖုန်း - ၀၆၇- ၄၁၄၀၄၅ တို့သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုင်းဖြတ်၌ မိုးခေါင်သဖြင့် တောင်သူများအခက်ကြုံနေ

မိုင်းဖြတ် ဇွန် ၁၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မိုးခေါင်သဖြင့် တောင်သူများ စပါးစိုက်ပျိုးရန် အခက်ကြုံနေကြောင်း သိရသည်။ **(အပေါ်ပုံ)**

မိုင်းဖြတ်မြို့နယ်တွင် မိုးစပါးစိုက်ဧက ၂၆၄၉၈ ဧကရှိပြီး တောင်သူအများစုသည် မေလတွင် ပျိုးထောင်၍ ဇွန်၊ ဇူလိုင်လများတွင် စိုက်ပျိုးကြသည်။ ယခင်နှစ် မေလက မိုးရွာသွန်းရက် ၁၄ ရက်၊ မိုးရေချိန် ၁၀ ဒသမ ၃ လက်မရှိပြီး ယခုနှစ် မေလတွင် မိုးရွာသွန်းရက် ၁၀ ရက်၊ မိုးရေချိန် ၃ ဒသမ ၉၅ လက်မသာရှိသဖြင့် ပျိုးထောင်ပြီး တောင်သူ ၈၀ ရာခိုင်နှုန်းမှ အနည်းစုသာ စိုက်ပျိုးပြီးစီး၍ အများစုမှာ စိုက်ပျိုးရန် ရေအခက်ကြုံနေကြောင်း၊ ပျိုးမထောင်ရသေးသည့် တောင်သူများ ရေရရှိသောနေရာတွင် စုပေါင်းပျိုးထောင်ကြရန် ကွင်းဆင်းစည်းရုံး ဆောင်ရွက်နေရကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းထွဋ်လွင်က ပြောပြသည်။ **သန်းဇော်(မိုင်းဖြတ်)**

မိတ္ထီလာမြို့မှ ရန်ကုန်မြို့အထွက်လမ်းတွင် ကပရခြောက်ဘီးကုန်တင်ယာဉ်တိမ်းမှောက်

မိတ္ထီလာ ဇွန် ၁၉

မိတ္ထီလာမြို့ ရန်ကုန်-မန္တလေး ကားလမ်းမ ရန်ကုန်မြို့အထွက်လမ်း ရွှေပန်းတိုင်-ခင်တဲကျေးရွာ လမ်းဆုံအနီးတွင် ဇွန် ၁၉ ရက် နံနက် ၈ နာရီက ကပရခြောက်ဘီးကုန်တင်ယာဉ်တစ်စီးတိမ်းမှောက်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်ပွားပုံမှာ မန္တလေးမြို့မှ မော်လမြိုင်မြို့သို့ ထွက်ခွာလာသည့် ယာဉ်မောင်း ဦးဌေး မောင်းနှင်ပြီး ယာဉ်အကူ မြတ်မင်းဇော် လိုက်ပါလာသည့် ကပရ ခြောက်ဘီးကုန်တင်ယာဉ် ဆ/. . . သည် မိတ္ထီလာမြို့မှ ရန်ကုန်မြို့သို့ထွက်ခွာရာ ရန်ကုန်-မန္တလေးကားလမ်းမ ရွှေပန်းတိုင်-ခင်တဲကျေးရွာလမ်းဆုံအနီးတွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှု နှင့်ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းမှ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(၄၃၅)



မူဆယ်ခရိုင်တရားရုံး အချုပ်ခန်းမှ ထွက်ပြေးသူအား ပြန်လည်ဖမ်းဆီးရမိ

မူဆယ် ဇွန် ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် တရားရုံးအချုပ်ခန်းမှ ဇွန် ၅ ရက်က ထွက်ပြေးလွတ်မြောက်သူ သုံးဦးအနက် နမ်းခမ်းမြို့မရဲစခန်း (ပ) ၁၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၂/၃၂၆ အမှုအချုပ်သား အိုက်ဆမ်(၂၁နှစ်) မူဆယ်မြို့ နမ့်ကတ်ရွာနေသူအား ဇွန် ၁၇ ရက်နေ့ တရုတ်စံတော်ချိန် ၄ နာရီတွင် တရုတ်နိုင်ငံ ကျန်းဖုန်းမြို့နယ် ကျိန်းစန်းမြို့ မန့်ဟောင်ရွာနှင့် ၁၇ မိုင်ခန့်အကွာ ချိန်ဇင်းမြို့ဟောင်းတောင်ယာတဲတွင် ပုန်းအောင်းနေစဉ် တရုတ်နိုင်ငံ လုံခြုံရေးခရိုင်ရဲတပ်ဖွဲ့နှင့် အဖွဲ့က ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ တရားခံ အိုက်ဆမ် (အချုပ်သားအား)တရုတ်နိုင်ငံ လုံခြုံမ်းခရိုင်ရဲတပ်ဖွဲ့မှူး မစ္စတာ ရန်လီပင်း ဦးစီးအဖွဲ့မှ မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မင်းမင်းဦး ဦးစီးအဖွဲ့သို့ ဇွန် ၁၇ ရက် မြန်မာစံတော်ချိန် ၁၄ နာရီတွင် နယ်ခြား နှစ်နိုင်ငံ ဝင်/ထွက်ပေါက် နန်းတော်ဂိတ်တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၄ နာရီ မိနစ် ၂၀ တွင် မူဆယ်မြို့မရဲစခန်း (အချုပ်ခန်း)သို့ ချုပ်နှောင်ထားပြီးဖြစ်ကြောင်း သိရသည်။

အယ်လ်စိုး(iprd)

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်ပြည်ထောင်စု ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၁၉

အမေရိကန်ကွန်ဂရက် House of Representatives ဥက္ကဋ္ဌ H.E. Mr. John A. Boehner နှင့် အမေရိကန်ပြည်ထောင်စုအစိုးရတို့၏ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်ပြည်ထောင်စုသို့ ချစ်ကြည်ရေးခရီးသွားရောက်ရာမှ ယမန်နေ့ည ၉ နာရီ ၅၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

လွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီအတွင်းရေးမှူး ဦးခက်ထိန်နန်၊ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါက်တာဝင်းမြင့်၊ ဒေါက်တာမျိုးအောင်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

ရွှေရတုမြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၁၉

မြန်မာ့မြေ မြန်မာ့ရေမှထွက်ရှိသည့် မြန်မာ့ကျောက်မျက်ရတနာများကို မိမိတို့ မြန်မာ့မြေတွင် မိမိတို့လိုလားနှစ်သက်သည့် ဈေးနှုန်းများဖြင့် လွတ်လပ်စွာ ပြသရောင်းချနိုင်သည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ရွှေရတုမြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမတွင် ပြပွဲပဉ္စမနေ့အဖြစ် ဆက်လက်ပြသရောင်းချသည်။ **(အပေါ်ပုံ)**

ပြည်တွင်းပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း/ အပြင်နှင့် ရောင်းချရန်ပြသထားသည့် သတ်မှတ် ဧရိယာများအလိုက် လေ့လာမှတ်သား စည်ကားများပြားလျက်ရှိပြီး လွတ်လပ်စွာ တင်ဒါတင်သွင်းနေကြသည့် မြင်ကွင်းကိုလည်း တွေ့မြင်နေရသည်။

ရောင်းချခဲ့

နံနက်ပိုင်းတွင် ယမန်နေ့က တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲ အမှတ်(၁)မှ ၁၈၀၀ ထိ အတွဲများဝယ်ယူရန် တင်ဒါပုံးများအတွင်း ထည့်သွင်းခဲ့ကြသော ဈေးနှုန်းပေးတင်ဒါများကို စိစစ်၍ ဝယ်ယူခွင့်ရ ရတနာကုန်သည်များစာရင်းကို အသိပေးကြေညာရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၁၅၀၀ ကျော်ကို အောင်မြင်စွာ ရောင်းချခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ကျောက်မျက်အတွဲများကို တင်ဒါစနစ်ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချရာ ယမန်နေ့က ဈေးနှုန်းတင်သွင်းခဲ့ကြသည့် တင်ဒါများကိုစိစစ်၍ ဝယ်ယူခွင့်ရ ရတနာကုန်သည်များကို အသိပေးကြေညာရောင်းချရာ တင်ဒါစနစ်ဖြင့် ကျောက်မျက်အတွဲပေါင်း ၆၀ တွဲ ရောင်းချခဲ့ပြီး ဈေးပြိုင်စနစ်ဖြင့်လည်း အောင်မြင်စွာ ရောင်းချနိုင်ခဲ့ကြောင်း သိရှိရသည်။

လှည့်လည်ကြည့်ရှု

သတ္တုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်သည် မြန်မာ့ကျောက်မျက်ရတနာများ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပွဲကို ညနေ ၅ နာရီမှ ၆ နာရီအထိ လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ကျောက်မျက်အများဆုံးဝယ်ယူသူ Excellent Ruby & Sapphire မှ ဒေါ်မေပွင့်သော်အား အမှတ်တရလက်ဆောင်ပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အီးယူ-မြန်မာ အခွင့်ရှည်ကြာမည့် မိတ်ဖက်ဆက်ဆံမှု တည်ဆောက်ရေးအလေးထား လက်ရှိပူးပေါင်းဆောင်ရွက်ရေးနှင့် အနာဂတ်ဦးစားပေးလုပ်ငန်းစဉ်များဆွေးနွေး

မြန်မာ-အီးယူ ဖိုရမ်
နေပြည်တော်၊ ၁၇-၁၈ ဇွန်လ၊ ၂၀၁၃ ခုနှစ်
ပူးတွဲကြေညာချက်

ပထမအကြိမ် မြန်မာ-အီးယူ ဖိုရမ်ကို ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၇-၁၈ ရက်နေ့များတွင် နေပြည်တော်၌ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့်အီးယူ ပြင်ပဆက်ဆံရေးဌာနမှ လုပ်ငန်းဌာနအကြီးအကဲ Mr.David O' Sullivan တို့မှ ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။

ဖိုရမ်တွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပြီး ဆွေးနွေးချက်များကို စုံညီအစည်းအဝေးသို့ တင်ပြခဲ့ကြပါသည်။

ဖိုရမ်တွင် ၂၀၁၃ ခုနှစ်၊ မတ်လ ၅ ရက်နေ့၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဥရောပကောင်စီဥက္ကဋ္ဌ Herman Van Rompuy နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ Jose Manuel Barroso တို့ ပူးတွဲထုတ်ပြန်ခဲ့သည့် အီးယူ-မြန်မာ အခွင့်ရှည်ကြာမည့် မိတ်ဖက်ဆက်ဆံမှု တည်ဆောက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရေးကိုအလေးထား၍ လက်ရှိပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် အနာဂတ်အတွက် ဦးစားပေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပါသည်။

ယင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အထောက်အကူပေးရေးနှင့် ဆက်စပ်စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရေးတို့အတွက် နည်းလမ်းများကို ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးခဲ့သည့် အကြောင်းအရာများအနက် လူ့အခွင့်အရေးဆိုင်ရာ နှစ်ဖက်ဆွေးနွေးပွဲ စတင်ဆောင်ရွက်ရေးနှင့် လာမည့်လများအတွင်း လက်တွေ့ဆွေးနွေးဆောင်ရွက်ရေးတို့အတွက် သဘောတူညီခဲ့ပါသည်။ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄-၁၅ ရက်နေ့များတွင် မြန်မာနိုင်ငံ၌ကျင်းပမည့် လုပ်ငန်းအဖွဲ့အစည်းအဝေးအား အီးယူ-မြန်မာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍစုံတွင် အားလုံးပါဝင်ပြီး ထိရောက်သည့် ဆွေးနွေးပွဲဖြစ်ရန် အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်လာစေရေးအတွက် အလေးထား ဆွေးနွေးခဲ့ကြပါသည်။

မြန်မာနိုင်ငံနှင့် အီးယူတို့တွင် နိုင်ငံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့်စပ်လျဉ်း၍ နှစ်ဖက်အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

ဖိုရမ်ကို နှစ်ဖက်ဆက်ဆံရေး တိုးမြှင့်ရန်အတွက် အသုံးဝင်သည့် ယန္တရားတစ်ခုအဖြစ် ရှုမြင်ခဲ့ကြပြီး လာမည့်နှစ်တွင် ဘရပ်ဆဲလ်မြို့၌ ကျင်းပသွားရန် သဘောတူညီခဲ့ကြပါသည်။

ခရိုင်ပြန်/ဆက် ပြည်သူ့စာကြည့်တိုက်များတွင် အခမဲ့အင်တာနက် WiFi ဝန်ဆောင်မှုပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၉

ပြည်သူကိုဗဟိုပြု အများပြည်သူဝန်ဆောင်မှု အသိပညာပေးရေးလုပ်ငန်းတစ်ရပ်ဖြစ်သော အင်တာနက်ကိုအသုံးပြု၍ အခမဲ့ WiFi ကြည့်ရှုနိုင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို အောက်ပါ ခရိုင် ပြန်/ဆက် ပြည်သူ့စာကြည့်တိုက်(၃၅)ခုတွင် တနင်္ဂနွေနေ့မှအပ ကျန်ရက်များတွင် နံနက် ၇ နာရီမှ ည ၇ နာရီအထိ ကြည့်ရှုနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်တွင် ဗန်းမော်ခရိုင်၊ ကယားပြည်နယ်တွင် လွိုင်ကော်၊ ကရင်ပြည်နယ်တွင် ဘားအံ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် စစ်ကိုင်းနှင့် မုံရွာ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ပဲခူး၊ ပြည်နှင့် တောင်ငူ၊ မန္တလေးတိုင်း ဒေသကြီးတွင် မန္တလေး၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မြင်းခြံ၊ ရမည်းသင်း၊ ညောင်ဦးနှင့် မိတ္ထီလာ၊ မကွေးတိုင်းဒေသကြီးတွင် မကွေး၊ မွန်ပြည်နယ်တွင် မော်လမြိုင်နှင့်သထုံ၊ ရခိုင်ပြည်နယ်တွင် စစ်တွေ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်အရှေ့ပိုင်း (သဃ်န်းကျွန်း)၊ ရန်ကုန်အနောက်ပိုင်း (ကျောက်တံတား) နှင့် ပန်းဆိုးတန်းလမ်း (e- Library)၊ ရန်ကုန်မြောက်ပိုင်း (အင်းစိန်)နှင့် ရန်ကုန်တောင်ပိုင်း (သန်လျင်)၊ ရှမ်းပြည်နယ်တွင် တောင်ကြီး၊ လားရှိုးနှင့် ကျိုင်းတုံ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်၊ မြောင်းမြ၊ မအူပင်၊ ဟင်္သာတ၊ ဖျာပုံ၊ လပွတ္တာနှင့် နေပြည်တော်ကောင်စီနယ်မြေတွင် ဒက္ခိဏသီရိခရိုင် (ပျဉ်းမနား)ပြည်သူ့စာကြည့်တိုက်များတွင် အခမဲ့ အင်တာနက် WiFi အသုံးပြုနိုင်ကြပြီဖြစ်သည်။

စီစဉ်ဆောင်ရွက်

ဆက်လက်၍လည်း ကျန်ရှိသည့် ခရိုင်ပြည်သူ့စာကြည့်တိုက်များတွင် အင်တာနက် WiFi အခမဲ့ ကြည့်ရှုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

○ ကျောဖုံးမှ

ကဏ္ဍများစွာ ဆွေးနွေးခဲ့ပြီး ဖြစ်ပါကြောင်း၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ ဝန်ဆောင်မှု တိုးမြှင့်ရေး၊ အားကစားကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံတွင် ဖော်ဆောင်ခဲ့သော ကျေးရွာသစ် လှုပ်ရှားမှုများအား မြန်မာအရာရှိများ များစွာစိတ်ပါဝင်စားကြသည်ကို တွေ့ရှိရပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ၏ အတွေ့အကြုံများသည် မြန်မာနိုင်ငံအတွက် အနည်းငယ်မျှ အကူအညီရလျှင်ပင် များစွာဝမ်းမြောက်မိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံမှ အတွေ့အကြုံများကို မျှဝေပေးရေး၊ မြန်မာပညာသင်များအား ကိုရီးယားတက္ကသိုလ်များတွင် သင်ကြားခွင့်ရရှိရေး၊ မြန်မာနိုင်ငံတွင် သဘာဝသယံဇာတနှင့် လုပ်အားအခြေပြုလုပ်ငန်းများအတွက် လုပ်သားလုံလုံလောက်လောက် ရရှိနိုင်ပြီး ကိုရီးယားနိုင်ငံမှ အရင်းအနှီးနှင့် နည်းပညာများဖြင့် ပူးပေါင်းဆောင်ရွက်ပါက နှစ်နိုင်ငံအကျိုးဖြစ်ထွန်းနိုင်မှုတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးလှထွန်း၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae Yong တို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

သစ်တောနှင့် သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပြည်တွင်းသတင်း

မြန်မာ-အမေရိကန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့် အမေရိကန်လွှတ်တော်များ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များအား လေ့လာ

နေပြည်တော် ဇွန် ၁၉

အမေရိကန်ကွန်ဂရက် House of Representatives ဥက္ကဋ္ဌ Hon. Mr.John A. Boehner နှင့် အမေရိကန် ပြည်ထောင်စုအစိုးရတို့၏ ဖိတ်ကြားချက်အရ အမေရိကန်ပြည်ထောင်စုသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ အမျိုးသားလွှတ်တော်ကော်မတီအတွင်းရေးမှူး ဦးခက်ထိန်နန်၊ ပြည်သူ့လွှတ်တော်ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဝင်းမြင့်၊ ဒေါက်တာမျိုးအောင်တို့နှင့်အတူ ဇွန်လ ၁၁ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် အမေရိကန်ကွန်ဂရက်အဆောက်အအုံ (Capitol Hill) ၌ အတိုက်အခံခေါင်းဆောင် Senator Mitch McConell နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဇွန် ၁၂ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်ကွန်ဂရက် အဆောက်အအုံ (Capitol Hill) ၌ အမေရိကန် အထက်လွှတ်တော်အမတ် Senator Ms. Diane Feinstein Senator Benjamin Cardin နှင့် Senator John McCane အမေရိကန် အောက်လွှတ်တော်အမတ် Representative Joseph Crowley နှင့် Representative Jerrold Nadler တို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းနေ့ ညနေပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်ကွန်ဂရက် အဆောက်အအုံ (Capitol Hill) ၌ အမေရိကန် အောက်လွှတ်တော် အတိုက်အခံခေါင်းဆောင် အောက်လွှတ်တော်ဥက္ကဋ္ဌဟောင်း Ms.Nancy Pelosi နှင့်လည်းကောင်း၊ အမေရိကန် အထက်လွှတ်တော်အမတ် Senator Briam Schatz နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

၎င်းနောက် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်ကွန်ဂရက်အဆောက်အအုံ၌ အောက်လွှတ်တော် အမတ်များဖြစ်ကြသော Representative David Price နှင့် Representative Peter Roskam တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဇွန် ၁၁ ရက် နံနက် ၁၁ နာရီတွင် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဟောင်း Ms. Hilarry Clinton နှင့် ခေတ္တတည်းခိုနေထိုင်သည့် ဝါရှင်တန်ဒီစီမြို့ရှိ Grand Hyatt ဟိုတယ်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဇွန် ၁၇ ရက် နံနက် ၈ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဆန်ဖရန်စစ္စကိုမြို့တော်ဝန် Mr.Edwin Mah Lee တို့သည် ဆန်ဖရန်စစ္စကိုမြို့ရှိ Ritz-Carlton Hotel ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဇွန် ၉ ရက် နံနက်ပိုင်း President of NDI, Mr. Kenneth Wollack President of IRI, Mr.Lome Craner President of NED, Mr. Carl Gershman တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့နောက် IRG Board မှ ကွန်ဂရက်လွှတ်တော်အမတ်ဟောင်းများဖြစ်ကြသော Ambassador Jim Jones, Mrs. Nancy Johnson, Mr. James Slattery တို့မှ တည်ခင်းသော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။ ယင်းနောက် ကွန်ဂရက်လွှတ်တော်ဘတ်ဂျက်ရေးရာရုံး (CBO) နှင့် အစိုးရလုပ်ငန်းစစ်ဆေးရေးရုံး (GAO) တို့သို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြသည်။

ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည်အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မွန်းလွဲပိုင်းတွင် အမေရိကန်ကွန်ဂရက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ထို့နောက် အမေရိကန်ကွန်ဂရက် (Library of Congress)ကို ကြည့်ရှုလေ့လာကြသည်။ ညနေပိုင်းတွင် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီနှင့် အမေရိကန်ကုန်သည်ကြီးများအသင်း၌ ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

ဇွန် ၁၃ ရက် နံနက် ၁၁ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ဝါရှင်တန်ဒီစီမြို့ရှိ Woodrow Wilson Center ၌ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးစင်တာ (CSIS) နှင့် အမျိုးသားဒီမိုကရေစီရေးရာအဖွဲ့ (NDI)တို့က နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ထို့နောက် Woodrow Wilson Center ၌ မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာတက်ရောက်လာသူများ၏ မေးမြန်းမှုများအပေါ် ဖြေကြားခဲ့သည်။ ဇွန် ၁၄ရက် နံနက်ပိုင်းတွင် နယူးယောက်မြို့ရှိ Google ရုံးချုပ်သို့ သွားရောက်လေ့လာခဲ့သည်။

ဇွန် ၁၆ ရက် နံနက် ၉ နာရီခွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဆန်ဖရန်စစ္စကိုမြို့ရှိ မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများအား ရှင်းလင်းပြောကြားကာ မေးမြန်းမှုများအပေါ် ဖြေကြားခဲ့သည်။

ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ဆန်ဖရန်စစ္စကို မြို့တော်ခန်းမသို့ သွားရောက်လေ့လာရာ ဆန်ဖရန်စစ္စကို မြို့တော်ဝန်ဟောင်း Mr. Arthur Agnos နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီး အမှတ်တရဓာတ်ပုံရိုက်ကူးကြသည်။ ညနေ ၄ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် အမေရိကန် ဒီမိုကရေစီ ဖော်ဆောင်ရေးကျွမ်းကျင်ပုဂ္ဂိုလ် Professor Larry Diamond နှင့် တွေ့ဆုံခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန် ကွန်ဂရက် အထက်လွှတ်တော်၊ အောက်လွှတ်တော်များမှ လွှတ်တော်အမတ်များ၊ အတိုက်အခံခေါင်းဆောင်များ၊ လွှတ်တော် အမတ်ဟောင်းများ၊ အမေရိကန် ပြည်ထောင်စုရှိ NDI, IRI, NED, IRG, CRS, CBO စသည့်အဖွဲ့အစည်းများ၊ အမေရိကန် သမ္မတ၊ ဒုတိယသမ္မတများ၏ အကြံပေးပုဂ္ဂိုလ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ US Chamber of Commerce မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံရာတွင် မိမိနှင့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ အမေရိကန်ပြည်ထောင်စုသို့ လာရောက်ရသည့် ရည်ရွယ်ချက် နှစ်ခုရှိပါကြောင်း၊ ပထမအချက်အနေဖြင့် မြန်မာ-အမေရိကန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် ဆောင်ရွက်နိုင်ရေးဖြစ်ပါကြောင်း၊ ဒုတိယရည်ရွယ်ချက်မှာ အမေရိကန်နိုင်ငံတွင် ကျင့်သုံးနေသည့် ဒီမိုကရေစီစနစ်နှင့် ကွန်ဂရက်လွှတ်တော်များ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များအား လေ့လာပြီး လေ့လာချက်များထဲမှ ကောင်းမွန်သင့်လျော်သော အချက်များအား မြန်မာနိုင်ငံသို့ ယူဆောင်သွားနိုင်ရေးအတွက်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါကြောင်း၊ ယခုကဲ့သို့ ပြောင်းလဲ ကျင့်သုံးဆောင်ရွက်နိုင်ခြင်းမှာ ယခင်တပ်မတော်အစိုးရက အုတ်မြစ်ချပေးနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လမ်းကြောင်းပေးခဲ့သော ဈေးကွက်စီးပွားရေးစနစ်နှင့် ဒီမိုကရေစီစနစ်ကို ဆက်လက်လျှောက်လှမ်းသွားရန် လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် အားနည်းခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအား ယခုအစိုးရကလည်း ဖွံ့ဖြိုးတိုးတက်စေလိုပါကြောင်း၊ ခေတ်အဆက်ဆက်အုပ်ချုပ်ခဲ့သော အစိုးရများကလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ အောင်မြင်မှုနှင့်ဆုံးရှုံးမှုများအပေါ်တွင် ဝေဖန်ပုတ်ခတ်ပြောဆိုနေမည့်အစား သင်ခန်းစာရယူ၍ ဆောင်ရွက်သွားရမည့်အချိန်ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံများသည် ၎င်းတို့နည်း ၎င်းတို့ဟန် ၎င်းတို့နိုင်ငံနှင့် ကိုက်ညီသော ဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသော နိုင်ငံဖြစ်ရန်အတွက် မိမိတို့နိုင်ငံနှင့် လျော်ညီသော ဒီမိုကရေစီစနစ်ကို ကျင့်သုံးရန်လိုအပ်သည်ဟု ထင်မြင်ယူဆပါကြောင်း၊ ပြီးခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက ၅၂စနစ်ကို ကျင့်သုံးရန် လမ်းခင်းပေးခဲ့ပါကြောင်း၊ ဒီမိုကရေစီလိုလားသော ပြည်သူများနှင့် လိုလားသည့်နိုင်ငံများ၏ ပြောကြားချက်များအား အလေးထား ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်တွင်းရှိ ဒီမိုကရေစီအရေးတွင် တက်ကြွစွာပါဝင်ခဲ့ကြသောသူများ၏ ဆောင်ရွက်ချက်များကြောင့်လည်း ပါဝင်ပါကြောင်း၊ ယနေ့ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ မိမိတို့ လွှတ်တော်ဥက္ကဋ္ဌများ၊ ဒေါ်အောင်ဆန်းစုကြည်တို့က အဓိကနေရာမှ ပါဝင်ဆောင်ရွက်လျက်ရှိနေပါကြောင်း။

ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် လွှတ်တော်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ လွှတ်တော်မရှိပါက ဒီမိုကရေစီမရှိနိုင်ပါကြောင်း၊ လွှတ်တော်များရှိရန်လိုအပ်သကဲ့သို့ ခိုင်မာရန်လည်း လိုအပ်ပါကြောင်း၊ ထို့ကြောင့် အမေရိကန်နိုင်ငံ၏ ဒီမိုကရေစီစနစ်နှင့် ကွန်ဂရက်၏ ဆောင်ရွက်ချက်များအား လာရောက်လေ့လာခြင်းဖြစ်ပါကြောင်း၊ ဖက်ဒရယ်ကိစ္စနှင့်ပတ်သက်၍ အချို့က ခွဲထွက်ခွင့်ရှိသည်ဟု ဆိုခြင်းကို ဖက်ဒရယ်ဟု ယူဆနေကြကြောင်း၊ အချို့ကလည်း ဖက်ဒရယ်ဟုဆိုလျှင် ခွဲထွက်မည်ဟုထင်နေကြကြောင်း၊ ဖက်ဒရယ်ဆိုသည်မှာ ခွဲထွက်ရန်မဟုတ်ပါကြောင်း၊ ပေါင်းစည်းနေထိုင်၍ အာဏာကိုခွဲဝေသုံးစွဲရန်ဖြစ်ပါကြောင်း၊ အမေရိကန်ပြည်ထောင်စုပင်လျှင် တစ်ခုတည်းသော အမေရိကန်တပ်မတော်သာ ရှိပါကြောင်း၊ စုစည်းပေါင်းစုနေထိုင်ကာ အာဏာဖြန့်ဝေသုံးစွဲ၍ ကျင့်သုံးဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ ကျင့်စဉ်ဖြစ်ပြီး မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းရန်အတွက် အားလုံးပါဝင်ဆောင်ရွက်နိုင်ရေးသည် အရေးကြီးပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အမေရိကန် ကွန်ဂရက်လွှတ်တော်အမတ်များ၊ အဖွဲ့အစည်းများနှင့် တာဝန်ရှိပုဂ္ဂိုလ်များကလည်း အမေရိကန်ပြည်ထောင်စုအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုထောက်ခံပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အောင်မြင်မှုရရှိအောင် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ခေါင်းဆောင်နိုင်သည့်နိုင်ငံတော်သမ္မတ၊ အဆွေတော်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ မှန်ကန်သော ခေါင်းဆောင်မှုများ ရှိနေပြီဖြစ်သည့်အတွက် အောင်မြင်မှုရရှိမည်ဖြစ်ပါကြောင်း၊ မြန်မာ-အမေရိကန် နှစ်နိုင်ငံလွှတ်တော်များ၊ အဖွဲ့အစည်းများ ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီနှင့် အမေရိကန်ကုန်သည်ကြီးများ အသင်း၌ ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်စဉ်။
(သတင်းစဉ်)

ထိုင်းပါလီမန်ဥက္ကဋ္ဌနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်၌ကြည့်ရှုလေ့လာ

နေပြည်တော် ဇွန် ၁၉

ထိုင်းပါလီမန်ဥက္ကဋ္ဌနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Somsak Kiatsuaranont ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့မှ ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၈ နာရီတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

ထို့နောက် ဧည့်သည်တော် ထိုင်းပါလီမန်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်အတွင်း လှည့်လည်ဖူးမြော်ကြည်ညိုကာ စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီးရုံး၌ ဒုတိယဝန်ကြီး ဦးဝင်းသန်းအား သွားရောက်တွေ့ဆုံပြီး ထိုင်းနိုင်ငံမှ လုပ်ငန်းရှင်များ မြန်မာနိုင်ငံ၏ဆက်သွယ်ရေးကဏ္ဍတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ပြည်ထောင်စုလွှတ်တော်အား သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းပါလီမန်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကျင်းပသည့် ကျောက်မျက်ပြပွဲတွင် ခင်းကျင်းပြသထားမှုများ၊ ရတနာဆိုင်ခန်းများကို ကြည့်ရှုလေ့လာပြီး ကျောက်မျက်ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ညနေပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

◆ ***ရှေ့ဖုံးမှ***

ခွဲခန့်ရောက်ခဲ့ပြီး အများစုမှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝင်ပေါက်မှ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ဒုတိယအများဆုံး လာရောက်မှုမှာ မြန်မာနယ်စပ်ဂိတ်ဝင်ပေါက်များမှ ဖြစ်သည်။

မြန်မာနိုင်ငံသို့ ၂၀၁၂ ခုနှစ်က ပြည်ပခရီးသွားဧည့်သည်ရောက်ရှိမှုမှာ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က ပြည်ပခရီးသွားဧည့်သည်ရောက်ရှိမှုထက် ၂၅ ရာခိုင်နှုန်းတိုးတက်လာခြင်း ဖြစ်သည်။ ၂၀၁၃ ခုနှစ်၌ မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည် ပိုမိုရောက်ရှိလာမည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ ဂျာမနီနှင့် အရှေ့အလယ်ပိုင်းဒေသများမှ လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရန် ရှိနေရာ ခရီးသွားဧည့်သည်များ ရောက်ရှိမှု ပိုများလာမည် ဖြစ်သည်။

(မြန်မာ့အလင်း)

ကျေးလက်ရေရရှိရေးဆောင်ရွက်

နေပြည်တော် ဇွန် ၁၉

မွန်ပြည်နယ်အတွင်းရှိ ကျေးရွာများ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ဆောင်ရွက်နိုင်ရန် နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၂၃၅ ဒသမ ၅ သန်းဖြင့် ZF ကုမ္ပဏီအားလုပ်ငန်းအပ်နှံစနစ် ဆောင်ရွက်စေခဲ့ရာ မြို့နယ်ပေါင်း ၁၀ မြို့နယ်ရှိ ကျေးရွာပေါင်း ၃၀ တွင် လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ဆောင်ရွက်ပေးခဲ့သော ရေရရှိရေးလုပ်ငန်းများမှာ တွင်းနက်ခြောက်တွင်း၊ လက်တူးတွင်း ၁၅ တွင်း၊ မြေသားရေကန် ကိုးခုဖြစ်ပြီး ထိုသို့ဆောင်ရွက်ပေးနိုင်မှုကြောင့် အိမ်ခြေ ၁၆၆၇၉ ခု၊ လူဦးရေ ၈၁၆၁၅ ဦးအတွက် သောက်သုံးရေကို လွယ်ကူစွာရယူသုံးစွဲနိုင်ပြီ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း



ဘောလုံးကွင်းနှင့်အားကစားရုံတည်ဆောက်မှု ၈၅ ရာခိုင်နှုန်းပြီးစီး

မန္တလေး ဇွန် ၁၉

၂၀၁၃ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဒီဇင်ဘာလ၌ လက်ခံကျင်းပတော့မည်ဖြစ်ခြင်းကြောင့် အားကစားကွင်းများနှင့် တည်းခိုနေထိုင်ရေးအဆောက်အအုံများကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် တည်ဆောက်လျက်ရှိရာ မန္တလေးမြို့တွင် နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ဘောလုံးကွင်းနှင့် အားကစားရုံကို မက်စ်မြန်မာကုမ္ပဏီက ဆီးဂိမ်းပြိုင်ပွဲအမီ လက်ခံကျင်းပနိုင်ရန်အတွက် ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ စတင်တည်ဆောက်ခဲ့ရာ လုပ်ငန်းအားလုံး၏ ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရည်မှန်းထား

ယခုအခါ စီမံကိန်းတည်ဆောက်မှုလုပ်ငန်းအနက် အဆောက်အအုံအမိုး၊ ပရိသတ်ပွဲကြည့်စင်၊ ဘောလုံးကွင်းမြက်များ စိုက်ပျိုးခြင်းနှင့် ပြေးလမ်းဖောက်လုပ်ခြင်း၊ ရေသန့်၊ မိလ္လာနှင့် လျှပ်စစ်လုပ်ငန်းများ၊ ဓာတ်လှေကား၊ ပြင်ပခြံစည်းရိုးအုတ်နံရံတည်ဆောက်ခြင်းနှင့် ကွန်ကရစ်လမ်းဖောက်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ဇွန်လကုန်ပိုင်းတွင် လုပ်ငန်းအားလုံး၏ ၈၈ ရာခိုင်နှုန်း ပြီးစီးရန် ရည်မှန်းထားကြောင်း သိရသည်။

အဆိုပါ အဆင့်မြင့်ဘောလုံးကွင်းကို မက်စ်မြန်မာကုမ္ပဏီနှင့် တရုတ်ပညာရှင်များ ပူးပေါင်း၍ နိုင်ငံတကာအဆင့် စံချိန်စံညွှန်းမီစွာဖြင့် ယခုနှစ်အောက်တိုဘာလတွင် အပြီးတည်ဆောက်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်း၊ အားကစားရုံ၊ ပြေးလမ်း၊ ပွဲကြည့်စင်စသည်ဖြင့်ပါဝင်၍ဘောလုံးကွင်းအတွင်း ပရိသတ်ဦးရေ သုံးသောင်းခန့်ဝင်ရောက်ကြည့်ရှုနိုင်ကာ ဘောလုံးနှင့် ပြေးခုန်ပစ်အားကစားသာမက သံလုံးပစ်အားကစားနှင့် လှံတံပစ်အားကစားပါထည့်သွင်းကျင်းပနိုင်ကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

အရာတော်မြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုး

အရာတော် ဇွန် ၁၉

မုံရွာခရိုင် အရာတော်မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မြင်းမူ-အရာတော်-နောင်ကြီးအိုင်လမ်းဘေး မိုင်တိုင်အမှတ် ၂၅/၅ ရှိ ထန်းကြီးရွာ လမ်းခွသီတင်းသုံးကန်အနီး၌ ဇွန် ၁၅ ရက် နံနက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင် ဦးဆောင်သောကော်မတီဝင်များ၊ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာများမှ ပြည်သူများ စုစုပေါင်း ၃၀၀ ခန့်က ကျွန်း၊ ယူကလစ်၊ တမာ၊ မန်ကျည်း၊ မဲဇလီ၊ ယင်းမာပင် ၅၀၀ ကျော်တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) တင်ဝင်းလေး(ကြည့်မြင်တိုင်)

နေ့ခင်းကြောင်တောင်လျှပ်စစ်မီတာလဲရမည်အပြောဖြင့် အနုကြမ်းဝင်စီး

မန္တလေး ဇွန် ၁၉

မန္တလေးမဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက် အိမ်အမှတ် (၅/၅၂) ၌ ဇွန် ၁၄ ရက် နံနက် ၉ နာရီခွဲက မီတာလဲရမည်ဟုဆိုကာ လျှပ်စစ်ဝန်ထမ်းအယောင်ဆောင်၍ အနုကြမ်း ဝင်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မဟာမြိုင် (၂)ရပ်ကွက် ၆၃ နှင့် ၆၄ လမ်းကြား၊ ၄၁ လမ်းနှင့် ၄၂ လမ်းကြား အိမ်အမှတ် (၅/၅၂) နေအိမ်ထမင်းစားခန်း၌ မဇာခြည်မင်း (၂၉ နှစ်)သည် ကလေးအတွက် ထမင်းချိုင့်ထည့်နေစဉ် အဖြူရောင်အင်္ကျီလက်ရှည်ကို ခေါက်ကျယ်ဘောင်းဘီအရှည် အပြာရောင်ဝတ်ဆင်ထားသော အသက် (၃၀နှစ်) အရပ်ငါးပေကျော်ခန့်၊ အသားညို၊ ခန္ဓာကိုယ်တုတ်၊ အရောင်မမှတ်မိ ဦးထုပ်ဆောင်း၍ လက်အိတ်အမည်းစွပ်လျက် အမျိုးသားတစ်ဦးရောက်ရှိလာပြီး "မီတာလဲရမည်"ဟု ပြောဆို၍ ရေတောင်းသောက်သောကြောင့် မဇာခြည်မင်းက ရေခပ်ပေးပြီး ရေခွက်ချပေးစဉ် ထိုအမျိုးသားက မဇာခြည်မင်း၏ လည်ပင်းအား အရှည်ခြောက်လက်မခန့်ရှိ ဓားဦးချွန်ဖြင့်ထောက်၍ ပိုက်ဆံထားရှိရာနေရာသို့ လိုက်ပြခိုင်းသဖြင့် မဇာခြည်မင်းက ကြောက်လန့်ပြီး အိမ်အပေါ်ထပ်ရှိ ဗီရိုအတွင်းမှ ငွေကျပ်သုံးသိန်းနှင့် အောက်ထပ်ဗီရိုမှ ငွေကျပ်ရှစ်သိန်း စုစုပေါင်းငွေကျပ် ၁၁သိန်းထုတ်ပေးခဲ့လိုက်ရသဖြင့် အိမ်အတွင်းဝင်ရောက်ပြီး ဓားထောက်၍ အနုကြမ်းစီးသူ အဆိုပါ အမျိုးသားအားစုံစမ်းဖော်ထုတ်ပေးရန် မဇာခြည်မင်းက အမှတ်(၉)ရဲစခန်းသို့ ဇွန် ၁၅ ရက်က တိုင်တန်းခဲ့ရာ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၀၄၀)**

ပညာရေးဝန်ထမ်းများ ရေးဖြေ အောင်စာရင်းထွက်

နွားထိုးကြီး ဇွန် ၁၉

နွားထိုးကြီးမြို့နယ်မှ ပညာရေးဌာန၏ လွတ်လပ်နေသော ပညာရေးဝန်ထမ်းအဆင့်ဆင့်အတွက် အောင်စာရင်းကို ဇွန် ၁၇ ရက်က မြို့နယ်ပညာရေးမှူးရုံး၌ ကြော်ငြာထားသည်။ ရေးဖြေစာမေးပွဲ ၁၂၀၀ ကျော်ဖြေဆိုခဲ့ရာ အောင်မြင်သူ ၁၀၀၀ ကျော်ရှိပြီး လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းကို ဇွန် ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်ကြာ နေ့ရောညပါ စစ်ဆေးသွားမည်ဖြစ်သည်။ နွားထိုးကြီးမြို့နယ်မှ လက်ရှိလစ်လပ်နေသူ ဝန်ထမ်းအဆင့်ဆင့် ၇၀ ကျော် လိုအပ်နေကြောင်း သိရသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

မန္တလေးဘူတာကြီးတွင် ဇန်နဝါရီလမှ ဇွန် ၁၂ ရက်အထိ မူးယစ်ဆေးဝါး ၁၇ မှုဖမ်းဆီးရမိ

မန္တလေး ဇွန် ၁၉

မန္တလေး ချမ်းအေးသာစံမြို့နယ် မန္တလေးဘူတာကြီး၌ ဇွန် ၁၁ ရက် ညနေ ၆ နာရီ မိနစ် ၅၀ တွင် မန္တလေး-မြစ်ကြီးနား အမှတ်(၅၅) အဆန် ရိုးရိုးတန်းတွဲ အမှတ်(၇)၌ ခရီးသည်အမျိုးသမီးတစ်ဦးထံမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးဘူတာကြီး အမှတ်(၁)စင်္ကြံတွင် တွဲဆိုင်းထိုးထားသော ည ၇ နာရီ ၁၀ မိနစ်တွင် ထွက်ခွာမည့် မန္တလေး-မြစ်ကြီးနား အမှတ် (၅၅) အဆန်ရိုးရိုးတန်းတွဲ အမှတ်(၇) ခုံအမှတ် ၃၃ သို့ ခရီးဆောင်အိတ်နှင့် အချိုရည်ဂျပ်ဘူးတို့ဆွဲကိုင်၍ တက်လာသောခရီးသည် အမျိုးသမီးမယာဆနာအသက် (၃၇နှစ်) လီဆူးလူမျိုး လွယ်ရွက်ကျေးရွာ မိုးမိတ်မြို့နယ် ရှမ်းပြည်နယ် (မြောက်ပိုင်း)နေသူအား မသင်္ကာ၍ မန္တလေးရထားရဲစခန်းတပ်ကြပ်ကြီး ရှုမောင်တင်၊ ဒုတပ်ကြပ်သူရကျော်စွာ၊ ဒုတပ်ကြပ် ခင်မောင်ထွန်း၊ ရဲမေအေးအေးမာ၊ ပန်းအိသိန်းတို့ပါဝင်သောအဖွဲ့က မီးရထားရဲစခန်းသို့ ခေါ်ယူစစ်ဆေးခဲ့ရာ မယာဆနာပိုင် (Min Liang) တံဆိပ်ပါ ခရီးဆောင်ဘီးတပ် အညိုရောင်လက်ဆွဲအိတ်အတွင်း အဝတ်များနှင့်ရော၍ ထည့်ထားသော Good Morning တံဆိပ်ပါ မုန့်ပုံးအတွင်း အဖြူရောင်ပလတ်စတစ်အိတ်အကြည်ထုပ်နှင့်ထည့်ထားသော ဘိန်းဖြူဟုယူဆရသည့် ဖြူဝါရောင်အမှုန့်တစ်ထုပ်လျှင် ၁၂ ဂရမ်ပါ ၁၆ ထုပ်၊ အလေးချိန် ၁၉၂ ဂရမ်နှင့် New စာတန်းပါ တရုတ်အချိုရည်ဂျပ်ဘူးအတွင်းမှ New စာတန်းပါ အချိုရည်သံဘူးတစ်ဘူးစီတွင် အဖြူရောင်ပလတ်စတစ်အိတ်ဖြင့်ထုပ်ထားသော တစ်ထုပ်လျှင် ၁၂ ဂရမ်ပါ ခြောက်ဘူး၊ အလေးချိန်ပေါင်း ၇၂ ဂရမ်ခန့် စုစုပေါင်း ၂၂ ထုပ်၊ စုစုပေါင်းအလေးချိန် ၂၆၄ ဂရမ်ခန့် ကာလတန်ဖိုးစုစုပေါင်းငွေကျပ် ၂၁၁၂၀၀၀၀ ဖြစ်ပြီး တရားခံမယာဆနာအားမန္တလေးရထားရဲစခန်းမှ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ပုဒ်မအရအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မန္တလေးဘူတာကြီးရဲစခန်းမှ ဇန်နဝါရီလမှစ၍ ဇွန် ၁၂ ရက်အထိ ဖမ်းဆီးရမိခဲ့သော မူးယစ်ဆေးဝါး အမှုပေါင်း ၁၇ မှုရှိခဲ့ပြီး မူးယစ်ဆေးဝါးကာလတန်ဖိုး စုစုပေါင်း ငွေကျပ် ၃၆၃၀၀၃၀၅၆ ဖြစ်ကြောင်း သိရသည်။ **(၀၄၀)**

သီးနှံအမျိုးအစားအလိုက် ဈေးနှုန်းမှန်ကန်ရေးဆောင်ရွက်

ရမည်းသင်း ဇွန် ၁၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ လယ်ယာကဏ္ဍ G.D.P တွင် သီးနှံအမျိုးအစားအလိုက် ကာလအမှန် မြေပြင်ပေါက်ဈေးနှုန်းများဖြင့် တွက်ချက်တင်ပြရေးနှင့် ကိန်းဂဏန်းမှန်ရေးအတွက် ဆွေးနွေးပွဲကို ဇွန် ၁၈ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးမှူး ဦးဝင်းကိုက လယ်ယာကဏ္ဍ G.D.P တွက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စက်မှုကုန်ကြမ်းသီးနှံဦးစီးဌာန၊ ဌာနဆိုင်ရာများနှင့် လယ်/စီကော်မတီများမှ ဆွေးနွေးတင်ပြကြရာ ခရိုင်စီမံကိန်းဦးစီးမှူး ဦးဝင်းကိုက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ **(ခရိုင် ပြန်/ဆက်)**

ဆီးဂိမ်းတွင် အောင်ပွဲဆင်ရန် မြန်မာဂျူဒိုအဖွဲ့ ပြင်ဆင်

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်

ရန်ကုန်   ဇွန်   ၁၉

ဆီးဂိမ်းပြိုင်ပွဲများတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ် ပုံမှန်ရယူပေးနေကျ အားကစားအဖွဲ့များထဲတွင် ဂျူဒိုအဖွဲ့လည်း အပါအဝင်ဖြစ်သည်။ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်လည်း အောင်မြင်မှုရရှိရေးအတွက် မြန်မာဂျူဒိုအဖွဲ့သည် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။

မြန်မာဂျူဒိုအဖွဲ့သည် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ယှဉ်ပြိုင်ရန်အတွက် ပဏာမလက်ရွေးစင်အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၅ ဦး ရွေးချယ်လေ့ကျင့်ပေးလျက်ရှိပြီး ကစားသမား ၄၀ ကျော်ကို လူရွေးချယ်မှုများ ပြုလုပ်ကာ ယခုပဏာမလက်ရွေးစင် ၃၃ ဦးကို ထပ်မံစိစစ်ရွေးချယ်ထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ယခုဆီးဂိမ်းပြိုင်ပွဲတွင် ဂျူဒိုပြိုင်ပွဲ၌ ပုံမှန်ကျင်းပနေကျ အတိုက်ပြိုင်ပွဲအပြင် အပြပြိုင်ပွဲကိုလည်း ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ယင်းအတွက်ကြောင့် နိုင်ငံခြားနည်းပြအဖြစ် ဂျပန်လူမျိုးနှစ်ဦးကို ငှားရမ်းထားပြီး အတိုက်ပြိုင်ပွဲ၌ ရှင်တာဂိုချီဟာရာနှင့် အကပြိုင်ပွဲ၌ ကာကီဂူမာတို့ကို ငှားရမ်းထားခြင်းဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် ပဏာမကစားသမားများထဲမှ အမျိုးသမီးကစားသမားများမှာ ဇန်နဝါရီ ၇ ရက်မှ ဖေဖော်ဝါရီ ၇ ရက်အထိလည်းကောင်း၊ အမျိုးသားကစားသမားများမှာ မတ် ၁ ရက်မှ ၃၁ ရက်အထိလည်းကောင်း ဂျပန်နိုင်ငံတွင် သွားရောက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်မှုအနေဖြင့် ဇူလိုင် ၂၅ ရက်မှ ၂၉ ရက် အထိကျင်းပမည့် ထိုင်းအပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲကို ယှဉ်ပြိုင်မည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲ အကြို အာဆီယံဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲကို ဩဂုတ်လအတွင်း နေပြည်တော်၌ ကျင်းပရန် စီစဉ်ထားသည်။ ဆီးဂိမ်းမတိုင်မီ နောက်ဆုံးပြင်ဆင်မှုအနေဖြင့် စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ ဂျပန်နိုင်ငံတွင် ခြောက်ပတ်ကြာ သွားရောက်လေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၁ အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေခြောက်ခု၊ ကြေးနှစ်ခုဆွတ်ခူးရရှိခဲ့သော မြန်မာဂျူဒိုအဖွဲ့အနေဖြင့် ကိုယ့်မြေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်တွင် ပြုလုပ်မည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှု ဘယ်လောက်အထိ ရယူနိုင်မလဲဆိုတာစောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

11th Mercedes Benz Junior Golf Championships 2013 ပြိုင်ပွဲတွင် မြန်မာအားကစားသမားများ ဆုများအသီးသီးရရှိ

ရန်ကုန်   ဇွန်   ၁၉

ဇွန် ၁၂ ရက်မှ ၁၄ ရက်အထိ Burapha Golf & Resort ၌ ကျင်းပခဲ့သည့် 11th Mercedes Benz Junior Golf Championship India,China,Chiness, Chinence Taipei လူငယ်ဂေါက်သီးရိုက်အသင်း အနေဖြင့် အသင်းခေါင်းဆောင် ဦးမင်းသိန်း မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အသင်းအုပ်ချုပ်သူ ဦးမျိုးထွန်း မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူးတို့ ဦးဆောင်၍ သွားရောက် ယှဉ်ပြိုင်ကြသည်။

မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းသည် သက်တန်းအလိုက်ပြိုင်ပွဲအမျိုးမျိုးတွင် အမျိုးသားအားကစားသမားရှစ်ဦး၊ အမျိုးသမီးအားကစားသမားခြောက်ဦး စုစုပေါင်း ပြိုင်ပွဲဝင်အားကစားသမား စုစုပေါင်း ၁၄ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် Japan, India, China , China(Taipei), Thailand, Hong Kong, Philippines, Indonesia, Malaysia, Canada , Australia , Myanmar စသည့် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ အားကစားသမား စုစုပေါင်း ၁၄၀ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ အမျိုးသမီးဂေါက်သီးအားကစားသမား ယဉ်မေမျိုးက (Girl Class 3) ပထမဆုရရှိခဲ့သည်။ ယမန်နှစ်ပြိုင်ပွဲတွင်လည်း ပထမဆုရရှိခဲ့၍ နှစ်ထပ်ကွမ်းချန်ပီယံဖြစ်ခဲ့သည်။

မေဦးခိုင်က(Girl Class 4)ပြိုင်ပွဲတွင်တတိယဆု၊ သင်းဝေခိုင်က (Girl Class ပြိုင်ပွဲတွင် 1)ပြိုင်ပွဲတွင် အတိုးတက်ဆုံးအားကစားသမားဆု၊ အမျိုးသားဂေါက်သီးအားကစား သမားဇင်မင်းသူက (Boy Class B4) ပြိုင်ပွဲတွင် တတိယဆု၊ သီဟဌေးက (Boy Class B4) ပြိုင်ပွဲတွင် စတုတ္ထဆုများ အသီးသီးရရှိခဲ့သည်။ အောင်ပွဲရ မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းသည် ဇွန် ၁၅ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာခဲ့ရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ Air Bagan မှ လေယာဉ်မယ်များက ဂုဏ်ပြုပန်းစည်းများဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ) (မြန်မာ့အလင်း)**

မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ရန်ကုန်   ဇွန်   ၁၉

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးဝင်းအောင်နီ၊ နယ်ထိန်းအရာရှိ ဒုတိယရဲအုပ် တင်မောင်စိုးနှင့်အဖွဲ့သည် ဇွန် ၁၂ ရက် နံနက် ၆ နာရီ ၁၅ မိနစ်က မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်း မင်္ဂလာဈေးအနီး၌ အုတ်ကွန်း(မ) (၂၃ နှစ်) ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ပန်ယံကျေးရွာနေသူကို သက်သေများနှင့်အတူရှာဖွေရာ ၎င်း၏ခန္ဓာကိုယ် ခါးစည်းအတွင်းရှိ ပလတ်စတစ်အဝါရောင်အိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၉၉၈၀ ၊ WY စာတန်းပါ အစိမ်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၈၅ ပြား စုစုပေါင်း ၁၀၀၆၅ ပြားနှင့် အကြည်ရောင် ပလတ်စတစ်အိတ်အတွင်း ဘိန်းဖြူ ၃၈၀ ဂရမ်ခန့်ပါ လေးထောင့် ဘလောက်တုံးတစ်တုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ မင်္ဂလာတောင်ညွန့်မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ဝင်းအောင်နီ၊ နယ်ထိန်းအရာရှိ ဒုတိယရဲအုပ် တင်မောင်စိုးနှင့်အဖွဲ့သည် ဇွန် ၁၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်း ယုဇနပလာဇာကားမှတ်တိုင်အနီး၌ အေးမောင်နှင့် ယေ့လုံ(မ)တို့နှစ်ဦးကိုရှာဖွေရာ အေးမောင်ကိုင်ဆောင်ထားသော ခရီးဆောင်လက်ဆွဲအိတ်အတွင်းဘက် အောက်ခြေတွင် အနက်ရောင်တိပ်ဖြင့် ပတ်ထားသော အိတ်အရှည်လေးလုံးအတွင်း ထည့်လျက် WY စာတန်းပါပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂၄၀၊ အစိမ်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀ စုစုပေါင်း ၁၁၃၅၀ သိမ်းဆည်းရမိသဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

တာလော့ အမက ကျောင်းသား ကျောင်းသူများအား နွားနို့တိုက်ကျွေး

တာချီလိတ်   ဇွန်   ၁၉

တာချီလိတ်မြို့ တာလော့ အမက မူလွန် အခြေခံပညာမူလတန်းကျောင်း၌ ဇွန် ၁၈ ရက် နံနက် ၉ နာရီခွဲတွင် ကျောင်းသား ကျောင်းသူများကို အာဟာရနွားနို့ တိုက်ကျွေးခဲ့သည်။ အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာ ကျော်ကျော်စိုးက နွားနို့တိုက်ကျွေးရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

တိုက်ကျွေး

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ဖိတ်ကြားထားသော မွေးမြူရေးလုပ်ငန်းရှင်များနှင့် အလှူရှင် ဒေါ်နီနီစိုးတို့က ကျောင်းသားကျောင်းသူများကို အာဟာရနွားနို့ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

သီဟ(၇၉)သူငယ်ချင်းများသို့ ဖိတ်ကြားလွှာ

နှစ်စဉ်တွေ့ဆုံဒါနပြုပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

ဒါနပြုပွဲ	နေ့ရက်/အချိန်	နေရာ
	၂၂-၆-၂၀၁၃ ရက် ၀၉း၀၀နာရီ	နိုင်ငံတော်သံဃာ့မဟာနာယကကျောင်းဆောင် (ကမ္ဘာအေး)
တွေ့ဆုံညစာစားပွဲ	၂၂-၆-၂၀၁၃ ရက် ၁၈း၀၀နာရီ	ကုန်းမြင့်သာစားတော်ဆက်၊ ၈ မိုင်

သူငယ်ချင်းများ ဇနီးနှင့်အတူ တက်ရောက်ပါရန်နှင့် ကျဆုံး/ကွယ်လွန်သူငယ်ချင်းများ၏ ဇနီးများလည်း တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-

ခင်ဌေး ဖုန်း-၀၉-၅၀၃၄၉၃၅၊ မျိုးမြင့် ဖုန်း-၀၉-၅၁၅၆၀၁၃၊ ထွန်းညွန့် ဖုန်း-၀၉-၄၄၈၀၂၃၆၁၉၊ ကျော်ဌေး ဖုန်း-၀၉-၇၃၂၄၄၇၇၀၊ မြသန်း ဖုန်း-၀၉-၅၁၃၀၀၃၀

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြစ်ကြီးနားခရိုင်အတွင်းရှိ မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ တနိုင်းမြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ရှင်ဗွေယန်မြို့နယ်ခွဲများမှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု၊ ပြည်နယ်လမ်း-တံတားလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သော အောက်ပါလမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား မြို့နယ်အလိုက်၊ လမ်းအလိုက်၊ အပိုင်းအလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်   အမှတ် (၁) (၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်)

(၁) လမ်းခင်းကျောက်မျိုးစုံ - ၂၀၀၀၀ကျင်း
(၂) ဘိလပ်မြေ - ၂၀၀တန်
(၃) သံချောင်းလုံး(ရွယ်စုံ) - ၃၂တန်
(၄) မြစ်သဲ - ၁၅၀ကျင်း
(၅) တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက် - ၂၄-၆-၂၀၁၃ရက်
(၆) တင်ဒါလျှောက်လွှာရယူနိုင်သည့်နောက်ဆုံးရက် - ၃၀-၆-၂၀၁၃ရက်
(၇) တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၁-၇-၂၀၁၃ရက် (ရုံးချိန်အတွင်း)
(၈) တင်ဒါတင်သွင်းရမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ပြည်သူ့ဆောက်လုပ်ရေး - လုပ်ငန်း၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့
(၉) အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံကို ရုံးချိန်အတွင်း မြို့နယ်အင်ဂျင်နီယာရုံးများတွင်လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်
- မြစ်ကြီးနားမြို့နယ်ရုံး ဖုန်း-၀၇၄-၂၂၃၆၅
- ဝိုင်းမော်မြို့နယ် ဖုန်း-၀၇၄-၈၀၀၀၆
- တနိုင်းမြို့နယ် ဖုန်း-၀၉-၄၇၀၂၂၇၂၀
- အင်ဂျန်းယန်မြို့နယ် ဖုန်း-၀၉-၄၇၀၃၉၉၆၇၊
- ရှင်ဗွေယန်မြို့နယ်ခွဲ ဖုန်း-၀၉-၆၈၀၅၃၇၃

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ဖခင်အမည်မှန်

နမ္မတီး အထက အဌမတန်း(B) မှ မအုန်းသန့်သန့်သန်း၏ ဖခင်အမည်မှန်မှာ ဦးလှမြင့် ဖြစ်ပါသည်။

ပျောက်ဆုံးကြောင်း

Poe Thiri Kyaw Co.,Ltd.အမည်ပေါက်ဖြင့် လိုင်စင်ရရှိထားသော Import လိုင်စင်အမှတ် WQIL 1 12-13 6054 02/01/2013 သည် ၂၂-၅-၂၀၁၃ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ကျေးဇူးဆပ်ပါမည်

မတိုးတိုးနိုင် ၉/မလန(နိုင်)၀၁၃၄၀၉၏ နိုင်ငံကူးလက်မှတ်အမှတ် M-746790 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၀၃၃၅၄

အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊အင်္ဂပူမြို့နယ်၊ ခွေးတောက်ချောင်းအုပ်စု၊ နံ့ကပ်ကြီးရွာ(ခွဲ) အထကတွင် ပညာသင်ကြားနေသော ဦးသက်နိုင်ထွန်း-ဒေါ်ချိုချိုဝင်းတို့၏သမီး မရွယ်ခြူးတွယ်တာအား မမေရွှန်းလဲ့ပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမေရွှန်းလဲ့ပိုင်**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၈၁၈၃၊ Nissan Carrier၊ L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၁၂/ရကန(နိုင်)၀၅၀၆၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့
ကချင်ပြည်နယ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ မိုးညှင်းဒီဂရီကောလိပ်နှင့် ဗန်းမော်တက္ကသိုလ်များတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းဖြင့် တည်ဆောက်မည့် အောက်ဖော်ပြပါ စီမံကိန်း/လုပ်ငန်းများအား ဆောင်ရွက်ရန် စိတ်ပါဝင်စားသူ ကုမ္ပဏီများ/လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဗန်းမော်တက္ကသိုလ်
(၁) နှစ်ထပ်စာသင်ဆောင် တစ်လုံးဆောက်လုပ်ခြင်း ပေ(၂၀၈×၃၈) သံကူကွန်ကရစ် (ရေ၊ မီးအပါအဝင်)
(၂) ဆရာ၊ ဆရာမများအဆောင်သို့ လုံခြုံရေးလမ်းမီး(4 Øcopper wire) ပေ ၁၀၀၀ သွယ်တန်းခြင်းလုပ်ငန်း (ကွန်ကရစ်တိုင် ၁၁ လုံးအပါအဝင်)
(၃) လျှိုကူးတံတား တံတားနှစ်စင်းတည်ဆောက်ခြင်း(သံကူကွန်ကရစ်) ပေ(၁၆၀×၁၀)
(၄) ဘောလုံးကွင်း တည်ဆောက်ခြင်း ပေ(၆၀၀×၄၀၀) မီတာ(၄၀၀) ပြေးလမ်းအပါအဝင်
(၅) နှစ်ထပ်စာကြည့်တိုက်တစ်လုံးတည်ဆောက်ခြင်းလုပ်ငန်း ပေ(၉၀×၃၀) သံကူကွန်ကရစ်(ရေမီးအပါအဝင်)
(၆) ၂၀ ဦးဆံ့ ဆရာ/ဆရာမများအဆောင် နှစ်ထပ်တစ်လုံး(သံကူကွန်ကရစ်) ရေမီးအပါအဝင် အဆောင်ပေ(၁၁၅×၃၀) မီးဖိုချောင်ပေ(၂၀×၃၀) (၇၅၀၀ စ/ပ)
(၇) ၁၆၀ဦးဆံ့ ကျောင်းသူအိပ်ဆောင်နှစ်ထပ်တစ်လုံး (သံကူကွန်ကရစ်)(ရေမီးအပါအဝင်)(၂၂၁၈၈ စ/ပ)၊ အိပ်ဆောင် (၂၂၈×၃၆) ပေ၊ ဘေးဝဲယာနှစ်ဖက်၊ ရေချိုးခန်း အိမ်သာဆောင် (၂၄×၁၈)ပေ၊ ထမင်းစား(၅၈×၅၈)ပေ၊ မီးဖိုချောင် ပေ(၂၄×၂၀)၊ လွှစာဖိုဆောင် ပေ(၂၀×၁၀)

(ခ) မိုးညှင်းဒီဂရီကောလိပ်
(၁) ၁၆၀ဆံ့ ကျောင်းသားအိပ်ဆောင်နှစ်ထပ်နှစ်လုံး (သံကူကွန်ကရစ်)၊ (ရေမီးအပါအဝင်)၊ (၂၂၁၈၈ စ/ပ)၊ အိပ်ဆောင် (၂၂၈×၃၆)ပေ၊ ဘေးဝဲယာနှစ်ဖက်၊ရေချိုးခန်း အိမ်သာဆောင် (၂၄×၁၈)ပေ၊ ထမင်းစား(၅၈×၅၈)ပေ၊ မီးဖိုချောင် (၂၄×၂၀)ပေ လွှစာဖိုဆောင် (၂၀×၁၀)ပေ

၂။ တင်ဒါလျှောက်လွှာပုံစံအား ၂၄-၆-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း လူမှုရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၈-၇-၂၀၁၃ ရက် ညနေ ၁၆း၃၀နာရီ နောက်ဆုံးထား၍ ပေးသွင်းရမည်ဖြစ်သည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

တင်ဒါခေါ်ယူရေးနှင့်တင်ဒါစိစစ်ရေးကော်မတီ

လူမှုရေးဝန်ကြီးဌာနရုံး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့	**ဖုန်း-၀၇၄-၂၉၅၂၀**
တာဝန်ခံပါမောက္ခချုပ်၊ ဗန်းမော်တက္ကသိုလ်	**ဖုန်း-၀၇၄-၅၀၆၇၄**
ကျောင်းအုပ်ကြီး၊ မိုးညှင်းဒီဂရီကောလိပ်	**ဖုန်း-၀၇၄-၆၀၂၃၅**

ပြည်တွင်းသတင်း

မြစ်ဝကျွန်းပေါ်ဒေသ ယာဉ်ကုန်သတ်မှတ်မှုပြေလျော့၍ ကုန်စည်ပို့ဆောင်မှု လွယ်ကူလာ

ရန်ကုန် ဇွန် ၁၉

မြစ်ဝကျွန်းပေါ်ဒေသရှိ လမ်းအချို့တွင် မိုးတွင်းကာလ ယာဉ်+ကုန် ကန့်သတ်မှုများပြုလုပ်ထားရာမှ ဖြေလျော့မှု အနည်းငယ်ရှိလာသဖြင့် ကုန်တင်ယာဉ်သမားများ ကုန်စည်ပို့ဆောင်ရာတွင်အဆင်ပြေလာကြောင်း ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ဒါးက-အိမ်မဲလမ်း၊ ကံကုန်း-မြင်းကဆိပ်လမ်း၊ ငပုတော-ပုသိမ်လမ်းတို့တွင် မိုးတွင်းကာလ ယာဉ်+ကုန် ခြောက်တန်နှင့်အထက် ယာဉ်များ ဇွန် ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ငါးလတာသွားလာခွင့် မပြုကြောင်း သက်ဆိုင်ရာမှ စာဖြင့် အကြောင်းကြားလာကြောင်း ယာဉ်ပိုင်ရှင်များက ဆိုသည်။ ခြောက်ဘီးကုန်တင်ယာဉ်တစ်စီးလျှင် ကုန်မပါအလွတ် အလေးချိန်ပျမ်းမျှ ခြောက်တန်ဝန်းကျင်ရှိကြောင်း၊ ၁၄ ပေ ဒိုင်နာယာဉ်များဆိုလျှင် ယာဉ်အလေးချိန် လေးတန်ဝန်းကျင်ရှိနေကြောင်း၊ သို့ဖြစ်ရာ ယာဉ်အလေးချိန် တစ်တန်ဝန်းကျင်ရှိ ထော်လာဂျီများသာ သွားလာနိုင်ကြောင်း ယာဉ်ပိုင်ရှင်များက ဆိုသည်။

သက်ဆိုင်ရာသို့ ယာဉ်ပိုင်ရှင်များက တင်ပြလာသဖြင့် ယာဉ်+ကုန် ၁၀ တန်အထိ ယာဉ်များသွားလာခွင့်ကို ယခုရက်ပိုင်းတွင် ခွင့်ပြုလိုက်သော အိမ်မဲ-ကျောင်းကုန်းလမ်းတွင် ခြောက်ဘီးယာဉ်ကြီးများ ကျောင်းကုန်းလမ်း အသုံးပြုခ ကောက်ခံရေးစခန်း၏ ယာဉ်+ကုန် ၁၀ တန်ဖြတ်ပိုင်းကို ပြသ သွားလာခွင့်ရလာကြောင်း၊ ရန်ကုန်မှလာသော ခြောက်ဘီးယာဉ်ကြီးများ ယာဉ်+ကုန် ၁၆ တန် တင်ဆောင်လာရာ ယင်းတိုးဂိတ်မရောက်မီ ခေါက်တိုယာဉ်များဖြင့် ယာဉ်+ကုန် ၁၀ တန်အထိ ကုန်ချပြီး တိုးဂိတ်ကို ဖြတ်၍ ယာဉ်+ကုန် ၁၀ တန်ဖြတ်ပိုင်း ရယူသကဲ့သို့ အိမ်မဲမှ ရန်ကုန်သို့အလာတွင်လည်း ကျောင်းကုန်းတိုးဂိတ်ကို ယာဉ်+ကုန် ၁၀ တန် အလေးချိန်ဖြင့် ဖြတ်ပြီးမှ တိုးဂိတ်အလွန်တွင် ခေါက်တိုယာဉ်ဖြင့် သယ်လာသောကုန်များ ပြန်လည်တင်ဆောင်ကာ ယာဉ်+ ကုန် ၁၆ တန်ဖြင့် မိုင် ၇၀ ဝန်းကျင်ခရီးကို ဆက်လက်မောင်းနှင်ရကြောင်း ယာဉ်မောင်းတစ်ဦးက ဆိုသည်။

ပြောင်းလဲခြင်းမရှိ

ကျောင်းကုန်းတိုးဂိတ် နှစ်ဖက်နေရာများတွင် ယခုအခါ ခေါက်တိုယာဉ်များ၊ ကုန်တင်ကုန်ချ အလုပ်သမားများဖြင့် အလုပ်အကိုင်နေ့စဉ်ဖြစ်ပေါ်နေကြောင်း၊ ကုန်ကားပိုင်ရှင်များ ခေါက်တိုကားခနှင့် အလုပ်သမားခ ကုန်ချငွေပိုလာသော်လည်း ရန်ကုန်မှ အိမ်မဲ ဘီလပ်မြေတစ်အိတ်ကားခ ငွေကျပ် ၄၀၀ နှုန်း၊ အိမ်မဲမှ ရန်ကုန်ဆန်၊ ပဲ တစ်အိတ်ကားခ ငွေကျပ် ၇၀၀ နှုန်းမှာမူ ပြောင်းလဲခြင်းမရှိဟု ယာဉ်မောင်းများက ဆိုသည်။

အဆင်ပြေ

ကျောင်းကုန်းမြို့တွင်းသို့လည်း ယာဉ်+ကုန် ကန့်သတ်မှုရှိသဖြင့် ကုန်ကားများအနေဖြင့် ထော်လာဂျီ၊ ဒိန်းဒေါင်းယာဉ်များဖြင့် မိုးတွင်းကာလ ကုန်လွှဲပြောင်းတင်ချနေရကြောင်း ဇွန် ၁၆ ရက်က တိုးဂိတ်အလွန်တွင် အိမ်မဲ-ကျောင်းကုန်း ကုန်ကားများဖြင့် စည်ကားနေသည်ကို မြင်တွေ့ခဲ့ရသည်ဟု ပုသိမ်သွား ကုန်ကားမောင်းသူတစ်ဦးက ဆိုသည်။ ခြောက်ဘီးယာဉ်ကြီးများ ကျောင်းကုန်းမြို့တွင်း ကုန်မပါအလွတ် ဝင်ခွင့်မရသဖြင့် သက်ဆိုင်ရာသို့ တင်ပြမေတ္တာရပ်ခံမှုကြောင့် မိုးတွင်းကာလ ကုန်မပါအလွတ်ဝင်ခွင့်ရလာသဖြင့် ကုန်ကားပိုင်ရှင်များ အဆင်ပြေမှုရှိလာကြောင်းသိရသည်။

ခင်ဆိုင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၉-၆-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၀၉၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၆၇၃၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၄၉-၉၅၉ ကျပ်
ဥရောပ	တစ်ယူရို	၁၂၆၇-၁၂၈၅ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၄၈-၇၆၀ ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၃-၃၀. ၄၅ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆. ၄၄ ကျပ်
တရုတ်	တစ်ယွမ်	၁၅၃-၁၅၅ ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၀၅ ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၂၀၀ - ၆၅၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၅၀၀ - ၃၀၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၄၇၀၀ - ၆၈၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၆၀၀၀ -၁၂၀၀၀ ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၅၀၀၀ - ၇၅၀၀ ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ -၂၅၀၀၀ ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၁၅၀၀၀ -၂၀၀၀၀ ကျပ်
၈။	ကြက်	တစ်ပိဿာ	၄၅၀၀ -၁၂၀၀၀ ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀ ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀ ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀ -၁၅၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နှမ်းဆန်	တစ်အိတ်	၁၇၁၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၁၅၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၆၆
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၉၀-၄၅၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၇၅၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၂၀၀
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၇၅၀-၉၁၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၈၀၀-၁၈၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၃၀၀
၁၂။	သကြား	တစ်ပိဿာ	၈၆၀-၉၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ချောင်းသာ၌ အိပ်ပျော်စဉ် ငွေ ၁၄ သိန်း ပျောက်ဆုံး

ပုသိမ် ဇွန် ၁၉

ပုသိမ်မြို့နယ် ချောင်းသာကမ်းခြေရှိ ဟိုတယ်တစ်ခု၌ ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီက တည်းခိုနေထိုင်ကြသော အောင်ဇော်ဦး (၃၃ နှစ်) ရန်ကုန်မြို့နေသူသည် ၎င်း၏ ဇနီးဖြစ်သူနှင့်အတူ အခန်းနံပါတ် ၃၀၃ တွင် အိပ်စက်နားနေရာမှ ဇွန် ၁၆ ရက် နံနက် ၇ နာရီတွင် အိပ်ရာမှထကြ၍ ပိုက်ဆံအိတ်ကို ဖွင့်ကြည့်လိုက်ရာ ငွေကျပ် ၁၄ သိန်း ပျောက်ဆုံးနေကြောင်း သိရသဖြင့် သက်ဆိုင်ရာဟိုတယ်တာဝန်ခံတို့ထံမှတစ်ဆင့် ချောင်းသာရဲစခန်းသို့ တိုင်ကြားပြီး ပြစ်မှုကျူးလွန်သူအား စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။ (၀၇၇)

မွေးနေ့ဆုတောင်း

၂၀-၆-၂၀၁၃ တွင် ကျရောက်သော ကျေးဇူးရှင် ချစ်မေမေ - [illegible] ၏ မွေးနေ့မှသည် နောင်နှစ်ပေါင်း မွေးနေ့များစွာတိုင် ချစ်သားများ ချစ်သမီး၊ ချစ်မြေး များနှင့်အတူ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် ဘဝကို ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားများ

ချစ်သမီး – ဒေါက်တာ [illegible]
Ph.D, Chem

ချစ်မြေးများ – [illegible]
သူရိန်ကောင်းသန့်၊ နေရည်ကောင်းသန့်

ဦးအောင်အောင်
၁၃/တကန(နိုင်)၀၈၅၄၈၆ကိုင်ဆောင်သူ
သိစေရန်ကြေညာခြင်း

လူကြီးမင်း၏ ၁၁-၆-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ပါရှိသော ကြေညာချက်နှင့် ပတ်သက်၍ ကျွန်တော် ဦးစိုင်းမျိုးလှမှ ဆောင်ရွက်ထားခြင်း တစ်စုံတစ်ရာမရှိပါသဖြင့် ဖြေရှင်းရန် အကြောင်းမရှိပါ။

မိတ်ဆွေရင်းများဖြစ်သည့်အားလျော်စွာ တွေ့ဆုံဖြေရှင်းလိုပါက လူကြီးမင်း၏ဆန္ဒအရ ယနေ့မှစ၍ ၁၄ရက်အတွင်း ကျွန်တော်၏နေအိမ်သို့ဖြစ်စေ၊ ကျောင်းကြီးစုရပ်ကွက်အုပ်ချုပ်ရေးရုံး၌ဖြစ်စေ ကြိုတင်အကြောင်းကြားချက်ဖြင့် တွေ့ဆုံ ဖြေရှင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးစိုင်းမျိုးလှ ၁၃/တကန(နိုင်)၀၄၃၆၉၃
အမှတ် (၄၉)၊ စဝ်စံထွန်းလမ်း၊
ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့

ဒသမအကြိမ် လယ်တီမဟာသရဏဂုံတော်ကြီးနှင့် လယ်တီအဘိဓမ္မာတရားသင်တန်းဖွင့်မည်

နေ့ရက်	-	၁၃၇၅ခုနှစ် နယုန်လပြည့်နေ့ ၂၃-၆-၂၀၁၃ရက်(တနင်္ဂနွေနေ့)မှစ၍ တစ်ပတ်လျှင် စနေ၊ တနင်္ဂနွေ နှစ်ရက်
အချိန်	-	နံနက် ၈နာရီမှ ၁၁နာရီအထိသာ
နေရာ	-	ပစ်တိုင်းထောင် မိသားစုဓမ္မာရုံ အမှတ် ၁၅၆၊ ပေါက်တောဝ မီးပွိုင့်အနီး၊ ဘုရင့်နောင်လမ်းမကြီးဘေး၊ အင်းစိန်မြို့နယ်
သင်တန်းဆရာ	-	ဆရာကြီး ဦးချမ်းသာ(ထားဝယ်) (အဘိဝံသ၊ သီရိပဝရ၊ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်၊ ဓမ္မစာပေဆုများရှင်)

စက်မှုဝန်ကြီးဌာန
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
အိတ်ဖွင့်အရောင်းတင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းပိုင် ကမ်းရိုးတန်းသွားရေယာဉ်(၂)စီးဖြစ်သော ကိုကိုးကြီးရေယာဉ် (၁၅၈'× ၃၅'× ၁၁'-၈") ကမ်းထိုးရေယာဉ်အမျိုးအစားနှင့် ကြည်သာ(၁)ရေယာဉ် (၉၅'-၆"× ၂၆'× ၁၁')Tug-Boat အမျိုးအစား ရေယာဉ်(၂)စီးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

၂။ အဆိုပါရေယာဉ်များအား လေလံတင်ရောင်းချရက်မတိုင်မီအထိ ဖော့ကန်ဆိပ်ကမ်းရှိ ရေယာဉ်တာဝန်ခံနှင့်ဆက်သွယ်၍ ရုံးချိန်အတွင်း(ပုံစံဝယ်ယူသူများသာ) သွားရောက်ကြည့်ရှုနိုင်ပါသည်။

၃။	**တင်ဒါစည်းကမ်းနှင့်လျှောက်လွှာပုံစံ ရောင်းချမည့် ရက်၊ အချိန်၊ နေရာ**	- ၂၄-၆-၂၀၁၃ရက်မှ ၂၃-၇-၂၀၁၃ရက် နံနက် ၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီထိ ရုံးအမှတ်(၄၁)၊ နေပြည်တော်
၄။	**တင်ဒါပိတ်မည့်ရက်၊ အချိန်**	- ၂၄-၇-၂၀၁၃ရက် မွန်းတည့် ၁၂နာရီ
၅။	**တင်ဒါဖွင့်မည့်ရက်၊ အချိန်**	- ၂၄-၇-၂၀၁၃ရက် ၁၃:၀၀နာရီ

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၃၆၀ နှင့် ၀၆၇-၄၀၈၂၀၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

ရွှေကြေးစည် - ဘုရားဖူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
ရုံးအမှတ် ၄၂၊ နေပြည်တော်
လူတွေ့စစ်ဆေးဖြေဆိုမည့်နေ့ကြေညာခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများတွင် ဒုတိယဦးစီးမှူး၊ ဒုတိယဦးစီးမှူးနှင့် လစာနှုန်းတူ (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)ရာထူးနေရာများအတွက် နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် ရေးဖြေစာမေးပွဲဝင်ရောက်ဖြေဆိုသူများအနက် လူတွေ့စစ်ဆေးခံရန် ရွေးချယ်ထားသူများ၏ ခုံအမှတ်စာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

၀၁၃၊ ၀၁၈၊ ၀၂၃၊ ၀၂၅၊ ၀၂၇၊ ၀၂၈၊ ၀၃၀၊ ၀၃၁၊ ၀၄၈၊ ၀၅၁၊ ၀၅၃၊ ၀၅၄၊ ၀၆၃၊ ၀၈၀၊ ၁၁၀၊ ၁၂၃၊ ၁၂၆၊ ၁၄၀၊ ၁၅၆၊ ၁၆၀၊ ၁၇၀၊ ၁၈၃၊ ၁၈၅၊ ၂၀၃၊ ၂၁၁၊ ၂၁၄၊ ၂၂၈၊ ၂၂၉၊ ၂၃၃၊ ၂၃၆၊ ၂၃၇၊ ၂၃၉၊ ၂၄၃၊ ၂၄၄၊ ၂၄၈၊ ၂၅၂၊ ၂၅၄၊ ၂၆၃၊ ၂၇၂၊ ၂၇၅၊ ၂၇၇၊ ၂၈၃၊ ၂၈၇၊ ၂၉၀၊ ၃၂၄၊ ၃၄၃၊ ၃၄၆၊ ၃၅၆၊ ၃၇၄၊ ၃၈၉။

၂။ လူတွေ့စစ်ဆေးမည့် အစီအစဉ်အား အောက်ပါအတိုင်းပြုလုပ်မည်ဖြစ်ပါ၍ ခုံအမှတ် ပါဝင်သူများသည် ၂၅-၆-၂၀၁၃ရက် (အင်္ဂါနေ့)တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ် ၄၂၊ နေပြည်တော်သို့ ရုံးချိန်အတွင်း မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်းများ ယူဆောင်လာပြီး လာရောက်သတင်းပို့ရန်ဖြစ်ပါသည်-

(က) လူတွေ့စစ်ဆေးမည့်ရက်	-	၂၆-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)
(ခ) လူတွေ့စစ်ဆေးမည့်အချိန်	-	နံနက် ၀၉:၀၀ နာရီ
(ဂ) လူတွေ့စစ်ဆေးမည့်နေရာ	-	နယ်စပ်ရေးရာဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၊ ရုံးအမှတ် ၄၂၊ နေပြည်တော်။

၃။ သတ်မှတ်ရက်ထက်နောက်ကျပြီး လာရောက်သတင်းပို့သူများကို လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၉၃၅၅၊ ၀၆၇-၄၀၉၄၀၀ တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

မြောင်းမြမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းဆောင်သစ်ဖွင့်

ရန်ကုန် ဇွန် ၁၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း (ကွယ်လွယ်) ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၈ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ တိုင်းဒေသကြီး ဘဏ္ဍာအခွန်ဝန်ကြီးနှင့်အလှူရှင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရာတွင် ပညာရေးကဏ္ဍသည် အထူးအရေးကြီးကြောင်း၊ နိုင်ငံ့ခေတ်မီတိုးတက်အောင် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်များသည် ဤစာသင်ခန်းမှသာ ထွက်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေနှင့် ကျောင်းသား ကျောင်းသူများအား အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာအောင် သင်ကြားပေးရန် တာဝန်ရှိကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာပါက မိမိတို့တိုင်းဒေသကြီးအတွက် ဂုဏ်ယူစရာဖြစ်ကြောင်း၊ ငွေမရှိ၍ စာမသင်နိုင်ခြင်းမဖြစ်စေရန် မိဘဆရာအသင်းကတာဝန်ယူပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ မြောင်းမြမြို့ အထက (၁) ကျောင်းခန်းမ၌ ကျင်းပသော ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အကောင်းဆုံး ကျောင်းများ၊ ဂုဏ်ထူးရရှိအောင်သင်ကြားပေးသော ဆရာ ဆရာမများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြောင်းမြမြို့နယ် အလေးမခန်းမ၊ ဘောလုံးကွင်း အဆင့်မြှင့်ပြုပြင်တည်ဆောက်မှုလုပ်ငန်းနှင့် တင်းနစ်ကွင်း ပြန်လည်ပြုပြင်မှုလုပ်ငန်းတို့ကို လှည့်လည်စစ်ဆေးပြီး မြို့လယ်ရှိ ရွှေသာလျောင်းဘုရားကြီး ဘက်စုံပြန်လည်ပြင်ဆင်မွမ်းမံတည်ဆောက်ရေးအတွက် ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ယင်းနောက် ခရိုင်ဆေးရုံ၌ ကျင်းပသည့် မျက်စိခွဲစိတ်ကုသမှုကိရိယာလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ ငွေကျပ်သိန်း ၂၀ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဘာဝဘေးလျော့ချရေး အသိပညာမြှင့်တင်

ကွမ်းခြံကုန်း ဇွန် ၁၉

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် Save the Children နှင့် အရှက်ဦးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် အသိပညာမြှင့်တင်ရေးအခမ်းအနားကို ဇွန် ၁၅ ရက် နံနက်က ကွမ်းခြံကုန်းမြို့နယ် အထက(၁) သီရိရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျာလင်းက အမှာစကားပြောကြားပြီး မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းနိုင်နှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဆွေဆွေဝင်းတို့က သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ သိကောင်းစရာများ ရှင်းလင်းပြောကြားပြီး ပြည်သူများက သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးခဲ့သည်။

ဖျော်ဖြေတင်ဆက်

ကျေးရွာသဘာဝဘေးအန္တရာယ်ကာကွယ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ပြီး အထက (၁) ကျောင်းသားများက သဘာဝဘေးအန္တရာယ်ကြိုတင် သရုပ်ပြလေ့ကျင့်မှုများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြသခဲ့ပြီး ထင်းပုံကျေးရွာမှ ကလေးငယ်များကလည်း သဘာဝဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ အသိပညာပေး တစ်ခန်းရပ် ပြဇာတ်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

စိန်တိုး(ကွမ်းခြံကုန်း)

ကလေးမြို့၌ တရားမဝင်ကားများကို နေပြည်တော်ရဲတပ်ဖွဲ့ စစ်ဆေးအရေးယူ

ကလေး ဇွန် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဇွန် ၁၅ ရက် နံနက်ပိုင်းမှစ၍ နေပြည်တော်မှ ရောက်ရှိလာသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ကလေးမြို့ ချင်းပြည်နယ်အထွက်ကိုးမိုင်၊ ကလေးဝ အထွက်လမ်းမပေါ်နှင့် ဂန့်ဂေါလမ်းအထွက် နတ်ချောင်းလမ်းမများတွင် ပိတ်ဆို့၍ ကလေးမြို့တွင်းရှိသော လိုင်စင်မဲ့ တရားမဝင်ကားများကို လေးဖက်လေးတန်ပိတ်ဆို့၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထိုဖမ်းဆီးစစ်ဆေးမှုများ ပြုလုပ်ရာတွင် ဇွန် ၁၅ ရက်က တရားမဝင်ကား ၁၇ စီးကို ဖမ်းမိပြီး ဇွန် ၁၇ ရက်အထိ ၂၄ စီးကို ဖမ်းဆီးမိပြီဖြစ်ကြောင်းနှင့် ထိုအထဲတွင် ကလေးမြို့စက်မှုဇုန်ထုတ် ဟိုင်မွန်ဂျစ် ခုနစ်စီးပါဝင်ကြောင်း စက်မှုဇုန် အတွင်းရေးမှူးက ပြောကြားသည်။

လိုင်စင်မဲ့ကားများ ဖမ်းဆီးရခြင်းမှာ လူသားအားလုံးကို လူညွှန့်တုံးစေသည့် မူးယစ်ဆေးဝါးများ၊ လက်နက်မှောင်ခိုကူးမှုများကို လိုင်စင်မဲ့ကားများနှင့် အဓိကသယ်ဆောင်နေကြသည်ကို တွေ့ရသည့်အတွက် လိုင်စင်မဲ့ကားများကို အထူးရှာဖွေဖမ်းဆီးရခြင်းဖြစ်ကြောင်း သိရသည်။

ကလေးမြို့တွင် လိုင်စင်မဲ့ကားအရေအတွက် ၅၀၀ ထက်မနည်းရှိမည်ဟု ဒေသခံပြည်သူများက ခန့်မှန်းပြီး ထိုကားများသည် မြန်မာနှင့်တရုတ် နယ်စပ်မြို့များမှတစ်ဆင့် မန္တလေး၊ စစ်ကိုင်း၊ မြင်းမူ၊ ချောင်းဦး၊ မုံရွာ၊ ဂန့်ဂေါမြို့များကိုဖြတ်၍ ကလေးမြို့သို့ ကုန်းလမ်းခရီးအတိုင်း မောင်းနှင်လာခြင်းဖြစ်ကြောင်း ဒေသခံပြည်သူများက ပြောကြားသည်။

ဖမ်းဆီးရမိထားသော တရားမဝင်ကားများကို မည်ကဲ့သို့အရေးယူဆောင်ရွက်မည်ကို မေးမြန်းခဲ့ရာတွင် ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ရှင်းပြချက်အရ သိရသည်။

သျှင်နေမင်း

နိုင်ငံတကာအားကစားသတင်း

စပိန်တို့ ဥရောပယူ-၂၁ ချန်ပီယံရှစ်ဖလား အောင်ပွဲခံ

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ရဲ့ တက်ဒီအားကစားကွင်းမှာ ဇွန် ၁၈ ရက်က ဥရောပယူ-၂၁ ချန်ပီယံရှစ် ဗိုလ်လုပွဲအဖြစ် စပိန်နဲ့ အီတလီ အသင်းတို့ ယှဉ်ပြိုင်ကစားတဲ့အခါ စပိန်တို့က လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ဥရောပယူ-၂၁ ချန်ပီယံရှစ် ဖလားကို လေးကြိမ်ကိုင်မြှောက် အောင်ပွဲခံနိုင်ခဲ့ကြပါတယ်။

လက်ရှိချန်ပီယံ စပိန်အသင်းဟာ ပြိုင်ပွဲမစတင်မီကတည်းက ဗိုလ်စွဲမယ်လို့ ရေပန်းစားနေခဲ့တဲ့အတိုင်း အခုနောက်ဆုံး ဗိုလ်လုပွဲမှာလည်း အီတလီအသင်းကို ခြေစွမ်းအသာစီးနဲ့ ကစားနိုင်ခဲ့ပါတယ်။ စပိန်အသင်းဟာ အစ္စကို၊ မိုရာတာ၊ တယ်လိုတို့ကို တိုက်စစ်မှာ တင်ထားခဲ့ပြီး အဲလ်ကန်တာရာ၊ အီရာမန်ဒီနဲ့ ကိုကီတို့ကို ကွင်းလယ်တွင် နေရာချကာ တိုက်စစ်ဖွင့်ကစားခဲ့ပါတယ်။

အီတလီတို့ကတော့ တိုက်စစ်မှာ ဘိုရီနီ၊ အင်မိုဘိုင်းတို့ကို ထားခဲ့ပြီး ဖလိုရန်ဇီ၊ ဖူဆာဆိုရာစီ၊ ဖာရက်တီနှင့် အင်ဆစ်ဂနီတို့ကို ကွင်းလယ်ထားပြီး စပိန်ကို ရင်ဆိုင်ကစားခဲ့ပါတယ်။ စပိန်က ၃း၃း၄ အခင်းအကျင်းနဲ့ ပွဲထွက်လာသလို အီတလီတို့က ၂း၄း၄ ဗျူဟာနဲ့ ကစားခဲ့တာဖြစ်ပါတယ်။

တိုက်စစ်ဖွင့်ကစားခဲ့တဲ့ စပိန်အသင်းဟာ ပွဲအစ ခြောက်မိနစ်မှာပဲ မိုရာတာ အနေတော်ကန်တင်ပေးလိုက်တဲ့ဘောလုံးကို ကွင်းလယ်ကစားသမား အဲလ်ကန်တာရာ ခေါင်းတိုက်သွင်းယူခဲ့လို့ စပိန်တို့ အဖွင့်ဂိုး စောစီးစွာရရှိခဲ့ပါတယ်။

အဖွင့်ဂိုးရရှိသွားတဲ့ စပိန်အသင်းဟာ ဦးဆောင်ဂိုးတွေထပ်မံသွင်းယူနိုင်ဖို့ ကြိုးစားခဲ့ပေမယ့် ပွဲချိန် ၁၀ မိနစ်မှာတော့ အီတလီတိုက်စစ်မှူး

အင်မိုဘိုင်းက စပိန်ဂိုးသမား ဒီဂီယာကိုကျော်ပြီး ဂိုးသွင်းယူနိုင်ခဲ့လို့ အီတလီတို့ချေပဂိုး ရရှိသွားခဲ့ပါတယ်။ အီတလီတို့ ချေပဂိုးရရှိခဲ့ပေမယ့် စပိန်တို့က ဖိအားပေးကစားခဲ့တာမို့ စပိန်တိုက်စစ်ကို အီတလီတို့ဟန့်တားကာကွယ်ခဲ့ပါတယ်။

ပွဲချိန်မိနစ် ၃၀ မှာ စပိန်ကွင်းလယ်ကစားသမားကိုတီက အနေတော်ကန်တင်ပေးလိုက်တဲ့ ဘောလုံးကို အဲလ်ကန်တာရာက ကန်သွင်းယူခဲ့တာမို့ စပိန်တို့ဒုတိယဂိုးရရှိသွားခဲ့ပါတယ်။ စပိန်အသင်းဟာ အပေးအယူအချိတ်အဆက်မိမိနဲ့ နားလည်မှုရှိရှိ ကစားနိုင်ခဲ့တာမို့ အီတလီတို့ ကြိုးစားဟန့်တားခဲ့ရပါတယ်။

ဆက်လက်ပြီး ပွဲချိန် ၃၈ မိနစ်မှာ စပိန်တို့ပယ်နယ်တီရရှိခဲ့တာမို့ စပိန်ကွင်းလယ်ကစားသမား အဲလ်ကန်တာရာက ကန်သွင်းယူခဲ့တာကြောင့် စပိန်တို့တတိယဂိုးရရှိခဲ့ပြီး အဲလ်ကန်တာရာလည်း သုံးဂိုးသွင်းပြီး ဟက်ထရစ်ရယူနိုင်ခဲ့ပါတယ်။

ဒုတိယပိုင်းပွဲချိန်အတွင်းမှာ အီတလီတို့ချေပဂိုးတွေသွင်းယူနိုင်ဖို့ ကြိုးစားခဲ့ပေမယ့် စပိန်တို့ရဲ့ ကွင်းလယ်ကစားအားကို မယှဉ်နိုင်တာမို့ ပွဲချိန် ၆၆ မိနစ်မှာ စပိန်တို့ဒုတိယမြောက် ပယ်နယ်တီရရှိခဲ့ပါတယ်။ အဲဒီပယ်နယ်တီကို စပိန်တောင်ပံကစားသမား အစ္စကိုက သွင်းယူခဲ့တာမို့ စပိန်တို့ စတုတ္ထဂိုးရရှိသွားခဲ့ခြင်းဖြစ်ပါတယ်။

အီတလီတို့ ကျန်ပွဲချိန်အတွင်းမှာ ချေပဂိုးရရှိရေးကြိုးစားခဲ့တာမို့ ပွဲချိန်မိနစ် ၈၀ မှာ ဘိုရီနီက အီတလီအတွက် ဒုတိယချေပဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ပွဲချိန်ပြီးတဲ့အထိ နှစ်သင်းစလုံးဂိုးတွေ ထပ်မသွင်းနိုင်ခဲ့လို့ စပိန်တို့က လေးဂိုး-နှစ်ဂိုးနဲ့နိုင်ပွဲရရှိပြီး ဖလားဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

မိုးမြင့်လင်းလက် ရေးသားသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ဆွာရက်သည် အသင်းပြောင်းရွှေ့ရန် ဆန္ဒပြင်းပြနေပါက လီဗာပူးအသင်းက ခွင့်ပြုမည်ဟု ဆိုသည်။
- ရှက်တာဒိုးနက်ကွင်းလယ်ကစားသမား မိုက်တာယန်ကို လီဗာပူးသို့ ပြောင်းရွှေ့ရန်စီစဉ်နေသည်။
- အာဆင်နယ်အသင်းသည် ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဟီဂူအင်အား စာချုပ်နိုင်ရေး ကြိုးစားလျက်ရှိသည်။
- မာလာဂါအသင်း ကွင်းလယ်ကစားသမား အစ္စကိုကို မန်စီးတီးကပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူမည်ဖြစ်သည်။
- ချယ်လ်ဆီးအသင်းသည် ကွင်းလယ်ကစားသမားဟောင်း မာတစ်အား ဘင်ဖီကာမှ ပြန်လည်ခေါ်ယူရန် ကြိုးစားနေသည်။
- စပါးအသင်းက ကိုရင်သီယန်အသင်းကွင်းလယ်ကစားသမား ပေါလင်ဟိုကို စာချုပ်နိုင်ရေးစီစဉ်လျက်ရှိသည်။
- အသက် ၂၃ နှစ်အရွယ် အင်တာမီလန်တိုက်စစ်မှူး ဒါမီရာအိုကို စပါးအသင်းက ခေါ်ယူရန်ပြင်ဆင်နေသည်။
- ဆန်းဒါးလန်းအသင်းသည် လီဗာပူးဂိုးသမား ဆီမွန်ကို ခေါ်ယူနိုင်ရေး ကြိုးစားလျက်ရှိသည်။
- ဝူလ်ဗာဟန်တန်အသင်းသည် အသက် ၂၆ နှစ်အရွယ်ရှိ ဘန်လေတိုက်စစ်မှူး မာတင်ပါတာဆင်ကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။
- အသက် ၃၉ နှစ်ရှိ မန်ယူတောင်ပံကစားသမား ရိုင်ယန်ဂစ်သည် ယူ-၂၀ ကမ္ဘာ့ဖလားပွဲ၌ ရှစ်ရက်ကြာတာဝန်ထမ်းဆောင်ရန် ယခုသီတင်းပတ်အတွင်း ပေါ်တူဂီနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။

နယူးကာဆယ်က နည်းပြဟောင်းကို ဒါရိုက်တာခန့်

နယူးကာဆယ်အသင်းက အသင်းနည်းပြဟောင်း ဂျိုးကင်နီးယားကို ဒါရိုက်တာအဖြစ် သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်သည်။ အသက် ၆၆ နှစ်ရှိ ဂျိုးကင်နီးယားသည် စိန့်ဂျိမ်းပတ်စ်တွင် ဘောလုံးနှင့်သက်ဆိုင်သော ကိစ္စများအားလုံးအတွက် အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ လက်ရှိနည်းပြ အလန်ပါဒူးသည် ကင်နီးယားထံ သတင်းပို့ရမည်ဖြစ်သည်။ ကင်နီးယားသည် နယူးကာဆယ်အသင်းကို နည်းပြအဖြစ် ၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ကိုင်တွယ်ခဲ့သည်။

ဩစတြေးလျ၊ အီရန်နှင့် တောင်ကိုရီးယား ၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်

ဩစတြေးလျ၊ အီရန်နှင့်တောင်ကိုရီးယားနိုင်ငံတို့သည် ၂၀၁၄ ခုနှစ် ဘရာဇီးနိုင်ငံတွင်ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်သွားကြပြီဖြစ်သည်။ ဩစတြေးလျအသင်းသည် ဇွန် ၁၈ ရက်က အီရတ်ကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အာရှဇုန် အုပ်စု(B) တွင် အုပ်စုဒုတိယဖြင့် ခြေစစ်ပွဲအောင်ခဲ့သည်။ ဂျပန်အုပ်စုက ပထမရခဲ့သည်။ ထို့အတူ အီရန်က အုပ်စု (A)တွင် တောင်ကိုရီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်ခဲ့သည်။ တောင်ကိုရီးယားက ဥဇဘက်ကစ္စတန်နှင့် ဂိုးကွာခြားချက်အရ အုပ်စုဒုတိယဖြင့် ခြေစစ်ပွဲအောင်သည်။ ဩစတြေးလျအသင်းသည် ယခုနှစ်ခြေစစ်ပွဲအောင်၍ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို သုံးကြိမ်ဆက်တိုက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသွားသည်။

ဒိန်းမတ်တိုက်စစ်မှူး ဗီလာခေါ်ယူ

အက်စ်တွန်ဗီလာအသင်းသည် ဒိန်းမတ်ကလပ် အောဘော့အသင်းမှ တိုက်စစ်မှူး နစ်ကလော့ဟယ်လင်နီယပ်စ်ကို ပြောင်းရွှေ့ကြေးထုတ်ဖော်ကြေညာခြင်းမရှိဘဲ သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်သည်။ အသက် ၂၂ နှစ်ရှိ ဒိန်းမတ်နိုင်ငံသား နစ်ကလော့သည် အက်စ်တွန်ဗီလာနည်းပြ ပေါလမ်းဘတ်လက်ထက် စတုတ္ထမြောက်ခေါ်ယူစာချုပ်ခဲ့သည့် ကစားသမားဖြစ်လာသည်။ ၎င်းမတိုင်မီက အလက်ဇန္ဒြားတိုနေး၊ ဂျိုရက်အိုကိုရေးနှင့် လန်ဒရိုဘာကူနာတို့ကို စာချုပ်ခဲ့သည်။

ကောင်းမြတ်သူ စုစည်းသည်

သင်တန်းများဖွင့်လှစ်မည်

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် Korea နိုင်ငံ Korea Aerospace University မှ ဘွဲ့ရ IT ပညာရှင်များ ပူးပေါင်း၍ Advanced Project-Management Course (ဇွန် ၂၁ မှ ၂၄ ထိ)၊ Project-Management Course (ဇူလိုင် ၄ မှ ၈ ထိ)နှင့်(ဇူလိုင် ၁၄ မှ ၁၈ ထိ) Database Management with SQL Server Courseနှင့် Mobile Android Application Development Course (ဇွန် ၂၄ မှ ဇူလိုင် ၂၄ ထိ) သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပြီး Programming အခြေခံ၊ Database Knowledgeနှင့် Java Programming ကို သိရှိနားလည်ပြီး လုပ်ငန်းခွင်တွင် လက်တွေ့လုပ်ကိုင်နေသူများ တက်ရောက်နိုင်သည်။ အဆိုပါသင်တန်းသို့ ကွန်ပျူတာအသင်းဝင် IT Company များအား ဦးစားပေးအစီအစဉ်ဖြင့် MCPA, MCIA အသင်းဝင် Company များမှ ဝန်ထမ်းများနှင့် အသင်းဝင် Member များအား 20% Discount ပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် MICT Park မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် အဆောင်(၁) ဖုန်း-၀၁-၆၅၂၃၀၇၊ ၀၉-၇၃၂၅၇၃၇၇ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်သည်။

ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၆-၂၀၁၃ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ ၁၀ ပါ အသိပေးကြေညာချက်တွင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် Sponsor ယူလိုသည့် ကုမ္ပဏီများ ဆက်သွယ်လိုပါက ဒေါ်နုနုရီ ဖုန်း-၀၉-၄၂၀၂၀၅၂၀၀ အစား ၀၉-၄၂၀၁၀၅၂၀၀ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးနိုင်၏ Pass Port နံပါတ် ၁၃၅၈၈၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

မောင်စိုးနိုင်
အမှတ် ၄၈၊ ၁၁၈ လမ်း၊ မင်္ဂလာတောင်ညွန့်



အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ခုံအမှတ် ဆတမ-၁၈၂ ဖြင့် ဝင်ရောက်ဖြေဆိုခဲ့သော (ဦးထွန်းဝင်း)-ဒေါ်အေးအေးခိုင်တို့၏ သားငယ် မောင်စောရဲထွန်းသည် (၆)ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သဖြင့် အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း။

ယခုကဲ့သို့ ထူးချွန်စွာအောင်မြင်ရန် သင်ကြားပြသပေးခဲ့သော အထက(၂) တာမွေမှ ဆရာ ဆရာမများနှင့် လမင်းသာပညာရိပ်မွန်မှ ဆရာ ဆရာမများအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

ဒေါ်လေး ဒေါက်တာမြင့်မြင့်သိန်း
ကွန်ပျူတာတက္ကသိုလ်၊ ဟသ်ာတ

ပြည်ထဲရေးဝန်ကြီးဌာန ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန ပစ္စည်းဝယ်ယူမှု စိစစ်ရေးကော်မတီသည် ပြည်ထဲရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများအတွက်လိုအပ်သော ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ မော်တော်ယာဉ်များ၊ မီးသတ်ယာဉ်နှင့် ယာဉ်အပိုပစ္စည်းများ၊ လုံခြုံရေး၊ စစ်ဆေးရေးနှင့် ဆက်သွယ်ရေးပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါပစ္စည်းများ တင်သွင်းလိုသော ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၂၄-၆-၂၀၁၃ ရက်မှစ၍ နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၀)တွင် ဝယ်ယူနိုင်ပြီး ၂၃-၇-၂၀၁၃ ရက် ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ရုံးအမှတ်(၁၀)သို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည်ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြေညာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) ပြည်ထဲရေးဝန်ကြီးဌာန	ဖုန်း-၀၆၇-၄၁၂၄၃၆၊ ၀၆၇-၄၁၂၄၃၇
(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့	ဖုန်း-၀၆၇-၄၁၂၅၁၂၊ ၀၆၇-၄၁၂၀၄၅
(ဂ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ဖုန်း-၀၆၇-၄၁၂၄၁၄၊ ၀၆၇-၄၁၂၄၁၇
(ဃ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	ဖုန်း-၀၆၇-၄၃၁၃၇၄၊ ၀၆၇-၄၃၁၃၉၆
(င) အကျဉ်းဦးစီးဌာန	ဖုန်း-၀၆၇-၄၃၁၄၁၆၊ ၀၆၇-၄၃၁၄၂၀
(စ) မီးသတ်ဦးစီးဌာန	ဖုန်း-၀၆၇-၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျိုက်ထိုမြို့၌ကျင်းပ

မော်လမြိုင် ဇွန် ၁၉

၂၀၁၃ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ဇွန်၈ရက် နံနက်ပိုင်းက မွန်ပြည်နယ် ကျိုက်ထိုမြို့ ရန်ကုန်-မော်လမြိုင် ကားလမ်းဘေး မိုင်တိုင်၁၁၂/၂ ပျဉ်းမစခန်းကျေးရွာ၌ကျင်းပရာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများ၊ ကျိုက်ထိုမြို့နယ် သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးအောင်မြင့်နှင့်ဝန်ထမ်း ၂၅၀တက်ရောက်ပြီး ရတနာတန်းဝင်ကျွန်း၊ မန်ကျည်းနှင့်အရိပ်ရပင်၁၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (၁၀၇)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်းမပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူး သတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

စပါးစိုက်ပျိုးမှု အသိပညာ ဟောပြောပွဲကျင်းပ

မော်လမြိုင် ဇွန် ၁၉

မွန်ပြည်နယ် မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက် ဓမ္မာရုံတွင် မော်လမြိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစိုက်ပျိုးမှု အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၂ ရက် မွန်းလွဲ ၁ နာရီခန့်က ကျင်းပခဲ့သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးချိုနှင့်ဝန်ထမ်းများ၊ မိုးစပါးစိုက် လယ်သမားများစုစုပေါင်း ၃၀ ခန့် တက်ရောက်ခဲ့သည်။

ဟောပြောပွဲတွင် ဦးစီးအရာရှိ ဦးအေးချိုက မြေပြုပြင်မှု ထွန်ယက်ပုံနည်းအဆင့်ဆင့်၊ မျိုးကောင်းမျိုးသန့်ရရှိမှု၊ ဒေသစပါးနှင့် ထွက်နှုန်းမြင့်မားမှု၊ ပုလဲသွယ်စပါးစိုက်ပျိုးမှု၊ ဈေးကောင်းရရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် လယ်သမားဦးမောင်သိန်းပါ သုံးဦးတို့က ပုလဲသွယ်စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းရာ လက်ထောက်ဦးစီးမှူး ဦးမြမောင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **ထိပ်တင်ထွန်း**

မော်လမြိုင်နှင့်ဝန်းကျင်သတင်း

အာမခံအကြောင်း အသိပညာပေးဟောပြော

မော်လမြိုင် ဇွန် ၁၉

မွန်ပြည်နယ် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ပြည်နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီရုံး၌ ပြည်နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးနှင့် အာမခံအကြောင်း အသိပညာပေးဟောပြောပွဲကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဗမာတိုင်းရင်းသားရေးရာနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသက်ဝင်းက အမှာစကားပြောကြားပြီး မွန်ပြည်နယ် ၁၀ မြို့နယ်မှ ယာဉ်လုပ်ငန်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီများ မိတ်ဆက်ကာ မြို့နယ်များမှ ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီလုပ်ငန်းနှင့် ပတ်သက်၍ တင်ပြခြင်းများအပေါ် ဝန်ကြီးက ပြန်လည်ရှင်းလင်းခဲ့သည်။

ရှင်းလင်း ဖြေကြား

ဆက်လက်၍ ပြည်နယ်အာမခံလုပ်ငန်းတာဝန်ခံ ဦးထွန်းလင်းက မြန်မာ့အာမခံလုပ်ငန်းနှင့်ပတ်သက်ပြီး ပြည်သူများသိရှိနိုင်ရန်ပြောကြားရာတွင် ပြည်သူ့ဝန်ထမ်းများ အသက်အာမခံလုပ်ငန်းများ၊ သူတစ်ပါးထိခိုက်မှု အာမခံလုပ်ငန်းများ၊ ခရီးသွား အာမခံလုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် မြို့နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီဝင်များမှ သိလိုသည်များ မေးမြန်းခဲ့ရာ အာမခံလုပ်ငန်းတာဝန်ခံဦးထွန်းလင်းက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ထိပ်တင်ထွန်း

ထောက်ပံ့ချီးမြှင့်

မွန်ပြည်နယ် ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံးမှ တပ်ဖွဲ့ဝင်သားသမီးများအား ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံ၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို မော်လမြိုင်မြို့ရှိ ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၈ ရက်က ကျင်းပရာ ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူး ရဲမှူးညွန့်ဝေက ကျောင်းသူတစ်ဦးအား ထောက်ပံ့ချီးမြှင့်စဉ်။ ကျော်သန်း(မော်လမြိုင်)

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီး၊ မန္တလေးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ မန္တလေးမြို့ ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီး၊ ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၀-၆-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၈-၆-၂၀၁၃ရက် ညနေ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
မန္တလေးမြို့၊ ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီး
၆၂ လမ်း၊ သိပ္ပံလမ်းတောင်ဘက်၊ ချမ်းမြသာစည်မြို့နယ်၊
မန္တလေးတိုင်းဒေသကြီး၊
ဖုန်း-၀၂-၈၀၃၃၉၊ ၀၂-၈၀၃၉၁

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

Chip Card Public Payphone System

(က)	Fixed Line	350 Nos
(ခ)	Pay Phone(Mobile)	50 Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၅-၇-၂၀၁၃ရက် ၁၃:၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။
၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၈၀၂၃၁/၀၁-၃၈၄၇၂၂

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၂၀-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၈-၆-၂၀၁၃ရက် ၊ညနေ-၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလို ပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး
၂၃ လမ်း၊ ၈၀-၈၁ ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊
ဖုန်း-၀၂-၃၁၂၀၀၊ ၀၂-၂၁၁၀၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနလက်အောက်ရှိ မဟာဓာတ်အားလိုင်းများတွင် အသုံးပြုရန်အတွက် လိုအပ်သော Insulator နှင့် Galvanized Channel Iron များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၄-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၃-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သောအောက်ဖော်ပြပါယာဉ်ယန္တရားများကို ဌာနအရောက်ကျပ်ငွေဖြင့်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်ပါသည်-

စဉ် ပစ္စည်းအမျိုးအစားနှင့်အရေအတွက်
(က) အမှိုက်သိမ်းယာဉ် Roll On Roll Off 12 Wheel (၂)စီး၊
AMT Truck (၅)စီး
ဆေးရုံဆေးခန်းအမှိုက်သိမ်းယာဉ် ၂စီး၊
Vacuum Cleaner Truck (၂)စီး
(ခ) ရေပုတ်စုပ်ယာဉ် (၇)စီး
(ဂ) ဝန်ချီစက်(ကရိန်းယာဉ်) ၁စီး
(ဃ) Tipper ယာဉ် (၂၀) စီး
(င) Platform Truck (၄)စီး

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၈-၆-၂၀၁၃ရက် ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ၂၀၀၀ိ/-(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ(ပထမထပ်)၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်တည်ဆောက်မည့် တောင်ကုတ်-သံတွဲ ၆၆ ကေဗွီ ဓာတ်အားလိုင်း(၃၅)မိုင်အတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၄-၆-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၂၃-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၇၄၄၄၈ Honda C90 Custom, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိန် ၅/ရဘန(နိုင်)၀၃၇၁၀၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့

ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၃၅၁၇၊ Hino Ru, 2FRA, Bus (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ဇော်ဦး ၉/ပသက(နိုင်)၀၅၀၀၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)

ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ဃ/၉၀၀၈၉၊ Honda Click 125, M/C Shwe Moe San Trading Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ဥတုရာသီ တောကိုမှီ၍

ဆောင်းပါးနှင့်ကြော်ငြာ

လူငယ်နှင့်အင်တာနက်

အေထူးအောင်(အင်္ဂဝါ)

ကျွန်ုပ်တို့၏ မြန်မာနိုင်ငံတော်ကြီးသည် ယခုအခါတွင် အဘက်ဘက်မှ တိုးတက်မှုလမ်းစတို့ ပွင့်လန်းလာခဲ့ပြီဖြစ်သည်။

ယခုအခါ တောရောမြို့ပါမကျန် တယ်လီဖုန်းသံ တဂွမ်ဂွမ်ကြားရလေတော့ စိတ်ထဲတွင် ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကအစ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်မို့ပီတိဖြာမိသည်။

ယခင်က အင်တာနက်ကို ဆိုင်များတွင်သာ သွားရောက်သုံးစွဲနိုင်သောကြောင့် မြန်မာနိုင်ငံတွင် အင်တာနက်သုံးစွဲသူဦးရေ မများခဲ့ပါ။ ယခုအခါတွင်မူ ဟန်းဖုန်းများပေါ်လာပြီဖြစ်ရာ ဖုန်းရှိသူတိုင်း အင်တာနက်သုံးနိုင်သည့် အခြေအနေဖြစ်သည်။ အင်တာနက်လိုင်းများ ကောင်းမွန်မြန်ဆန်ရေးအတွက်လည်း နိုင်ငံတော်က အရှိန်အဟုန်ဖြင့် ကြိုးပမ်းနေသည်။

အင်တာနက်ကို လူငယ်ပိုင်းတို့ပို၍ အသုံးများသည်ကို တွေ့ရသည်။ အထူးသဖြင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများဆိုလျှင် အင်တာနက်ကို မိမိတို့ဖုန်းတိုင်းတွင် မလျှောက်ထားသူမရှိ။ ကျယ်ပြန့်စွာသုံးကြသည်။ Face- book,G-talk စုံစုံလင်လင်ကို သုံးကြသည်။ ကောင်းပါသည်။ အင်တာနက်ဖြင့် တစ်ကမ္ဘာလုံးကို ဆက်သွယ်နိုင်သည်ဖြစ်ရာ မိမိနိုင်ငံနှင့် အခြားနိုင်ငံတို့၏ ယဉ်ကျေးမှုဖလှယ်ခြင်း၊ ဗဟုသုတပေါင်းများစွာကို Google စသည်တို့တွင် ရရှိနိုင်ခြင်းတို့သည် မိမိသာ ရှာနိုင်မည်ဆိုလျှင် တန်ဖိုးမဖြတ်နိုင်သည့် ဗဟုသုတ ရတနာသိုက်ကြီးပင်ဖြစ်သည်။

သို့သော် အင်တာနက်သည် အကောင်းချည်း သက်သက်ကိုသာ ဆောင်ယူပေးပါသည်လော။ အင်တာနက်တွင် မိမိတို့သိချင်သော အကြောင်းအရာပေါင်းစုံ (ကောင်းသည် ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ)အစုံအလင် ရှိသည်။ ထိုအရာက အင်တာနက်ကို အများစုသုံးစွဲနေသော လူငယ်များအတွက် ပြဿနာတစ်ရပ် ဖြစ်သည်။ လူငယ်စိတ်ဖြင့် မိမိတို့သိချင်သောအကြောင်းအရာမျိုးစုံကို မရိုးအောင်နှိပ်ကာ အင်တာနက်တွင် ရှာဖွေနေကြသည်ကို တွေ့ရသည်။ အင်တာနက်၏ အကြောင်းအရာစုံလင်ပုံက လူငယ်တို့အတွက် "တန်ဆေး လွန်ဘေး" ဆိုသလို ဖြစ်သည်။

နိုင်ငံရပ်ခြားတွင် ပညာသင်ယူလိုသူများ၊ မိမိတို့နှင့် ကိုက်ညီမည့် တက္ကသိုလ်များတွင် ပညာသင်ဆုများ လျှောက်ထားခြင်း၊ online teach- ing ဖြင့် ပညာရှာခြင်း၊ ဆေးပညာနယ်ပယ်မှ ကျောင်းသားများ၊ မိမိတို့သိချင်သော ဆေးပညာဆိုင်ရာ ရောဂါဆန်းများ၊ နောက်ဆုံးပေါ် သတင်းနှင့် ဗဟုသုတများကို သိရှိနိုင်ခြင်း၊ အလားတူ အင်ဂျင်နီယာ ကျောင်းသားများမှအစ စိုက်ပျိုးရေးကျောင်းသားများအဆုံး မိမိတို့သိချင်လှသော သင်ခန်းစာနှင့် ပတ်သက်သည့် ဗဟုသုတများကို ရှာဖွေသိမြင်နိုင်ခြင်းတို့သည် "မသိသူကျော်သွား၊ သိသူဖော်စား"ဆို သကဲ့သို့ပင်ဖြစ်သည်။

လူငယ်တို့သည် ဖျတ်လတ်သည်။ ထက်မြက်သည်။ ခေါင်းထဲတွင် အတွေးသစ်တို့ ပေါက်ပွားနေသည်။ တိမ်းစောင်းလွယ်သည်။ မိမိတို့၏ တက်လမ်းကို ပိတ်ဆို့စေမည့် အတွေးအခေါ်များ၊ လူညွှန့်တုံးစေမည့် ကိစ္စရပ်များကိုသိပြီး အင်တာနက်ကို ဉာဏ်ဖြင့်ဆင်ခြင်ကာ ချင့်ချိန်သုံးစွဲကြရမည်။

တစ်လောကလည်း အင်တာနက်ပေါ်တွင် မဟုတ်မမှန်သတင်းတို့တင်ကာ မတည်မငြိမ်ဖြစ်အောင် လုပ်ကြသေးသည်။ အင်တာနက်သည် ထိုသို့ ပဋိပက္ခဖြစ်ရန် ပေါ်ပေါက်ခဲ့ခြင်းလော။ အသိဉာဏ်နှင့် စဉ်းစားကြစေလိုသည်။ အင်တာနက်ပေါ်တွင် နိုင်ငံရေးကိုတည်ငြိမ်အောင် လုပ်ဆောင်ပေးသော ပိုစတာလေးများ၊ အချင်းချင်းသွေးမကွဲအောင် တိုက်တွန်းပေးသည့် စာသားလေးအချို့ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။ မှန်မြတ်ပါပေသည်။

နောက်တစ်ခုဆိုချင်သည်မှာ ထုံးစံအတိုင်းလူကြီးသူမများပြောနေသည့် ယဉ်ကျေးမှု၊ အင်တာနက်ပေါ်မှ တိုင်းတစ်ပါးယဉ်ကျေးမှုကို copy ကူးချခြင်းသည် မိမိနိုင်ငံ၏ယဉ်ကျေးမှုကို ဖျက်ဆီးသကဲ့သို့ဖြစ်သည်။ ခေတ်မီသည်ထက်ခေတ်ဆန်လွန်းလျှင်အလားအလာကောင်းရန် သိပ်မရှိပေ။

အင်တာနက်ပေါ်ကသတင်းတိုင်းကိုလည်း မယုံကြည်မိဖို့လိုသည်။ စစ်မှန်သော ဝက်ဘ်ဆိုက်များမှ အချက်အလက် အမှန်အကန်များကို ရှာတတ်ဖို့လိုပါသည်။ မကြာမီက တီဗီထဲတွင် သတင်းတစ်ခုကို တွေ့လိုက်ရသည်။ အင်တာနက် အရူးအမူးသုံးစွဲသူများကို စိတ်ရောဂါ တစ်မျိုးဟု သတ်မှတ်တော့မည်ဟူ၍ ကြားလိုက်ရသည်။ အချို့လူများသည် အင်တာနက်ကို မစားမသောက်ဘဲ ဆက်တိုက်သုံးနေကြသည်။ သူတို့ သုံးစွဲသည့် အချိန်မှာ ၂ နာရီရှိလျှင် ၁၅ မိနစ်ခန့်မျှပင် ဗဟုသုတ လေ့လာသူ အနည်းငယ်သာရှိမည် ထင်သည်။

အင်တာနက်အကြောင်း ပြောရလျှင် ပြောမဆုံးပေါင် တောသုံးတောင်ဟုဆိုရပါမည်။ အချုပ်ဆိုချင်ပါသည်။ လူငယ်တိုင်း သို့မဟုတ် အင်တာနက်သုံးသူတိုင်း မိမိအကျိုး၊ ထိုမှတစ်ဆင့် အများအကျိုး၊ နောက်ဆုံး မိမိနိုင်ငံအတွက် အကျိုးရှိစေမည့် လုပ်ရပ်များကို ရှာဖွေလုပ်ဆောင်ခြင်းဖြင့် မိမိတို့နိုင်ငံကို အုတ်တစ်ချပ်သဲတစ်ပွင့်မျှ ကူညီသင့်ကြသည်။ ထိုသဲပွင့်တို့ စုပေါင်းလာသော် တောင်ကြီးများပင် ဖြစ်နိုင်သကဲ့သို့ နိုင်ငံသားတိုင်း တစ်ဦးချင်းစီ၏ ကြိုးပမ်းမှုသည် မိမိနိုင်ငံ အင်အားတောင့်တင်းပြီး ကြီးပွားတိုးတက်ရေးသာဖြစ်ကြောင်း သတိပြုနိုင်မည်သာဆိုလျှင် အနာဂတ်တွင် "ကမ္ဘာမှာ မြန်မာဟေ့"ဟု ဟစ်ကြွေးနိုင်မည်မှာ မလွဲဧကန်တည်း။

ဆန္ဒဖော်ထုတ်

ရန်ကုန် ဇွန် ၁၉

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ရေပေါ်ကန်ကျေးရွာအုပ်စုတွင် ဇွန် ၁၇ ရက် နံနက် ၇ နာရီ ၁၅ မိနစ်မှစတင်၍ ရေပေါ်ကန်ကျေးရွာနေ ရပ်မိရပ်ဖဦးထိန်ဝင်း ဦးဆောင်ကာ သက်ငယ်မုဒိမ်းမှုနှင့် မုဒိမ်းမှုများပပျောက်ရေးအတွက် ငြိမ်းချမ်းစွာ စုဝေးဆန္ဒဖော်ထုတ်ပွဲကို ရေပေါ်ကန်ကျေးရွာ ရွာလယ်လမ်းမတွင် ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာနေပြည်သူ ၁၀၀ ခန့်ဖြင့် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ပွဲ ပြုလုပ်ခဲ့ပြီး ဆန္ဒဖော်ထုတ်ပွဲတွင် ဦးဆောင်သူ ရပ်မိရပ်ဖဦးထိန်ဝင်းက သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး၊ မုဒိမ်းမှုပပျောက်ရေး၊ ရင်သွေးငယ် မိန်းကလေးများအား ဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မိန်းကလေးများအနေအထိုင်အသွားအလာ ဆင်ခြင် ဂရုစိုက်ရေး စသည့်အချက်များကို ဦးဆောင်ဆွေးနွေးဟောပြောပြီး သက်ငယ်မုဒိမ်းမှု ပပျောက်ရေး၊ မုဒိမ်းမှုမဖြစ်ပွားဖို့ စုပေါင်းထိန်းသိမ်းစို့၊ ရင်သွေးငယ် မိန်းကလေး မိဘတိုင်းက ထိန်းသိမ်းပေး စသည့်ကြွေးကြော်သံ ၁၀ ခု ကို လက်ကိုင်ဆိုင်းဘုတ်ငယ်များဖြင့် ကိုင်ဆောင်ကြွေးကြော်၍ နံနက် ၇ နာရီ မိနစ် ၅၀ တွင် ငြိမ်းချမ်းစွာ စုဝေးဆန္ဒဖော်ထုတ်ကြောင်းသိရသည်။ **ချစ်စရာ(သုံးခွ)**

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းအချက်အလက်နှင့် နည်းပညာဌာနအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်နှင့်စက်ပစ္စည်းများအား ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	အမျိုးအမည်	အရေအတွက်
1	Access Control System (Turn Key Solution)	4 Sets
2	CCTV (Turn Key Solution)	1 Set
3	Fire Alarm, Fire Extinguish, Fire Hose & Smoke Detector (Turn Key Solution)	1 Set
4	Earthing/Lightning System (Turn Key Solution)	1 Set
5	Firewall (Turn Key Solution)	1 No
6	Cat 6 (UTP)	5 Boxes
7	Network Cable and Accessories (Turn Key Solution)	6 Lots
8	Power Cable & Accessories (Turn Key Solution)	4 Lots
9	DC Power Cable and Accessories (Turn Key Solution)	5 Lots
10	Personal Computer	9 Sets
11	KVM for Monitoring and Control Terminal (Turn Key Solution)	9 Sets
12	Monitor (21" , LCD)	5 Nos
13	LCD TV (40")	2 Nos
14	Air Conditioner (2HP) Split Type (Turn Key Solution)	17 Nos
15	Air Conditioner (3HP) Split Type (Turn Key Solution)	1 Nos
16	Air Conditioner (3 Phase 5 Hp) Stand Type (Turn Key Solution)	2 Nos
17	Optical Termination Box	20 Sets
18	Fiber to E1 Multiplexer	20 Sets

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Tech- nical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၂၁-၆-၂၀၁၃ရက်မှ စတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများနောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၄-၇-၂၀၁၃ရက် ၁၆း၀၀နာရီဖြစ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ပြည်ပဆက်သွယ်ရေးအဆောက်အအုံ
ကမ္ဘာအေးဘုရားလမ်း၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၆၅၆၉၃၇၊ ၀၁-၆၅၀၃၅၆

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းအချက်အလက်နှင့်နည်းပညာဌာနအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်နှင့်စက်ပစ္စည်းများအား ပြည်တွင်းငွေဖြင့်ဝယ်ယူလိုပါသည်။

စဉ်	အမျိုးအမည်	အရေအတွက်
1	STM 16 Interface Card (Cisco)	2 Sets
2	STM 4 Interface Card (Cisco)	2 Sets
3	Cisco 4 Port 10 GE Card	10 Sets
4	Cisco 1 Port 10 GE Card	7 Sets
5	Cisco SFP (24) Port GE Card	2 Sets
6	Small Form Factor Pluggable Transceiver (GE)(Cisco)	20 Nos
7	Layer 3 Switch(48 Ports,GE) (Cisco-Turn Key Solution)	1 No
8	Layer 3 Switch(24 Ports,GE) (Cisco-Turn Key Solution)	22 Nos
9	Layer 2 Switch(24 Ports,GE) (Cisco-Turn Key Solution)	25 Nos
10	24 Ports Switch(Unmanagement)	5 Nos
11	8 Ports Switch(Unmanagement)	10 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ ၂၁-၆-၂၀၁၃ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများနောက်ဆုံးထားပေးသွင်းရမည့်ရက်မှ ၄-၇-၂၀၁၃ရက် ၁၆း၀၀ နာရီဖြစ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ပြည်ပဆက်သွယ်ရေးအဆောက်အအုံ
ကမ္ဘာအေးဘုရားလမ်း၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၆၅၆၉၃၇၊ ၀၁-၆၅၀၃၅၆

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံမြို့ အာနန္ဒာမြတ်စွာဘုရားကြီး၏ အရန်စေတီလေးဆူအား ရွှေသင်္ကန်းကပ်လှူပူဇော်ရန်ရှိပါသဖြင့် ချိပ်ပိတ်တင်ဒါ တင်သွင်းလိုသူများသည် (၉'×၉')ပတ်လည်ကြေးပြားတစ်ချပ်ကို နမူနာရွှေချ၍ တင်သွင်းလိုသည့်ဈေးနှုန်းနှင့်အတူ အာနန္ဒာဘုရားဂေါပကအဖွဲ့သို့ ၂၇-၆-၂၀၁၃ ရက် နောက်ဆုံးထား၍ တင်သွင်းရန် ကြော်ငြာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက အာနန္ဒာဘုရားဂေါပကရုံး ဖုန်း-၀၉-၆၅၀၅၀၆၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အာနန္ဒာဘုရားကြီးဂေါပကအဖွဲ့
ပုဂံမြို့

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်းလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း လက်အောက်ရှိ ခဲမဖြူ အဖြိုက်နက် ခွဲခြားသန့်စင်စက်ရုံ(လှိုင်ကော်)အား ပုဂ္ဂလိကနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်ဈေးပြိုင်စနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဇူလိုင် ၉ရက် ၁၆း၀၀နာရီ ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့်အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၉၀နှင့် ၀၆၇-၄၀၉၃၉၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
သတ္တုတွင်းဝန်ကြီးဌာန

လေလံခေါ်ယူခြင်း

၁။ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ နှစ်ရှည်ပင်ပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ၊ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ဘုရားလမ်းသုတေသနနှင့် မျိုးပွားခြံတွင် အောက်ဖော်ပြပါလယ်ယာသုံးစက်ပစ္စည်းများ လေလံတင်ရောင်းရန်ရှိပါသည်။

စဉ်	လေလံပစ်မည့်ပစ္စည်း	အရေအတွက်	အခြေအနေ
၁။	ဖွဲထွန်စက်	၁ စီး	ပြုပြင်မရ
၂။	ဖွဲထွန်စက်	၁ စီး	အင်ဂျင်အစိတ်အပိုင်း(၃)ခု
၃။	ထွေလာတွဲ	၂ စီး	ပြုပြင်မရ
၄။	ကူဘိုတာ၅/၆ရေစုပ်စက်	၁ လုံး	။
၅။	ကူဘိုတာ ၈/၁၀ ရေစုပ်စက်	၄ လုံး	။

လျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁၈-၆-၂၀၁၃ ရက်
လျှောက်လွှာပိတ်မည့်ရက် - ၂၄-၆-၂၀၁၃ ရက်

လေလံပစ်/လျှောက်လွှာရောင်းမည့်နေရာ- ဘုရားလမ်း သုတေသနနှင့် မျိုးပွားခြံ၊ ကျိုက်ထိုမြို့

၂။ လေလံပုံစံနှင့် စည်းကမ်းအသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမှ အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က)	ရုံးသုံးစာရေးကိရိယာပစ္စည်း	၁၃ မျိုး
(ခ)	လျှပ်စစ်ပစ္စည်း	၂၂ မျိုး
(ဂ)	ရေ/သန့်ပစ္စည်း	၁၃ မျိုး
(ဃ)	လုပ်ငန်းသုံးပစ္စည်း	၅ မျိုး

၂။ တင်ဒါပိတ်ရက်နှင့်အချိန်-၁၆-၇-၂၀၁၃ ရက် မွန်းလွဲ ၁း၀၀ နာရီ

၃။ တင်ဒါပုံစံများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် သတင်းစာပါ ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဌာနမှူး ဖုန်း-၀၆၄-၂၄၅၄၆၊ ဌာနခွဲမှူး(စီမံ) ဖုန်း-၀၆၄-၂၄၅၄၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ စမ်းချောင်း အထက (၄) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ဇာနည်မင်းပိုင်၊ ဖျာပုံမြို့၊ အထက (၁)၊ အဋ္ဌမတန်း(A)မှ မောင်သော်ဇင်မင်းပိုင်၊ ဖျာပုံမြို့၊ အလက(၁)၊ပဉ္စမတန်း(A)မှ မလင်းရတီလှိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးစံမင်း ၁၄/ဖပန(နိုင်) ၀၀၁၃၂၁ဖြစ်ပါကြောင်း။

ဦးစံမင်း

ပျောက်ဆုံးကြောင်း

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ)ကျိုက္ကသာမှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းဝင်အမှတ် ၆၉၀၇၊ အဋ္ဌမတန်းမှ မောင်ကြည်သာခန့်(ဘ) ဦးမြင့်နိုင်၏ ကျောင်းထွက်လက်မှတ်နှင့် ကျောင်းပြောင်းရွှေ့အထောက်အထားများမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးအပ်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မောင်ကြည်သာခန့် ဖုန်း-၀၉-၅၅၀၂၅၆၆

e-Pension Card အမြန်ရရှိရေး မျှော်လင့်

နိုင်ငံတော်မှ တာဝန်ရှိသူများ၏ စာနာမှုဖြင့် ပင်စင်စား(အငြိမ်းစား ဝန်ထမ်းများ)၏ သက်ပြည့်ပင်စင်၊ နှစ်ပြည့်ပင်စင်၊ နာမကျန်းပင်စင်၊ လျော်ကြေးပင်စင်၊ အထူးပင်စင်၊ မိသားစုပင်စင်နှင့်လျှော့ပေါ့ပင်စင်များကို ထပ်ဆောင်းတိုးပေးသောကြောင့် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ကြရသည်။ နိုင်ငံတော်ကပေးသည့်ပင်စင်သည် ပြည့်စုံသူများအတွက် မပြောပလောက်သော်လည်း မပြည့်စုံသူ ပင်စင်စားများအတွက် မည်သည့်အရာနှင့်မျှ နှိုင်းပြလို့မရအောင် တန်ဖိုးရှိသည်။ ယခုအခါ ပင်စင်ထုတ်ရာတွင် အခေါက်အခါခါ မလာရအောင်၊ အခက်အခဲ မရှိအောင် တာဝန်ရှိသူများက e- Pension Card များကို စီမံဆောင်ရွက်ပေးသည့်အတွက် အချို့ပင်စင်စားအငြိမ်းစားဝန်ထမ်း များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ သို့သော်လည်း အချို့ မြန်မာ့စီးပွားရေးဘဏ်များတွင် အဆိုပါ ငွေထုတ်ကတ်ရရှိရေးအတွက် အနည်းဆုံး ခြောက်လခန့် စောင့်ရခြင်း၊ ဘဏ်ရှိဝန်ထမ်းများက မကြာခဏ ဘဏ်သို့ချိန်းဆိုခေါ်ယူခြင်း၊ ဘဏ်သို့ ချိန်းသည့်ရက်တွင် ရောက်အောင် သွားပါသော်လည်း ငွေထုတ်ကတ်ကို မရရှိခြင်းများနှင့် ကြုံတွေ့ကာ အဆင်မပြေမှုများရှိနေသည်။ ပင်စင်စား ဝန်ထမ်းဟောင်းတစ်ဦးက "အဘတို့ရွာကနေ အဝေးကြီး လာရတာ၊ ဆိုင်ကယ်ကယ်ရီ လိုင်းကားတွေကို အဆင့်ဆင့်စီးရတာ အချိန်လည်းကုန်၊ ငွေလည်းကုန်ပေါ့။ ရွာမှာလည်း ရွာအလုပ်တွေနဲ့ မအားရပါဘူး။ ဒီငွေထုတ်ကတ်ရရင် တစ်လတစ်ခေါက်ပဲလာပြီး ပင်စင်ထုတ်ရမှာဆိုတော့ အဆင်ပြေတယ်လေ။ ဒါကြောင့် ဒီငွေထုတ်ကတ်ကို အဘတို့ လိုချင်ပါတယ်။ ခဏ ခဏချိန်းလို့လည်း ဘဏ်ကို ခဏ ခဏလာရတယ်။ ဘာတွေလို အပ်သလဲမေးတော့လည်း ဂဃနဏ မေးလို့မရဘူး"ဟု ပြောပြသည်။ ၎င်းပင်စင်စားအဘကပင် "မြန်ချင်တော့လည်း မြန်လိုက်တာကွာ ဘဏ်စာရေးမက စားပွဲအံဆွဲထဲကနေ ချက်ချင်းထုတ်ပေးလိုက်တာဖြင့်"ဟု ပြောကာ တဟားဟား ရယ်နေသည်။

အဆိုပါ ပင်စင်စားအဘကအားရအောင်ရယ်ပြီးမှ "မြန်အောင်ဘယ်လိုလုပ်လိုက်တာလဲဆိုတာ သိချင်လား၊ အဘကတော့ အချို့ပင်စင်လာထုတ်တဲ့သူတွေလို လက်ဖက်ရည်ကော်ဖီ၊ စမူဆာ၊ အီကြာကွေးတို့တော့ မပါပါဘူးကွာ။ မင်းတို့ဌာနရဲ့ အကြီးဆုံးနဲ့တိုင်မယ်လို့ ပြောတော့မှ ချက်ချင်း အဘရဲ့ e -Pension Card ထွက်လာတာမောင်ရေ" ဟု ကိုယ်တွေ့ကြုံရပုံကို ပြောပြလေသည်။

ဦးမောင်(သဲကုန်း)



(၁၀၆)ကြိမ်မြောက်သွေးလျှုဒါန်း

ရန်ကုန် ဇွန် ၁၉

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သဇင်နွယ်လမ်း စိတ္တသုခ ဓာတ်တော်တိုက် အမှတ်(၁)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပဓာနနာယက ဆရာတော် (လူမှုထူးချွန်ပထမဆင့်) ဘဒ္ဒန္တ ဝိစိတ္တာလင်္ကာရသည် ဇွန် ၆ရက်က မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးလှူဘဏ်ခွဲတွင် (၁၀၆)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(၀၄၅)

ဗလငါးတန် ဖွံ့ ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရပ်ကွက်အုပ်ချုပ်ရေးမှူး အစားထိုးရွေးချယ်မှု ကြည့်မြင်တိုင်မြို့နယ်မှ စတင်

ပြည်သူအများ ဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ရွေးချယ်ပွဲကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ကြည့်မြင်တိုင်မြို့နယ်က စံနမူနာပြု စတင်ဆောင်ရွက်ခဲ့သည်။

၂၀၁၂ ခုနှစ် ဩဂုတ် ၁ ရက်က ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ ဝါးရုံဆိပ်အေးရွာအနောက်ရပ်ကွက်၌ ပြုလုပ်ခဲ့သည်ဟုဆိုသည်။ ယခုတစ်ဖန် ရပ်ကွက်အုပ်ချုပ်ရေးမှူး အစားထိုးရွေးချယ်မှုကိုလည်း မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ ကြည့်မြင်တိုင်မြို့နယ်ကပင် စတင်နိုင်မှုအကြောင်း ဖြစ်ပေါ်ခဲ့သည်။

အကြောင်းမှာ ပြီးခဲ့သော ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲ၌ အများစု၏ ဆန္ဒမဲဖြင့် အုပ်ချုပ်ရေးမှူးဖြစ်ခဲ့သော ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက်မှ အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းလှိုင်သည်၂၀၁၃ မေ၃ရက်က ကွယ်လွန်ခဲ့သောကြောင့် ဖြစ်သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူး ကွယ်လွန်ခဲ့သည့်အတွက် ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေစည်းမျဉ်းအရ ရွေးချယ်ပွဲ၌ ဒုတိယအမှတ်အများဆုံးရသူသည် ပုဒ်မ(၇)၊ ပုဒ်မခွဲ(ဆ)အရ ယာယီအုပ်ချုပ်ရေးမှူး တာဝန်ကို ရယူမည်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ အစားထိုးရွေးချယ်မှုကို ပုဒ်မ(၅) (၆) (၇) တို့ပါ ပြဋ္ဌာန်းချက်များအရ ရက်ပေါင်း ၃၀ အတွင်း ဆောင်ရွက်ရမည်ဟု ဖော်ပြပါရှိချက်နှင့်အညီ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို အစားထိုးပြန်လည်ရွေးချယ်ပေးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေးက ရှင်းလင်းပြောကြားခဲ့သည်။ **(အောက်ပုံ)**

ရပ်ကွက်အုပ်ချုပ်ရေးမှူး အစားထိုး ရွေးချယ်မှုကို အဆိုပါရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၄)၌ ဇွန် ၁၆ ရက်က ဆောင်ရွက်ခဲ့ကြသည်။

ပထမပိုင်းအစီအစဉ်အရ နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအတွင်း ဆယ်အိမ်စု ကိုယ်စားလှယ်များကို မဲစနစ်ဖြင့် ရပ်ကွက်ပြည်သူများက မဲပေးခဲ့ကြသည်။ ဒုတိယပိုင်းအစီအစဉ်အရ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲကို ညနေ ၃ နာရီခွဲတွင် စတင်ခဲ့သည်။

ဆယ်အိမ်စု ကိုယ်စားလှယ် ၄၂ ဦးထဲမှပင် ရပ်ကွက်အုပ်ချုပ်ရေးမှူးကို မဲစနစ်ဖြင့် ပြန်လည်ရွေးချယ်ခဲ့ရာ ဦးသိန်းမြင့်က ၂၈ မဲဖြင့် ရွေးချယ်ခံခဲ့ရသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးအစားထိုး ရွေးချယ်ပွဲကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေး (လက်ထောက်ညွှန်ကြားရေးမှူး)နှင့်အထောက်အကူပြု ဝန်ထမ်းများ၊ ရပ်မိရပ်ဖများက ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
မုံရွာတက္ကသိုလ်
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မုံရွာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	လုပ်ငန်းတည်နေရာ	စဉ်	လုပ်ငန်းအမည်
၁။	မုံရွာတက္ကသိုလ်	၁။	ဘွဲ့နှင်းသဘင်အဆောက်အအုံဆောက်လုပ်ခြင်း R.C (ရေ/မီးအပါအဝင်)
		၂။	(၃)ထပ်စာသင်ဆောင်(၅)လုံးဆောက်လုပ်ခြင်း R.C (ရေ/မီးအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၁၄-၆-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၅-၇-၂၀၁၃ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို မုံရွာတက္ကသိုလ်၊ ဘဏ္ဍာဌာနတွင် ငွေပေးသွင်းပြီး ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့်လုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည် ဖြစ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ မုံရွာတက္ကသိုလ်၊ မုံရွာမြို့ဖြစ်ပါသည်။
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၇၁-၂၁၂၆၁ ဘဏ္ဍာဌာနကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
မုံရွာတက္ကသိုလ်

အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် ၉/၁၀တွင် အဆင့်မြင့် အဆောက်အအုံတည်ဆောက်ရန်အတွက် မြန်မာနိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင်များအား အိတ်ပိတ်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၁။ **အဆောက်အအုံအမျိုးအစား** - 8½ Storey RCC Building (4000 Sq/Ft)
၂။ **တင်ဒါပိတ်မည့်ရက်** - ၃၀-၆-၂၀၁၃ ရက်
၃။ **ဆက်သွယ်ရမည့်လိပ်စာ** - အမှတ် ၃၊ ကံဘဲ့လမ်း၊ ရန်ကင်းမြို့နယ်
၄။ **ဆက်သွယ်ရမည့်ဖုန်း** - ၀၁-၅၇၈၉၃၀၊ ၆၆၅၀၆၈၊ ၀၉-၄၃၁၁၇၁၄၉

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

Lighting Specialist Co.,Ltd.

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ ဖားကန့်မြို့၊ အေးမြသာယာရပ်ကွက်၊ မော်မောင်းလယန်ကျေးရွာ၊ အိမ်အမှတ် မလယ-၂၃၈နေ ဦးအိုက်ခင် ၁/ကမန(နိုင်)၀၁၉၄၀၄ ၏ သား မောင်စိုးမိုးသူ ၁/ကမန(နိုင်)၀၃၀၀၁၂အား ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးအိုက်ခင်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက် တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No. 03/HPGE/2013-2014	
(က)	Floor Standing Type 3 HP Air Conditioner	(44)Sets
(ခ)	Split Type Air Conditioner (2HP)	(18)Nos
	Tender No. 04/HPGE/2013-2014	
(က)	ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် Bearing များ	(5)Sets
	Tender No. 05/HPGE/2013-2014	
(က)	သဖန်းဆိပ်စက်ရုံနှင့် တီကျစ်စက်ရုံအတွက် Control Card များ	(15)Nos
	Tender No. 06/HPGE/2013-2014	
(က)	11kV Vacuum Circuit Breakers (without Pannel)	(7)Nos
	Tender No. 07/HPGE/2013-2014	
(က)	တီကျစ်စက်ရုံအတွက် High Pressure heater	(1)Set
	Tender No. 08/HPGE/2013-2014	
(က)	ရုံးချုပ်အတွက် Electrical Testing Equipments များ	(12)Sets
	Tender No. 09/HPGE/2013-2014	
(က)	ဓာတ်အားပေးစက်ရုံများအတွက် စက်ဆီ၊ချောဆီများဝယ်ယူခြင်း	(900)Drums

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဇူလိုင် ၂၃ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် ၃၈၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈နှင့် ၄၁၁၀၇၆

ဖခင်အမည်မှန်

လားရှိုးမြို့၊ရပ်ကွက်(၁၂)၊ နယ်မြေ ၁၅ နေ မောင်ကျွေ့ချီ(ခ)မင်းထက်ဦး ၁၃/လရန(နိုင်)၁၆၇၂၄၅၏ ဖခင်အမည်မှန်မှာ ဦးလောကိုင်(ခ)ဦးကျန်ကွယ်ရှုံး ဖြစ်ပါကြောင်း။

အမည်ဖြည့်စွက်ခေါ်ပါရန်

ကျိုင်းတုံမြို့၊ ရပ်ကွက်(၁)၊ ဟိုနောင်ဆင်ရွာနေ ဦးအားနီ၏သမီး ရူပဗေဒ ဒုတိယနှစ်(ကျိုင်းတုံတက္ကသိုလ်)မှမမီညာ ၁၃/ကတန(နိုင်)၁၃၆၀၄၄အား မမီညာ(ခ)မအားညာဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

မမီညာ(ခ)မအားညာ

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ဦးမောင်မောင်သန်း ၁၄/ဓနဖ(နိုင်)၀၉၆၆၂၅၏ဇနီးဖြစ်သူ ဒေါ်ခင်စန်းလွင် MDYNE-၀၂၁၂၄၃သည် ခွင့်မလွှတ်နိုင်သောအကြောင်းများ အကြိမ်ကြိမ်ပြုလုပ်ပြီး စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

ဦးမောင်မောင်သန်း
၁၄/ဓနဖ(နိုင်)၀၉၆၆၂၅

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ဝွေးချို့ရွာ၊ အထက၊ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသူ မောင်သန်းကိုဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်ပု(ခ)ဦးတောက် ဖြစ်ပါသည်။

ဖခင်အမည်မှန်

ဖားကန့်မြို့ မရှိကထောင် အလက အဌမတန်း(B)မှ မောင်ပိုင်မြတ်ကျော်၏ ဖခင်အမည်မှန်မှာ ဦးရဲလင်းထွန်း ၁/ကမန (နိုင်)၀၀၁၆၁၂ ဖြစ်ပါကြောင်း။

ဦးရဲလင်းထွန်း

အမည်ပြောင်း

လယ်ဝေးမြို့ အမှတ်(၅) ရပ်ကွက်နေ ဦးတင့်ဆွေ၏သား မောင်သက်ထူးနိုင် ၉/လဝန(နိုင်)၂၃၂၁၇၀ အား မောင်သူရရှင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သူရရှင်းသန့်

မိခင်အမည်မှန်

နေပြည်တော် လယ်ဝေးမြို့နယ်၊ အေးလာမြို့၊ အမှတ် ၅၊ အထက၊ နဝမတန်း(A)မှ မောင်ဟိန်းထက်အောင်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်နွယ်ဦး ၉/လဝန(နိုင်)၁၀၄၅၄၅ ဖြစ်ပါကြောင်း။ **ဒေါ်ခင်နွယ်ဦး**

တစ်ဦးတည်းဖြစ်ကြောင်း

ဦးလှငွေ၏သမီး ပခုက္ကူမြို့နယ်၊ အမက(၁၁၆) မူလွန်အနောက်နံဂါတ်ကျောင်းမှ ဒေါ်မာယာ ၈/ပခက(နိုင်)၀၆၉၀၆၇ နှင့် မကျင်နုမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **ဒေါ်မာယာ(ခ)မကျင်နု**

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ် ၁၀၆ အမည်ပေါက် ဦးခင်မောင်ဦး(ခ)ဦးမောင်ဦး ၁၂/ကတန(နိုင်)၀၇၄၇၃၀ ၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်နီးနီးနွယ် ၁၂/လမတ(နိုင်)၀၃၄၈၈၃ က မြေကွက်စလစ်မှုရင်းတင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်တွင်းသတင်းနှင့်မှုခင်း

အဘိုးအိုတစ်ဦး မြို့ပတ်ရထားတွဲပေါ်မှ ပြုတ်ကျသေဆုံး

ရန်ကုန် ဇွန် ၁၉

အသက် ၇၀ အရွယ်ခန့်ဟု ခန့်မှန်းရသူ အမည်မသိ၊ လိပ်စာမသိ၊ အဘိုးအိုတစ်ဦးမြို့ပတ်ရထားအထွက် ခုန်တက်ရာမှ အောက်သို့ပြုတ်ကျပြီး သေဆုံးမှုတစ်ခု ဇွန် ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၉ လမ်းထိပ် ပဲခူးကျောင်းတိုက်ဘေး ရထားသံလမ်းတွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်-အင်းစိန်လက်ျာရစ် သရက်မြို့ပတ်ရထား (အပတ်စဉ်-၆) သည် ပုဇွန်တောင်ဘူတာမှအထွက် ရထားလမ်းမိုင်တိုင်အမှတ် ၀/၁၉ နှင့် ၀/၂၀ အကြားတွင် အဆိုပါ အဘိုးအိုရထားပေါ် ခုန်တက်လိုက်ရာမှ ခြေချော်ပြုတ်ကျပြီး ရထားတွဲနှင့်ပက်လက်အနေအထား ဒရွတ်တိုက်ငြိပါသွားခဲ့သည်ကို ပတ်ဝန်းကျင်လူအများက တွေ့ရသည်ဟုဆိုသည်။ အဆိုပါ ရထားတွဲတွင် လုံခြုံရေးလိုက်ပါလာသူ မီးရထားရဲတပ်ဖွဲ့မှ ဒုတပ်ကြပ်အောင်ရီက ရထားကို ရပ်တန့်စေပြီး တွဲပေါ်မှ ပြုတ်ကျသည့် အဘိုးအိုကို စစ်ဆေးကြည့်ရာ ရထားနှင့်ကြိတ်မိသည့် အနေအထား မတွေ့ရဘဲ ယာဘက်ဦးခေါင်း ဦးဆက်ပြုတ်ပေါက်ပြဲဒဏ်ရာနှင့် ယာဘက်တံတောင်ဆစ်သွေးထွက် ပေါက်ပြဲဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရသည်ဆိုသည်။

အခင်းဖြစ်ပွားရာသို့ တောင်ညွန့်ကြီးရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်အောင်မော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးရထားရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး စုံစမ်းစစ်ဆေးကာ အလောင်းကို ရန်ကုန်ဆေးရုံကြီးသို့ ပို့၍ သေမှုသေခင်းအရ အမှုဖွင့်ထားသည်။ အဘိုးအိုတွင် အနက်ရောင်သားရေကြိုးနှင့် လက်ပတ်နာရီပတ်ထားပြီး အင်္ကျီအိတ်ထဲတွင် ရောရာငွေ ၂၁၉၀ ကျပ်နှင့် ဂက်စ်မီးခြစ်ငယ်တစ်လုံးတွေ့ရှိရသည်။

မြို့ပတ်ရထားတွဲ လုံခြုံရေးလိုက်ပါသူ ဒုတပ်ကြပ်အောင်ရီ၏ ပြောပြချက်အရ အဆိုပါ အဘိုးအိုသည်မြို့ပတ်ရထားများ လိုက်လံစီးနင်းပြီး ဘူတာများတွင် ဆင်းသွားလေ့ရှိသည်ကို မကြာခဏတွေ့မြင်ရပြီး သူငယ်ပြန်နေသည့် စိတ်ဝေဒနာရှင်တစ်ဦးဖြစ်မည်ဟု ခန့်မှန်းရကြောင်း သိရသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

အရှိန်ပြင်းကား လေးစီး ဆင့်တိုက်

ရန်ကုန် ဇွန် ၁၉

အရှိန်ပြင်းစွာ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးက မီးပွိုင့်တွင် မီးနီ၍ ရပ်ထားသော ကားလေးစီးကို တိုက်မိပြီး တစ်စီးသည် အရှိန်ပြင်းစွာ အတိုက်ခံရသောကြောင့် ပက်လက်လန် တိမ်းမှောက်သည့် ယာဉ်တိုက်မှု ဇွန် ၁၈ ရက် ည ၉ နာရီခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဝေဇယန္တာလမ်းနှင့် လေးဒေါင့်ကန်လမ်းဆုံအသင်းတိုက် မီးပွိုင့်တွင် ပါရမီဘက်မှသာကေတဘက်သို့ ယာဉ်မောင်းမင်းညွန့်စိုး (၃၄နှစ်)မောင်းနှင်လာသော ယာဉ်အမှတ် ၄ဃ/. . . . သည် မီးပွိုင့်တွင်မီးနီ၍ ရပ်ထားသော ယာဉ်အမှတ် ၄ဃ/. . . . မီနီချယ်ရီကားကို အရှိန်ပြင်းစွာ တိုက်မိပြီး

အခြားကားအချို့ကိုထပ်မံထိခိုက်မိကာ ပက်လက်အနေအထားရောက်ရှိသွား၍ပြည်သူများက ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရန် ဝိုင်းမ၍ ပြန်ထောင်ပေးခဲ့သည်။ ယာဉ်မောင်းတွင်ဒဏ်ရာအနည်းငယ်ရရှိပြီး အမှုကို ယာဉ်မှုစစ်က အရေးယူထားကြောင်း သိရသည်။ **အုန်းကျော်(တာမွေ)**

အရက်တစ်ခွက်ကြောင့် တစ်ရွာတည်းနေ ညီအစ်ကိုဝမ်းကွဲတစ်စု ဓားခုတ်မှုဖြစ်ရ

ဝါးခယ်မ ဇွန် ၁၉

ဝါးခယ်မမြို့နယ် လေးအိမ်တန်းကျေးရွာ၌ ညီအစ်ကိုဝမ်းကွဲတစ်စု အရက်တစ်ခွက်ကြောင့် ဓားခုတ်မှုဖြစ်ပွားရသည်။ ဖြစ်ပွားပုံမှာ ဇွန် ၁၅ ရက် ည ၇နာရီခန့်က ဝါးခယ်မမြို့နယ် လေးအိမ်တန်းကျေးရွာနေ ဦးညွန့်ဝင်း(၄၀နှစ်)သည် ရွာအထက်ပိုင်းမှနေအိမ်သို့ ပြန်လာစဉ် တစ်ရွာတည်းနေ ညီအစ်ကိုဝမ်းကွဲတော်စပ်သူ ကျော်မောင်မောင် (၂၁နှစ်)က ၎င်း၏ဖခင် ဦးသိန်းဦးအား အရက်တိုက်ရမလားဟုဆိုကာ ဦးညွန့်ဝင်း၏ နေအိမ်သို့ မှိန်းကိုင်၍ ရောက်ရှိလာကာ ညစ်ညမ်းစွာဆဲဆိုသည်။ ထို့ကြောင့် ဦးညွန့်ဝင်းက နေအိမ်ရှိဝါးလုံးပိုင်းဖြင့် ကျော်မောင်မောင်အား သွားရိုက်နှက်ရန် နေအိမ်ပေါ်မှဆင်းလိုက်စဉ် တစ်ရွာတည်းနေကျော်မောင်မောင်၏ဖခင် ဦးသိန်းဦး (၅၈နှစ်)က နေအိမ်ပေါ်ရှိ အရိုးအသွား နှစ်တောင်ခန့်ရှိသော ထင်းခုတ်ဓားမကိုင်ဆင်းလာ၍ အိမ်ရှေ့တာလမ်းမပေါ်ရှိ ဦးညွန့်ဝင်းအား ပြေးခုတ်လိုက်ရာ ဒဏ်ရာတစ်ချက်ရရှိသွားသည်။ ထို့ပြင် ဦးသိန်းဦး၏သားဖြစ်သူ ငထက် (၁၈နှစ်)က ဦးသိန်းဦး၏ လက်ထဲမှ ဓားကိုယူ၍ ဦးညွန့်ဝင်းကိုထပ်မံခုတ်ရာ ဦးညွန့်ဝင်း၏နောက်စေ့ပြတ်ရှ ဒဏ်ရာ တစ်ချက်ရရှိသွားသဖြင့် ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက ဦးညွန့်ဝင်း၏ တိုင်တန်းချက်အရ ငှက်ပျောချောင်းရဲစခန်းက ဦးသိန်းဦးပါ သုံးဦးအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၀၇၇)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

လှည်းကူးမြို့၊ အနောက်မင်းလမ်းနေ ဦးထွန်းလွင်-ဒေါ်စိုးစိုးသန်းတို့၏သား မောင်မင်းမော်ဟိန်း(ဆလ-၂၆၀)နှင့်လှည်းကူးမြို့၊ ရိပ်သာ (၁) လမ်းနေ ဦးညွန့်ဦး-ဒေါ်မော်လီသန်းတို့၏သမီး မမေသန္တာဦး (မြောက်ပိုင်းခရိုင်ကိုယ်စားပြု လူရည်ချွန်ပထမ) (ဆလ-၂၇၁)တို့သည် ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ပါ၍ မိသားစုနှင့်ထပ်တူ အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

မူလတန်းမှ ဒေါ်အေးအေးသန်း၊ အလယ်တန်းပြ၊ အထကမြို့မ၊ လှည်းကူး

ဂုဏ်ယူဝမ်းမြောက်ကြောင်း

မြင်းခြံမြို့၊ အထက(၁)မှ ဦးမင်းဟန်-ဒေါ်မိမိခိုင်တို့၏သား မောင်မင်းထက်ဟန် (မခ-၂၁၅) သည် ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ပါသဖြင့် မိသားစုနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးခင်မောင်၊ ဦးရှိန်၊ ဦးလှမြင့်တင်၊ ဦးခင်မောင်သန်း

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၂၄၉/ခ၊ ဧရိယာ ပေ(၂၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်လျက်ရှိကြသော (၁)ဒေါ်စန်းစန်းမော် ၁၂/ဥကတ(နိုင်)၁၃၃၅၅၀နှင့် (၂)ဒေါ်အိအိချော ၁၃/ကမန(နိုင်)၀၀၀၂၅၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်လတ် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၃၈)
အမှတ်-၅၈(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၉၃၀၆၅၅၀

ဂုဏပူဇာပွဲသဘင်ဖိတ်ကြားခြင်း

၂၀၁၃ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသော **အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ** ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမြို့နယ်၊ ရဲရိပ်သာရပ်ကွက်၊ ဗိုလ်တထောင်ဘုရားဝင်း၊ မွန်ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဖြစ်တော်မူသော ဆရာတော်ဘဒ္ဒန္တကေသရမထေရ်မြတ်အား တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့က ၂၃-၆-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင် ဂုဏဝိသိဋ္ဌပူဇာပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ မွန်ပရိယတ္တိစာသင်တိုက်သို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြည်ညိုကုသိုလ်ပါဝင်ယူနိုင်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဂုဏပူဇော်ပွဲကျင်းပရေးကော်မတီ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
ကျွမ်းကျင်မှုမြှင့်တင်ရေး၊ သင်တန်းနှင့်လက်မှတ်ထုတ်ပေးရေးဌာန
လုပ်ငန်းခွင်ဆောက်လုပ်ရေးအင်ဂျင်နီယာ(အဆောက်အအုံ)
သင်တန်း ၃/၂၀၁၃

သင်တန်းသားခေါ်ယူခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် လုပ်ငန်းခွင်ဝင်ရောက်မည့်အင်ဂျင်နီယာများအတွက် လုပ်ငန်းခွင်ဆောက်လုပ်ရေးအင်ဂျင်နီယာ(အဆောက်အအုံ)သင်တန်းကို အောက်ပါအစီအစဉ်အတိုင်းဖွင့်လှစ်မည်ဖြစ်ပါသည်။ သင်တန်းပြီးဆုံးပါက လုပ်ငန်းခွင်ဆောက်လုပ်ရေးအင်ဂျင်နီယာ(အဆောက်အအုံ)လက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။

သင်တန်းအမည်	-	လုပ်ငန်းခွင်ဆောက်လုပ်ရေးအင်ဂျင်နီယာ (အဆောက်အအုံ)
သင်တန်းကာလ	-	လေးပတ်
သင်ကြားမည့်သင်တန်းသားဦးရေ	-	၅၀ ဦး
သင်တန်းသား၏အရည်အချင်း	-	AGTI, B.Tech,BE(Civil,Archi)
သင်တန်းဖွင့်လှစ်မည့်ရက်	-	၂-၇-၂၀၁၃ ရက်
လျှောက်လွှာပိတ်ရက်	-	၂၉-၆-၂၀၁၃ ရက်

မှတ်ချက် - သင်တန်းတက်ရောက်မည့်သူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင်(Member)များ ဖြစ်ရမည်ဖြစ်ပါသည်။(အသင်းဝင်များမဖြစ်သေးပါက သင်တန်းမတက်ရောက်မီ လျှောက်ထားနိုင်ပါသည်။)

ကျွမ်းကျင်မှုမြှင့်တင်ရေး၊ သင်တန်းနှင့်လက်မှတ်ထုတ်ပေးရေးဌာန
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၁၉၆၇၃~၆(လိုင်းခွဲ ၁၁၂)၊ ဖက်စ်-၉၅-၁-၅၁၉၆၈၁၊
E-mail:mes.stcc@gmail.com

☎:01-512443, 09-73017656
ပွဲကျော်အုပ်
ရွှေတို ပေါ်ဆန်းမွှေး - Ks 38000
ဗုဒ္ဓဆီမီး ပေါ်ဆန်းမွှေး - Ks 33000
မျှော်ပုံ ပေါ်ဆန်းမွှေး - Ks 30000

အမည်ပြောင်း

ဦးမင်းသန်းထွန်းလေး၏သား မော်လမြိုင်မြို့၊ အထက(၉) ဒုတိယတန်း(A)နေ မောင်ရဲမာန်အောင်အား မင်းရဲမာန်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ရန်ကုန်မြို့၊ စိတ်ကျန်းမာရေးဆေးရုံကြီး
နှစ်ပတ်လည်ပျော်ပွဲရှင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်
အခမ်းအနားဖိတ်ကြားလွှာ

စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)၏ နှစ်ပတ်လည်အခမ်းအနားနှင့် နိဗ္ဗာန်ဈေးပွဲတော်အခမ်းအနားကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်၍ ကြွရောက်ချီးမြှင့်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်	-	၂၇-၆-၂၀၁၃ရက်(ကြာသပတေးနေ့)
ကျင်းပမည့်အချိန်	-	နံနက် ၁၀ နာရီ
ကျင်းပမည့်နေရာ	-	အပန်းဖြေခန်းမဆောင်၊ စိတ်ကျန်းမာရေးဆေးရုံကြီး

(နိဗ္ဗာန်ဈေးဖွင့်လှစ်လိုသူအလှူရှင်များ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးနိုင်ပါသည်။)

ဆေးရုံအုပ်ကြီး-ဖုန်း-၀၉-၄၅၀၀၃၃၅၀၆
ဒုတိယဆေးရုံအုပ်-ဖုန်း-၀၉-၅၁၅၀၃၄၃
သူနာပြုအုပ်-ဖုန်း-၀၉-၇၃၁၄၁၄၀

ကျင်းပရေးကော်မတီ
စိတ်ကျန်းမာရေးဆေးရုံကြီး
ရန်ကုန်တိုင်းဒေသကြီး

ဖိတ်ခေါ်ပါသည်

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့က နှစ်လတစ်ကြိမ်ထုတ်ဝေမည့် ရှေ့ဆောင်အွန်လိုင်း မဂ္ဂဇင်းတွင် ဖော်ပြမည့် ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ ရသစာတမ်း၊ ဟာသနှင့် ဝတ္ထုတိုစာမူများကို အမြန်လိုအပ်လျက်ရှိပါသည်။ စာမူများမှာ ကလောင်နာမည်၊ အမည်ရင်းနှင့် ဆက်သွယ်ရန်လိပ်စာတို့ပါရှိသော စာမူများဖြစ်ရန် လိုပါသည်။

မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့သည် အင်တာနက်အွန်လိုင်းပေါ်မှတစ်ဆင့် ရေဒီယိုအစီအစဉ်ဖြင့် မသန်စွမ်းမှုဆိုင်ရာ အတွေးအမြင်များပါဝင်သော ဆောင်းပါးများ၊ ဇာတ်လမ်းတိုများကို မန္တလေး FM၊ ပဉ္စဝတီ FM၊ FM ပုဂံနှင့် မြန်မာ့အသံ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိပါသည်။ ၂၄နာရီ ရေဒီယိုနားဆင်နိုင်ရန် အထက်ပါ ရေဒီယိုအစီအစဉ်များတွင် အသုံးပြုနိုင်မည့် ဆောင်းပါး၊ ဝတ္ထုတိုများကို အောက်ပါလိပ်စာနှင့် E-mail များသို့ ပေးပို့နိုင်ပါသည်။

လိပ်စာ - ရှေ့ဆောင် On Line မဂ္ဂဇင်း
အမှတ်(၁၆)ဘီ၊ရေတွင်း ကြီးလမ်းသွယ်၊သာယာအေးလမ်း၊ ရဲရန်အောင်မှတ်တိုင်အနီး၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
E-mail. milimegazine@gmail.com
milionlineradio@gmail.com
ဖုန်း ၀၉-၄၅၀၀၆၇၂၄၇၊ ၀၉-၄၂၀၁၅၃၇၅၉

ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ကျန်းမာရေးအသိပညာပေးဟောပြော

ရမည်းသင်း ဇွန် ၁၉

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူး

ကျင်းပသော ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၄ရက် မွန်းလွဲ ၁နာရီက ရမည်းသင်းမြို့ သင်ပန်းကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရမည်းသင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းကျန်းမာရေးဌာနမှ ဒေါက်တာထက်နုဝေ၊ ဒေါက်တာချိုချိုမာ၊ ဒေါက်တာနီနီဝင်းတို့မှ တီဘီရောဂါ၊ သွားနှင့် ခံတွင်းသန့်ရှင်းရေး၊ သွေးလွန်တုပ်ကွေးကာကွယ်ရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သန့်လေးသန့် အကြောင်း ဟောပြောသည်။ ထို့နောက် ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းက HIV-AIDS နှင့် သားဆက်ခြားခြင်း၊ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ရန် ပြုလုပ်ဆောင်ရွက်ရမည့် အစီအစဉ်များကို အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ယင်းနောက် ရမည်းသင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ သင်ပန်းကုန်းကျေးရွာ မူလတန်းကျောင်း အုတ်တံတိုင်းပြုလုပ်ရန် အလှူငွေကျပ်သုံးသိန်း၊ ကျောင်းသား ကျောင်းသူများအတွက် ရေသန့်ဘူးများနှင့် ကျောင်းသုံးစာအုပ်၊ ခဲတံ စာရေးကိရိယာများကို ဥက္ကဋ္ဌဒေါ်ထားထားဝင်းနှင့် အဖွဲ့ဝင်များမှ ကျောင်းအကျိုးတော်ဆောင်၊ ကျောင်းအုပ်ဆရာမကြီးတို့ထံ ပေးအပ်လှူဒါန်းသည်။ **(ဝဲပုံ)**

သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် အများပြည်သူ ဆောင်ရွက်နိုင်ရန် ခြင်ထောင် ဆေးစိမ်ခြင်းကို အများပြည်သူ သဘောပေါက်အောင် သရုပ်ပြသပေးခဲ့ပြီး၊ သင်ပန်းကုန်းကျေးရွာအတွင်း သောက်သုံးရေကန်၊ ရေစင်များကို အဘိတ်ဆေးခတ်ခြင်းကိုလည်း ဆောင်ရွက်ခဲ့သည်။

လှိုင်သန်းတင့် (ရမည်းသင်း)

ဇွန် ၁၆ရက်က ရန်ကုန်ဘက်မှ တာမွေဘက်သို့ မောင်းနှင်လာသော တက္ကစီ ၅ဃ/---- ငှားစီးလာသူ ခရီးသည်မှ ယုဇနပလာဇာရှေ့တွင် နောက်ကားအားမကြည့်ဘဲ တံခါးဖွင့်ရာမှ မှတ်တိုင်ဝင်ရန် ရောက်ရှိလာသည့် ရွှေညော်သည်-၁ ယာဉ်လိုင်းအမှတ် ၂၃၄၊ ယာဉ်အမှတ် ၇ခ/----မှ တံခါးအား ချိတ်မိစဉ်။ အုန်းကျော်(တာမွေ)

ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေး နည်းစနစ်နည်းပြနှင့် ဒိုင်သင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၉

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၁၃ခုနှစ် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေး နည်းစနစ် နည်းပြနှင့် ဒိုင်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၇ရက် နံနက် ၈နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်း အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တာဝန်ခံနာယကများ၊ နာယကအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် ဒေါ်အယ်လ်ခွန်းရီက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ သင်တန်းသူ ၄၅ဦး၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနနှင့် အမှတ် ၁၊ ၂၊ ၃ အခြေခံပညာဦးစီးဌာနတို့မှ သင်တန်းသူ ၁၇ဦး စုစုပေါင်း ၆၂ဦး တက်ရောက်ကြပြီး သင်တန်းကို ဇွန် ၁၇ရက်မှ ၂၄ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

ဒသမမြောက် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်
အရှင်သုန္ဒရ၏ မွေးနေ့မင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၂ရပ်ကွက်၊ ရတနာလမ်း၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဒသမမြောက် တိပိဋကရေ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်သုန္ဒရ၏ သက်တော်(၅၈)နှစ်ပြည့် မွေးနေ့မင်္ဂလာကို ၁၃၇၅ခုနှစ် နယုန်လပြည့်နေ့ (၂၃-၆-၂၀၁၃ရက်) တနင်္ဂနွေနေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုနိုင်ရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသောစေတနာရှင်များ ဖုန်း-၀၉-၅၅၀၀၄၂၉သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အဖွဲ့
စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်
၁၆/၂ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်

အမည်ပြောင်း

အလက(၁)၊ ဖျာပုံ၊ တတိယတန်း(ခ)မှ မောင်လင်းသူအား ယနေ့မှစ၍ မောင်သန့်ဇင်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

မောင်သန့်ဇင်ဖြိုး

ဖခင်အမည်မှန်

သံတွဲမြို့နယ်၊ အလက(ခွဲ)၊ ခမောင်းတုန်း၊ အဌမတန်းမှ မအေးအိလှိုင်၏ ဖခင်အမည်မှန်မှာ ဦးသန်းညွန့် ၁၁/သတန(နိုင်) ၀၅၅၈၃၈ ဖြစ်ပါကြောင်း။

ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၆-၂၀၁၃ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၁၈)ပါ ကန့်ကွက်နိုင်ပါသည် ရှေ့နေ ဒေါ်စန္ဒာမိုး ကြော်ငြာတွင် မြေတိုင်းရပ်ကွက်အမှတ်(၁၀)အစား မြေတိုင်းရပ်ကွက်အမှတ်(ဆ)နှင့် ဦးအောင်ကိုမြင့် ၁၂/မရက(နိုင်)၀၉၉၀၀၄ အစား ဦးအောင်ကိုမြင့် ၁၂/ဥကတ(နိုင်)၁၃၅၆၈၂ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၄-၂၀၁၃ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(ဃ)တွင် ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀၊ မြေကွက်အမှတ် (၉၂၁/က)အား (၉၁၂/က)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မဏိစန္ဒာ

အမျိုးသမီးအပ်ချုပ်သင်တန်း
ဘာသာစုံ စနစ်တကျ တစ်ဦးချင်းစီ အတတ်သင်ပေးသည်။

၁။ (က) ဘလောက်ဒီဇိုင်း ၂၀၀+ကုတ်ပုံဆန်း အမျိုးမျိုး (ခ) မြန်မာအင်္ကျီခါးတို
(ဂ) ကလေးဝတ်စုံ (ဃ) ရှပ်+ဂျာကင်+ဘောင်းဘီ (င) စကတ်အမျိုးမျိုး၊ ဘောင်းဘီအမျိုးမျိုး
၂။ အိမ်အရောက်သင်တန်း၊ သီးသန့်သင်တန်း၊ ညနေသင်တန်း၊ တနင်္ဂနွေသင်တန်း
၃။ စက်ကြီး ပန်းထိုး + စက်သေး + လက်ရေးပန်းချီသင်တန်း၊ Handmade၊ စီးကွင်၊ ကျောက်အလှဆင်၊ ကွန်ပျူတာပန်းထိုး
၄။ အိမ်တွင်း အသင့်ချုပ်နိုင်ရန် ညှပ်ပြီး ပုံဆန်းအမျိုးမျိုး ဝယ်ယူနိုင်ပါသည်။
၅။ ရပ်ဝေးသူများအတွက် နေရေး၊ စားရေး စီစဉ်ပေးသည်။
- ဆိုင်အမှတ်၁။ အမှတ်(၆၅)၊ အနော်ရထာလမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ရန်ကုန်မြို့။
- ဆိုင်အမှတ် ၂။ အမှတ်(၁၀၄/၁၁၂)အနော်ရထာလမ်း၊ ၃၇လမ်းနှင့်၃၈လမ်းကြား၊
ဖုန်း - ၃၈၈၂၃၃၊ ၃၇၅၀၀၄၊ ၀၉၅၀၀၇၆၅၀၊ ၀၉၇၃၂၄၀၀၂၄

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၃၊မြေကွက်အမှတ် ၃၆၁/ခ၊ မြေကွက်တည်နေရာအမှတ် ၃၆၁/ခ၊ ပြည်သာယာလမ်း၊ ၁၆/၃ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဒေါ်ခင်ဝင်း ၁၂/သဃက(နိုင်)၀၂၄၈၇၉၊ ဦးထွန်းမြင့် ၁၂/သဃက(နိုင်)၀၂၄၀၇၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ဝင်း(မိခင်)နှင့် ဦးထွန်းမြင့်(ဖခင်)တို့ကွယ်လွန်သဖြင့်(၁)ဦးမျိုးအောင် ၁၂/သဃက(နိုင်)၀၂၄၈၈၀၊ (၂) ဦးမျိုးမင်း ၁၂/သဃက(နိုင်)၀၂၄၀၇၄၊ (၃) ဦးကျော်နိုင် ၁၂/သဃက(နိုင်)၀၀၁၀၇၇တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅၊ မြေကွက်အမှတ် ၃၃၁၊ မြေကွက်တည်နေရာအမှတ် ၃၃၁၊ ငွေပုလဲလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြောက် ဦးစောထွန်း၀ ၁၂/မရက(နိုင်)၀၆၀၀၈၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးစောထွန်း၀ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၄၀၃/၀၂ (၂-၉-၀၂)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဦးကြည်လွင် ၁၂/ဒဂရ(နိုင်)၀၁၀၂၀၈က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကလေးနာမည်ပေး
ကွန်ပျူတာပုရောဟိတ်

တြိစက္ကဇာတာစစ်ပြီးဟောစာတမ်း(၃၄)မျက်နှာ ကလေးနာမည်(၁၅၀)ကျော် 0931079394
095179128 0931300995
၂၂၀(ပ)ထပ်၃၇လမ်း(ထက်)ရန်ကုန်

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မြတ်ဖြိုးအောင် ၇/ပခန(နိုင်)၂၉၀၃၀၂၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၇၇၄၆၁

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်
ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေး

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်၊ Myanmar Seamen's Federation(MSF)၏ ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်ဝင်များ တက်ရောက်ကြပါရန်နှင့် မိမိတို့၏ အဖွဲ့ဝင်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးသို့ တက်ရောက်မည့်သူများအနေဖြင့် ဖိတ်စာများကို ၁၈-၆-၂၀၁၃ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ်ရုံးတွင် လာရောက်ထုတ်ယူနိုင်ပါသည်။ MOSA အဖွဲ့ဝင်များနှင့် MSF အဖွဲ့ဝင်အသစ်များအနေဖြင့် အဆိုပါနေ့တွင် MSF အဖွဲ့ဝင်ကတ်ပြားအသစ်များ ထုတ်ယူနိုင်ကြောင်း အသိပေးအပ်ပါသည်။

အခမ်းအနားအစီအစဉ်

ရက်စွဲ။ ။ ၂၀၁၃ ခုနှစ် ဇွန် ၂၂ ရက် (စနေနေ့)
အချိန်။ ။ နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီ
နေရာ။ ။ **ချာထရီယမ်ဟိုတယ်**
အမှတ် ၄၀၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
မှတ်ချက်။ ။ အကျွေးအမွေးဖြင့် တည်ခင်းဧည့်ခံပါမည်။
နံနက် ၈း၃၀နာရီအရောက် ကြွရောက်ပါရန်

သင်္ဘောသားများနေ့(Day Of The Seafarer)အခမ်းအနားကျင်းပခြင်း

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် MSF နှင့် မြန်မာနိုင်ငံရှိ ရေကြောင်းဘက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ သင်္ဘောသားများနေ့ Day Of The Seafarer အထိမ်းအမှတ်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သင်္ဘောသားမိသားစုများအားလုံးအား ပျော်ရွှင်စွာလာရောက် ဆင်နွှဲကြပါရန် ဖိတ်ကြားအပ်ပါသည်။

အထိမ်းအမှတ်ပွဲနေ့တွင် ကြွရောက်လာသည့် သင်္ဘောသားမိသားစုများအား ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်မည်ဖြစ်ပြီး အကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံပါမည်။

အခမ်းအနားအစီအစဉ်

ရက်စွဲ။ ။ ၂၀၁၃ခုနှစ် ဇွန် ၂၉ရက် (စနေနေ့)
အချိန်။ ။ နံနက် ၉း၀၀နာရီမှ ၁၄း၀၀နာရီ
နေရာ။ ။ Lion City Restaurant
အမှတ် F/S-9၊ ရွှေမာလာရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊
မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်(အရှေ့)

တက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်ရုံးတည်ရှိရာ အမှတ် ၅၃၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၃၇၅၈၂၀၊ ၀၁-၃၉၂၀၇၆၊ ၀၉-၇၃၀၅၀၆၀၁၊ ၀၉-၇၃၀၅၀၆၀၂တို့သို့ အချိန်မီ ကြိုတင်ဆက်သွယ်၍ အမည်စာရင်းပေးပို့ပါရန်။

အခမ်းအနားကျင်းပရေးဦးစီးကော်မတီ

လူမှုရေးစီးပွားရေးကြော်ငြာ

ဗုဒ္ဓဂယာမြေမြတ်မဟာ၌ သာသနာရောင်ဝါထွန်းလင်းစေဖို့ သာသနိကအဆောက်အအုံ လှူကြစို့

ဘုရားအဆူဆူတို့ ပွင့်ထွန်းတော်မူရာ မဇ္ဈိမဒေသဖြစ်သော ဗုဒ္ဓဂယာမြေမြတ်မဟာတွင် အိန္ဒိယနိုင်ငံ၊ကိုးလ်ကတ္တားမြို့ ဗောဓိသုခပရဟိတ မြန်မာကျောင်းဆရာတော် ဒေါက်တာနန္ဒောဘာသ အရှင်မြတ်ဦးဆောင်၍ မြန်မာနိုင်ငံနှင့်နိုင်ငံတကာတို့မှ အလှူရှင်ဒါယကာ၊ဒါယိကာမအပေါင်းတို့၏ထက်သန်သောစေတနာသဒ္ဓါတရားတို့ဖြင့်စုပေါင်း၍ (၃၂၄၀၀)စတုရန်းပေအကျယ်အဝန်းရှိသောမြေကိုသာသနာ့ဝတ္တကမြေအဖြစ်အောင်မြင်စွာဝယ်ယူထားပြီးဖြစ်ပါသည်။

(၇. ၁၂. ၂၀၁၂)သောကြာနေ့တွင်မြေသန့်မင်္ဂလာအခမ်းအနားကိုပရဒေသီသံဃဥက္ကဋ္ဌ၊ဗုဒ္ဓဂယာမြန်မာကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ဉာဏိန္ဒ မထေရ်မြတ်ဦးစီးပြုလုပ်ပေးပြီးပြည်တွင်းပြည်ပသာသနာ့ပြုကမ္ဘာကျော်ဓမ္မကထိက၊သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိချုပ်၊ဗုဒ္ဓဂယာမဟာဗောဓိမြန်မာကျောင်းတိုက်ကြီး၏ဩဝါဒစရိယဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ မထေရ်မြတ်(သီတဂူဆရာတော်)ဘုရားကြီးမှသာသနာ့ဝတ္တကမြေရေစက်ချအခမ်းအနားကိုပြုလုပ်ပေးပြီးအနုမောဒနာတရားတော်များဟောကြားပေးသောကြောင့်မြေသန့်မင်္ဂလာနှင့်မြေရေစက်ချအခမ်းအနားတို့ကိုအောင်မြင်စွာပြုလုပ်နိုင်ခဲ့ပြီးဖြစ်ပါသည်။

၂၀၁၃ခုနှစ်၊ဧပြီလတွင်ဝယ်ယူပြီးဖြစ်သောအဆိုပါမြေကွက်ကြီးပေါ်တွင်ပထမဦးဆုံးသော ဗောဓိရုက္ခမူလ(၅)ထပ်ကျောင်းဆောင်တော်ကြီးဆောက်လုပ်ရန်မြေညီထပ်မှငါးထပ်အထိစုစုပေါင်း(၃၁၅၀၀)စတုရန်းပေရှိမည်ဖြစ်ပါသည်။

စေတနာရှင် ဒါယကာ၊ဒါယိကာမများအနေဖြင့်ကျောင်းအဆောက်အအုံ တစ်စတုရန်း (၁)ပေလျှင်မြန်မာငွေ (၂၂၀၀၀) ကျပ်ဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်ကိုအကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလှူခံဌာနများ

၁။ ဆရာတော် ဒေါက်တာနန္ဒောဘာသ (M.A.,Ph.D)
VisitingProfessor(New Age International University.USA)
မဟာဗောဓိပရဟိတမြန်မာကျောင်း (ဗုဒ္ဓဂယာ၌ ယခုဆောက်လုပ်ဆဲယာယီကျောင်း)ဗုဒ္ဓဂယာ၊ ဂယာမြို့၊ဗီဟာပြည်နယ်၊ အိန္ဒိယနိုင်င၊ ဖုန်း-၀၀၉၁-၉၈၃၀၀၅၃၉၅၇
,Email-ndbatha@gmail.com, web-www.bmission.net; www.bmission.blogspot.com.

၂။ ဆရာတော်ဒေါက်တာနန္ဒောဘာသကိုယ်စားဆရာတော် ဦးဉာဏဝရဘိဝံသ ပရိယတ္တိသာသနာဟိတဓရဂုဏဂိသိဋ္ဌမဟာဂန္ထဝါစကပဏ္ဍိတသ.စ.သ.အ-ဓမ္မာစရိယ၊မာတ်မီး(ဓမ္မဝါစက)ကျောင်း၊ ဗိုလ်တထောင်ဘု ရားကြီးတိုက်ဗိုလ်တထောင်ဘုရားဝင်း ရန်ကုန်။ ဖုန်း- ၀၁- ၂၉၁၈၆၅၊၀၉-၅၀၂၄၆၅၃။

၃။ ဆရာတော်ဒေါက်တာနန္ဒောဘာသကိုယ်စားဆရာတော် ဦးနန္ဒဂံသ (ဓမ္မဝါစက) ခါတ်မီးကျောင်း။ ဖုန်း-၀၉-၄၉၂၈၀၉၀၆၊၀၉-၄၃၁၆၆၄၅၀၊

၄။ ဒေါ်သီတာ-မဇ္ဈိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူးပို့ ဆောင်ရေးအဖွဲ့ (မင်္ဂလာတောင်ညွန့်မြို့နယ်)
ရန်ကုန်-ဖုန်း-၀၁-၂၉၆၄၄၆၊ ၀၁၃၉၄၈၈၉၊ ၀၉၅၀၁၃၅၂၂။
မန္တလေး-ဖုန်း-၀၉-၄၂၀၁၀၉၉၄၊ ၀၉-၄၂၅၀၂၈၁၀၂။

၅။ ဒေါ်တင်တင်ကြည်-ခင်နန္ဒာအပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း
ရန်ကုန် ဖုန်း-၀၁-၆၅၅၅၂၀၊ ၀၉-၅၀၄၂၄၃၉။
မန္တလေး ဖုန်း-၀၂-၇၅၄၂၇၊ ၀၉-၄၄၄၀၁၂၀၂၆။

၆။ ဒေါ်ကြည်ကြည်မြင့်-ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့။
ရန်ကုန် ဖုန်း-၀၁-၅၁၈၀၉၆၊ ၀၉-၅၁၈၈၃၇၆။
မန္တလေး ဖုန်း-၀၂-၇၃၆၇၇၊ ၀၉-၄၃၀၇၀၂၉၄။

၇။ မေသူမောင်- ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့။ (ကမာရွတ်)
ဖုန်း-၀၉-၅၁၉၂၄၄၈၊၀၉-၇၃၂၄၁၆၈၇၊၀၉-၅၀၁၂၄၇၀။

၈။ သမားတော် ဦးဘိုကြီး(အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ) ဒေါ်သန်းသန်း(သီရိသုဓမ္မသီဂီ)ပြည်လုံးချမ်းသာဆေးတိုက် (ဗဟန်း) ဖုန်း-၀၉-၅၄၁၇၅၃၅၊ ၀၁-၅၄၉၀၄၃။

၉။ ဦးအောင်သန်း(တာမွေ) ဖုန်း-၀၁-၅၅၇၆၄၉၊ ၀၉-၄၃၀၂၄၀၈၃။
၁၀။ ဒေါ်ခင်ခင်ဦး (တာမွေ) ဖုန်း-၀၉-၅၀၈၂၄၈၉။
၁၁။ ကိုရဲထွဋ်စိုး၊ဒေါ်မြမြစိုး (ရန်ကင်း) ဖုန်း-၀၉-၅၀၂၆၅၆၇။
၁၂။ ဒေါ်မာမာချို (လှိုင်) ဖုန်း-၀၁-၅၂၁၀၄၈။
၁၃။ ဦးတင်ဦး-ဒေါ်ခင်အေးမူ(ပန်းလှိုင်အိမ်ရာ-စမ်းချောင်း) ဖုန်း-၀၉-၈၆၃၄၁၆၇၊ ၀၉-၅၁၆၆၅၇၈။
၁၄။ ဦးသန်းအောင်(အောင်ကားအလှနှင့်ကားအပိုပစ္စည်းဆိုင်) (ကျွန်တောလမ်း၊စမ်းချောင်း) ဖုန်း-၀၉-၅၀၂၀၂၆၄
၁၅။ ဝင်းသီတာအောင် ကားအလှဆင်ပစ္စည်းနှင့် မော်တော်ယာဉ်အပိုပစ္စည်းဆိုင်(ဘုရင့်နောင်ဈေးကြီး၊ရန်ကုန်မြို့) ဖုန်း-၀၉-၇၃၁၀၇၄၆၆
၁၅။ ဦးတိုး (ပဲခူး) ဖုန်း-၀၉-၅၃၀၀၆၉၇။
၁၆။ ဦးစိုးမြင့် (မန္တလေး) ဖုန်း-၀၂-၆၆၉၁၂။
၁၇။ ဦးအောင်ကြည်လှိုင် (မန္တလေး) ဖုန်း-၀၉-၂၀၆၀၉၃၅။
၁၈။ ကိုနေဇော်လင်း (မန္တလေး) ဖုန်း-၀၉-၆၅၀၄၄၃၅။
၁၉။ ဒေါ်ကြည်မြ (မန္တလေး) ဖုန်း-၀၂-၆၁၆၈၆။
၂၀။ ကိုနေဝင်းမောင် (မန္တလေး) ဖုန်း-၀၉-၆၄၆၃၁၀၄။
၂၁။ ဒေါက်တာဝင်းအောင်(ဒု-ညွှန်ကြားရေးမှူး)(ငြိမ်း)(မန္တလေး) (နန်းတော် သက်နံးတိုက်) ဖုန်း-၀၉-၂၀၀၁၃၅၊ ၀၂-၇၈၇၇၁။
၂၂။ ဒေါ်ခင်သန်းညွန့်(မိုးမခစတိုး) (မိတ္ထီလာ) ဖုန်း-၀၆၄-၃၅၀၈၃။
၂၃။ ဒေါ်နွဲ့နွဲ့ဝင်း (မုံရွာ) ဖုန်း-၀၉-၅၁၉၈၀၇၅။
၂၄။ ဒေါ်သန်းစိန် (ဦးငြိမ်းနှင့်သားများစက်နှင့်စက်ပစ္စည်းရောင်းဝယ်ရေး) (မုံရွာ) ဖုန်း-၀၇၁-၂၁၄၁၃။
၂၅။ ကိုရှ့မောင် (မြင်းခြံ) ဖုန်း-၀၉-၂၂၁၆၂၂၀။
၂၆။ ဒေါ်လှလေး (အောင်လံ) ဖုန်း-၀၉-၅၃၃၀၇၆၉။
၂၇။ ဒေါ်မြင့်မြင့်ဆွေ (ပြည်) ဖုန်း-၀၅၃-၂၄၂၀၈။
၂၈။ ဦးကျော်မြင့်-ဒေါ်ရီရီမြင့် (ပခုက္ကူ) ဖုန်း-၀၆၂-၂၁၂၄၃။
၂၉။ ဦးကျော်မိုး-ဒေါ်သန်းသန်းဆွေ (ပခုက္ကူ) ဖုန်း-၀၉-၂၃၀၁၃၃၀။
၃၀။ ဦးစံကုလား-ဒေါ်မိုးမိုး(ကျောက်ပန်းတောင်း) ဖုန်း-၀၆၁-၅၀၇၃၀။
၃၁။ ကိုညီညီလွင်(ပိတောက်ဂါ လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး) (ပြင်ဦးလွင်) ဖုန်း-၀၉-၂၀၄၅၅၁၁။
၃၂။ ဒေါ်စိုးစိုးနိုင်(စာပန်းအိမ်)(ပြင်ဦးလွင်) ဖုန်း-၀၉-၄၇၁၂၉၅၉၇။
၃၃။ ဦးဇော်ထွန်း-ဒေါ်မိုးမိုးနှင်း(နေပြည်တော်) ဖုန်း-၀၉-၄၃၀၃၇၂၉၃။
၃၄။ ဒေါ်အေးမာလာလွင် (နေပြည်တော်) ဖုန်း-၀၉-၄၉၂၉၉၆၅။
၃၅။ ဦးမောင်အိုက် (မူဆယ်) ဖုန်း-၀၉-၅၂၃၀၇၇၃။
၃၆။ မနန်းထွေးခမ်း (မူဆယ်) ဖုန်း-၀၉-၄၀၃၇၁၂၆၇၅၊၀၈၂-၅၂၈၁၁
၃၇။ ဦးဝင်းလွင်(ရွှေသံလွင် ဓည့်ရိပ်မွန်)(ပုသိမ်) ဖုန်း-၀၄၂-၂၂၉၅၄။
၃၈။ ဒေါ်မြထွေး (ပုသိမ်) ဖုန်း-၀၉-၄၉၇၁၆၆၀၈။
၃၉။ မခင်သိန်းဌေး(ခ)မငယ်(စိန်ဆေးဆိုင်)(မော်လမြိုင်) ဖုန်း-၀၉-၈၇၀၁၆၈၂၊ ၀၅၇-၂၄၃၆၈၊ ၀၅၇-၂၆၁၆၆၊လိုင်းခွဲ ၁၁၅၁။
၄၀။ ဦးဂျာနူး+ဒေါ်ဥမ္မာမောင်(ဂျာနူးဆေးဆိုင်)M.O.M(ကချင်ပြည်နယ်၊မိုးကောင်းမြို့နယ်) ဖုန်း-၀၉-၄၇၀၂၄၆၂၅၊၀၇၄-၄၀၅၂၂
၄၁။ ဦးစငွေသွင် အမှတ်(၇)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး(ဘားအံ) ဖုန်း-၀၉-၄၂၅၀၅၀၉၉
၄၂။ ဒေါ်စန်းစန်းမြင့်(သန့်စင်စတိုး)(အင်းစိန်) ဖုန်း-၀၁-၆၄၂၅၅၂။

မြေအလှူရေစက်ချအနုမောဒနာတရားပွဲတွင်သီတဂူဆရာတော်ဘုရားကြီးဟောကြားတော်မူခဲ့သောသာသနာတော်တွင်ကျောင်းများဖြစ်ပေါ်လာရခြင်းအကြောင်းများ တရားတော်အခွေကိုမဇ္ဈိမဂုဏ် ဗုဒ္ဓဂယာဘုရားဖူးပို့ ဆောင်ရေးအဖွဲ့ မှဓမ္မဒါနလှူဒါန်းမည်ဖြစ်ပါသောကြောင့်အလှူခံဌာနများတွင်ရယူပူဇော်နိုင်ပါသည်။

ပျောက်ဆုံး

ကျွန်တော်အောင်သူဝင်း၏ သဘော်သား လက်မှတ် 4 ticket ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၅၈၁၆၃၈

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် ၁၈၂၉ အမည်ပေါက်ဦးစံမွန် မှတ်ပုံတင်အမှတ်(ပြုလုပ်ဆဲ)၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်နန်းခမ်းဦး ၇/ပခန(နိုင်)၁၇၉၉၀၁မှ မြေကွက်စလစ်(မူရင်း)တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၄၊မြေကွက်အမှတ် ၁၂၃၊ မြေကွက်တည်နေရာအမှတ် ၁၈၈၊ (၁)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ ကမာရွတ်မြို့နယ်ရှိ မြေကွက်အား အမှတ်(၁)ရပ်ကွက်၊ ဂရန်ပေးရေးစီမံချက်မှ(ကျန်ရှိသော) ငယ်စာရင်းအမည်ပေါက် ဦးစန်းမောင်၊ ဒေါ်ရွှေမြိုင်(ကွယ်လွန်)သဖြင့် ဒေါ်ရွှေမြိုင်(ကွယ်လွန်)၏ သမီးများဖြစ်သော (၁) ဒေါ်သောင်းသောင်းမြင့်(ခ)ဒေါ်သန်းသန်း ၁၂/ကမရ(နိုင်)၀၂၁၇၃၅၊ (၂) ဒေါ်လှရွှေ ၁၂/ကမရ(နိုင်)၀၂၁၇၃၆၊ (၃) ဒေါ်ခင်ဝင်းဆင့် ၁၂/ကမရ(နိုင်)၀၂၀၈၆၂၊ (၄) ဒေါ်စမ်းစမ်းမိုး ၁၂/ကမရ(နိုင်)၀၃၈၁၃၁၊ (၅) ဒေါ်ငွေငွေဝင်း ၁၂/ကမရ(နိုင်)၀၂၁၇၇၉နှင့် ဦးစန်းမောင် ၁၂/ကမရ(နိုင်)၀၃၅၉၀၅တို့ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့သူ ဦးညီညီသန်း ၁၂/လမန(နိုင်)၁၀၆၈၁၆က နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၂၀)
သဃ်္ဃန်းကျွန်းမြို့နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၆

ဒေါ်ခင်ဝါဝါအောင် **နှင့်** ၁။ ဦးနာမဒါး
အမှတ် ၂၃၊ ဇမ္ဗူရစ်လမ်း၊
ဗိုလ်ကံညွန့်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်
၂။ ဦးအောင်ထွန်း
၃။ ဒေါ်ခင်အုန်းမြင့် } အတူနေ
အမှတ် ၆၊ ၁၆၅လမ်း၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

တရားလို **တရားပြိုင်များ**

အထက်အမည်ပါ တရားပြိုင်များ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ် တရားလိုက (၇-၃-၁၉၈၁)ရက်စွဲပါ အိမ်နှင့်မြေအရောင်းအဝယ်ကတိစာချုပ်ပါ ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၅ရက် (၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ထို့ပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇွန် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သန်းလွင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)၊ သဃ်္ဃန်းကျွန်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(ထ/၂၃၃+ထ/၂၃၄+ထ/၂၃၅)၊ စုစုပေါင်းဧရိယာ ၀ဒသမ ၃၄၅ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၁ ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ်-ထ/၂၃၃၊ ၂၃၄၊ ၂၃၅ ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စန်းစန်းအောင် ၁၂/လမန(နိုင်)၀၂၆၉၀၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဈေးငွေအစိတ်အပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်အပေါ်တွင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလိမ္မော် (LL.B)
ADVOCATE-4314
အမှတ်(၄၆/ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

ဦးဇော်မြင့် B.A (Korean) Y.U.F.L

ကိုယ်တိုင်ဦးစီးသင်ကြားသော

"ကိုရီးယားဘာသာ" အထူးသီးသန့်သင်တန်းကျောင်း

E.P.S TOPIK ဖြေဆိုမည့်သူများအတွက် အခြေခံတန်းခွဲသစ်များ ဖွင့်လှစ်နေပါသည်။ (၂၅-၆-၂၀၁၃)စမည်။
(အလုပ်ချိန်ပြင်ပ သင်တန်းများလည်း ဖွင့်လှစ်ပါမည်။)

အမှတ်(၆၈)၊အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊၀၉-၄၃၀၉၇၅၁၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်(နောက်)ရပ်ကွက်၊ (၈၉)လမ်း၊ တိုက်အမှတ်(၄၆)၊ ၅-လွှာ၊ (၂၄'×၅၀')အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင်ယင်းတိုက်ခန်း၌ဆက်စပ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးအောင်ကျော်စိုး (၇/တငန(နိုင်)၀၉၂၄၈၄)ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအောင်နိုင်ဦး (စဉ် - ၄၂၇၂)	ဦးမျိုးညွန့် (စဉ် - ၅၁၄၂)	ဦးယဉ်မင်းထက် (စဉ် - ၂၉၈၃၂)
LL.B	LL.B,D.B.L	LL.B,C.B.L,B.A(BusinessLaw)
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
ဒေါ်ဆွေဇင်သော် (စဉ် - ၂၆၀၃၈)		ဒေါ်နန်းထက်ထက်ဇော် (စဉ် - ၃၃၅၂၆)
LL.B,LL.M,M.Res,Ph.D(Thesis)		LL.B,D.B.L,D.I.L
အထက်တန်းရှေ့နေ		အထက်တန်းရှေ့နေ

" စိုင်းခွန်နောင် " ကုမ္ပဏီ (အိမ်၊ ခြံ၊ မြေ) နှင့်ဥပဒေအကြံပေးလုပ်ငန်း
အမှတ်(၁)၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ရုံး(ချုပ်)ဖုန်း - ၅၄၁၅၀၁၊ ၅၅၁၁၉၇၊ ၄၀၀၇၈၁၊ ၀၉ ၅၁၇၇၉၅၃၊ ၀၉ ၇၃၁၀၄၂၀၀၊
ရုံး(ခွဲ) ဖုန်း - ၂၉၅၇၂၄၊ ၀၉ ၇၃၀၅၆၆၅၁၊ ၀၉ ၇၃၀၂၉၆၉၆၊ ၀၉ ၄၂၅၀၁၈၆၀၈

Aiming For Success

edexcel
Approved Centre No. 93711

MYANMAR NOBLE COLLEGE

UK , Singapore , Malaysia, Australia နိုင်ငံများတွင် ဘာသာရပ်အလိုက် B.Sc(Hons)/B.E ဘွဲ့ယူလိုသူများ အတွက် ....

HND Engineering
- Construction & The Built Environment (Civil Engineering)
- Electrical & Electroncis
- Mechanical

HND Business

HND Computing (IT)

18 June,2013 တွင် စတင်ဖွင့်လှစ်မည်။

Apply Now !! 09 - 73163975 / 01-220476
အမှတ်(၁၀၈)၊ နှင်းဆီလမ်း(အထက်)၊အလုံမြို့နယ်၊ရန်ကုန်မြို့။
www.myanmarnoblecollege.com

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး/တောင်၊ မြေကွက်အမှတ် ၆၅/ခ၊ မြေကွက်တည်နေရာအမှတ် ၆၅/ခ၊ သံသုမာလမ်း၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ် ၁။ ဒေါ်အေးမေ၊ ၂။ ဒေါ်ခင်ရွှေ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အေးမေကွယ်လွန်သဖြင့် ဒေါ်ခင်ရွှေ ၁၂/သဃက(နိုင်)၀၉၆၃၀၇က ပိုင်ဆိုင်ကြောင်းစာချုပ် ၂၃၉၆/ ၁၁-၆-၁၂နှင့်ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

စီးပွားရေးကြော်ငြာ

ဦးလှမြင့်+ဒေါ်လှလှသန်း တို့၏

စိန်ဒေါင်း ရုပ်ပါစတိုး

ပျဉ်းမနားမြို့

(၁၅ – ၆ – ၂၀၁၃) ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းအတွက် ဝမ်းမြောက်စွာဖြင့် ချီးကျူးဂုဏ်ယူပါကြောင်းနှင့် ဆတက်ထမ်းပိုး အောင်မြင်တိုးတက်ပါစေကြောင်း ဆုတောင်းမင်္ဂလာပြုအပ်ပါသည်။

ဒေါက်တာဦးမင်းကျော် (မန္တလေးအထွေထွေရောဂါကုဆေးရုံ၊ ပျဉ်းမနားမြို့။)
ဦးမြင့်အောင် (ဇောတိက ဆီစက်၊ ပွဲရုံလုပ်ငန်း၊ ပျဉ်းမနားမြို့။)
ဦးမြင့်စိုး (ပင်မြင့်၊ ရုပ်ပါ စားသောက်ဆိုင်နှင့်စတိုး၊ ပျဉ်းမနားမြို့။)
ဦးလင်းခိုင်(နန်းတော်ဝင်ရွှေဆိုင်၊ အောက်ဆီဂျင်နှင့် ဂက်စ်အိုးရောင်းဝယ်ရေး၊ ပျဉ်းမနားမြို့။)
ဦးစိုင်းပုန်းတင့် (သစ်တောဦးစီးဌာန၊ ပျဉ်းမနားမြို့။)
ဦးအောင်သန်း (သလ္လာဝတီ အထွေထွေရောင်းဝယ်ရေး)၊ ပျဉ်းမနားမြို့။)
ဦးသိန်းဝင်း (ပန်းနုရောင် ဓာတ်မြေဩဇာနှင့်စိုက်ပျိုးရေးဆေးဆိုင်)၊ ပျဉ်းမနားမြို့။)
ဒေါ်မြင့်မြင့်ကြည်(ကောင်းလိုက်ရွှေရတနာဆိုင်)၊ ပျဉ်းမနားမြို့။)
ဦးအောင်ချို (ရုပ်ပါစတား မုန့်၊ အလူမီနီယံနှင့်နီဗွာန်ကုန်ဆိုင်)၊ ပျဉ်းမနားမြို့။)
ဦးမြဟန် (မြရတနာသစ် – ပိသားစု၊ ပျဉ်းမနားမြို့။)

စောမွန်လှ နဂါးကိုးကောင် ကုသိုလ်ဖြစ်ဆေးပေးခန်းကြီး ပြီးမြောက်အောင်မြင်ရေးနှိုးဆော်လွှာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်၊ မန္တလေး-ပြင်ဦးလွင်ကားလမ်းနံဘေးရှိ စောမွန်လှ သစ္စာဓိဋ္ဌာန်အောင်ဆုတောင်းပြည့် မြတဘက် နဂါးကိုးကောင်ဘုရား စောမွန်လှ ပေါ်တော်မူဘုန်းတော်ကြီးသင်ပရဟိတကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိသော ဆရာတော်၊ သံဃာတော်၊ ရှင်သာမဏေ၊ သီလရှင်၊ ယောဂီ၊ ကျောင်းသား၊ ကျောင်းသူ ၈၅၀ကျော်နှင့် ကျောင်းပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အို အများပြည်သူများအတွက် နဂါးကိုးကောင်ဆေးပေးခန်းကြီးကို အလျား၁၀၈ပေ၊ အနံပေ၄၀ အာစီကွန်ကရစ်သုံးထပ်ဆောက်လုပ်လျက်ရှိပါသည်။ ဆေးပေးခန်းကြီး ပြီးမြောက်အောင်မြင်ရေးအတွက် အလှူရှင်များ လိုအပ်လျက်ရှိရာ ၁၂ ပေပတ်လည် တစ်ခန်းလျှင် ကျပ်သိန်း ၂၀နှုန်းဖြင့် မိမိတို့တက်နိုင်သလောက်ဖြစ်စေ၊ မိမိတို့စေတနာရှိသလောက်ဖြစ်စေ အစ်မတော် စောမွန်လှ၊ မြနန်းနွယ်နှင့် နဂါးမယ်တော်ကြီးတို့၏ ပဋ္ဌာန်းဆက်ကုသိုလ်ရှင်များမှ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၀၂၅၂၇၅၅၊ ၀၉-၄၀၃၇၀၆၈၆၀၊ ၀၉-၄၃၀၇၂၉၁၀

USA တွင်ကျောင်းတက်ရန် စဉ်းစားနေပါသလား?

USA အဆင့်မြင့်ကောလိပ်များတွင် ကျောင်းစရိတ် တစ်နှစ် မြန်မာငွေကျပ် သိန်းငါးဆယ်ခန့်ဖြင့် UK, Australia တို့ထက် သက်သာစွာ ပညာသင်ကြားနိုင်ပါသည်။

USA ၏ အကောင်းဆုံး College and University များတွင် IELTS, TOEFL, SAT မလိုအပ်ဘဲ စရိတ်သက်သာစွာဖြင့် နိုင်ငံတကာတွင်အလုပ်အကိုင်အခွင့်အလမ်းကောင်းသောဘာသာရပ်များကို မိမိစိတ်တိုင်းကျ ရွေးချယ် တက်ရောက်နိုင်ပါသည်။ ပညာသင်ဆုအခွင့်အလမ်းများလည်း ရှိသောကြောင့် မည်သူမဆို အခမဲ့လာရောက်ဆွေးနွေးနိုင်ပါသည်။

AcademicTelesis Call Us: 01- 527168, 09 - 420087726

No. (73), 2nd Floor, corner of Ma Po St and Myaynigone Zay St, Sanchaung Tsp:, Yangon.

www.academictelesis.com

KMD

Since 1986

Quality Management System ISO 9001:2008 လက်မှတ်ရ

9001:2008 Cert. No. 683180

LCCI Accounting (Level I + II,III)

- စီးပွားရေးလုပ်ငန်းများတွင် စာရင်းထိန်းသိမ်းထားနိုင်ရန် နှင့် အရှုံးအမြတ်၊ အရောင်းအဝယ်စာရင်းများကို လအလိုက်၊ နှစ်အလိုက်ရေးဆွဲနိုင်မည်။
- ဆရာဦးသန့်ဇော်ဦး BE(Textile) Pass with credit,DA (LCCI,UK) ကိုယ်တိုင်ဦးစီးသင်ကြားပါမည်။
- သင်တန်းပြီးဆုံးပါက KMD မှပေးအပ်သော Certificate ကိုရရှိပါမည်။
